အမှတ်စဉ်(၂၇)

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# ဓမ္မဗျူဟာ သင်တန်းသားများ

၏

# အမေးကို ဖြေဆိုခြင်း

ဓမ္မဒါနကုသိုလ်ရှင်

နတ်လှူသာခု ဒေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉-၅၁၄၆၀၉၅

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော်(၁၂) ရက်နေ့၊ (၂၁-၂-၂၀၀၉) ပထမနေ့၊ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း (ကြားတောရလမ်း၊ ဗဟန်း)တွင် ပြုလုပ်အပ်သော "**အဘိဓမ္မာဆိုင်ရာ ဗဟုသုတနှင့် အမေးအဖြေများ**" အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ မှ ပြန်လည်ဖြေကြားရှင်းလင်းသည်။

# ဓမ္မဗျူဟာသင်တန်းသားများ၏အမေးကို ဖြေဆိုခြင်း
## (ပထမပိုင်း)

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင် တရားတော်တွေထဲမှာ ဓမ္မပဥှာ ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်တဲ့ သုတ္တန်တွေ တော်တော်များများ ရှိပါတယ်။ အဲဒီလိုမေးတဲ့အခါမှာ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မေးတဲ့ပုဂ္ဂိုလ်တွေရဲ့(intention) ရည်ရွယ်ချက်(၅)မျိုးရှိတယ်။ အဲဒီရည်ရွယ်ချက်(၅)မျိုးကို ပုစ္ဆာ(၅)မျိုး၊ မေးခွန်း(၅)မျိုးလို့လည်း သုံးနှုန်းဖော်ပြတယ်။

(၁) **အဒိဋ္ဌဇောတနာ** = **အဒိဋ္ဌ** ဆိုတာ အဖြေကို ကိုယ်မသိလို့ သိချင်လို့မေးတဲ့ဟာမျိုးပေါ့။ **အဒိဋ္ဌဇောတနာ**–ကိုယ်မသိတာကို ဖော်ပြတာ။ ဒါလေးဖြင့် မရှင်းဘူး၊ ဒါလေး သိချင်တယ်။ အဲဒါ **အဒိဋ္ဌဇောတနာ** ပုစ္ဆာ။ မသိလို့မေးတဲ့ မေးခွန်းပေါ့။ မသိတာကို သိချင်လို့မေးတဲ့ မေးခွန်း။

(၂) **ဒိဋ္ဌသံသန္ဒနာ** = **ဒိဋ္ဌ**ဆိုတာ ကိုယ်သိပြီးမြင်ပြီး အကြောင်းအရာကို၊ **သံသန္ဒနာ**ဆိုတာ သူများနဲ့ တိုက်ဆိုင်ကြည့်ချင်တာ။ ငါသိထားတဲ့အသိနဲ့ သူသိထားတဲ့ အသိ ကိုက်ညီမှုရှိရဲ့လား၊ ငါသိထားတာ မှန်ရဲ့လားလို့ တိုက်ဆိုင်နှီးနှောကြည့်ချင်တဲ့ ရည်ရွယ်ချက်နဲ့မေးတာ ကျတော့ **ဒိဋ္ဌသံသန္ဒနာ**။ **သံသန္ဒနာ** ဆိုတာ နှီးနှော တိုက်ဆိုင်တယ်လို့ အဓိပ္ပာယ်ရတယ်။

(၃) **ဝိမတိစ္ဆေဒနာ** = **ဝိမတိ**ဆိုတာ မဆုံးဖြတ်နိုင်ဘူး၊ သံသယဖြစ်တယ်။ ဆေဒနာဆိုတာ ဖြတ်တောက် ဖယ်ရှားတာ၊ ကိုယ့်စိတ်ထဲမှာ သံသယဖြစ်နေတယ်။ ဟုတ်သလား၊ မဟုတ်ဘူးလား မဝေခွဲနိုင်ဘူး။ မဝေခွဲ နိုင်ဘူးဆိုတာ ကိုယ်မသိတဲ့အရာနဲ့ မတူဘူးပေါ့။

သိသလိုလို မသိသလိုလို၊ ဒါက မှန်သလား၊ ဒါက မှားသလားလို့ မဝေခွဲနိုင်တဲ့ဟာမျိုး သံသယကို **ဝိမတိ**လို့ ခေါ်တယ်။ **ဝိစိကိစ္ဆာ**ဆိုတာနဲ့ အတူတူပဲ။ အဲဒါကို ဖယ်ရှားလိုလို့ မေးတဲ့မေးခွန်းကို **ဝိမတိစ္ဆေဒနာ** မေးခွန်းလို့ခေါ်တယ်။

(၄) **အနုမတိပုစ္ဆာ** = **အနုမတိ** ဆိုတာ အခြားပုဂ္ဂိုလ်ရဲ့ ထင်မြင်ချက်ကို သိချင်လို့မေးတာ။ သူများကို စူးစမ်းချင်လို့မေးတာ။ အမေးခံရတဲ့ပုဂ္ဂိုလ်ရဲ့ သဘောထားကို သိချင်လို့မေးတဲ့မေးခွန်း။ **အနုမတိ** ဆိုတာ သူတစ်ပါးရဲ့ထင်မြင်ယူဆချက်၊ အဲဒါကိုသိချင်လို့မေးတဲ့ မေးခွန်းက **အနုမတိပုစ္ဆာ**။ အခြားသူတစ်ယောက် သိသည့်အားလျော်စွာ ဖြေနိုင်အောင်မေးတဲ့ မေးခွန်းမျိုးပေါ့။

(၅) **ကထေတုကမျတာပုစ္ဆာ** = **ကထေတု**ဆိုတာ **ကထေတုံ**–အဖြေပေးချင်လို့ အဖြေပေးရန်၊ **ကမျတာ**– လိုချင်တယ်။ ဆိုလိုတာက "**ကထေတုကမျတာ**"ဆိုတာ အဖြေပေးချင်လို့ မေးတဲ့မေးခွန်း။ ကျမ်းဂန်တွေမှာ အဲဒီလို မေးခွန်း(၅)မျိုးရှိတယ်။

**အဒိဋ္ဌဇောတနာ** ဆိုတာ ကိုယ်မသိလို့ ကိုယ်မသိကြောင်း ဖော်ပြပြီး မေးတဲ့မေးခွန်းမျိုး။ **ဒိဋ္ဌ သံသန္ဒနာ** ဆိုတာက ကိုယ်သိပြီးသား အကြောင်းအရာကို သူများနဲ့ တိုက်ဆိုင်ကြည့်ချင်လို့ မေးတဲ့မေးခွန်းမျိုး။ **ဝိမတိစ္ဆေဒနာ** ဆိုတာ သံသယရှိလို့ သံသယကို ဖယ်ရှားလိုလို့ မေးတဲ့မေးခွန်းမျိုး။ အဲဒီမေးခွန်းသုံးမျိုးက မြတ်စွာဘုရားရှင်တွေမှာ ဘယ်တော့မှမရှိဘူး။ ဘယ်တော့မှ မမေးဘူးပေါ့။ မြတ်စွာဘုရားက မသိတာဆိုတာလည်း မရှိဘူး၊ သိပြီးသားကိုလည်း သူများနဲ့တိုက်ဆိုင်ကြည့်နေဖို့လည်း အားနည်းချက်မရှိဘူး။ သံသယ ဆိုတာလည်း လုံးဝမရှိဘူး။ ဒါကြောင့် ဒီမေးခွန်းသုံးမျိုးက မြတ်စွာဘုရားတွေနဲ့ မသက်ဆိုင်ဘူး။ ဒါပေမယ့် မြတ်စွာဘုရားကလည်း မေးခွန်းတွေမေးတယ်။ နောက်ဆုံး မေးခွန်းနှစ်မျိုးထဲက တစ်မျိုးမျိုးကို မြတ်စွာဘုရားက မေးလေ့ရှိတယ်။ **အနုမတိပုစ္ဆာ**ဆိုတာ တရားကိုနာယူတဲ့ ပုဂ္ဂိုလ်တွေရဲ့ အလိုဆန္ဒ၊ အသိဉာဏ်ကို စမ်းသပ်လိုလို့ မေးတာမျိုး။ ဥပမာအားဖြင့် အနတ္တလက္ခဏာသုတ်ထဲမှာ '**ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ** -ရဟန်းတို့၊

ရုပ်တရားဟာ နိစ္စလား၊ အနိစ္စလား’ ဆိုတာ ဒါ ရဟန်းတွေရဲ့ အသိဉာဏ်ကိုမေးတဲ့ သဘောမျိုးပဲ။ ရဟန်းတွေရဲ့ အလိုဆန္ဒအားလျော်စွာ ရှင်းလင်းအောင်မေးတဲ့ မေးခွန်းမျိုး။ **ကထေတုကမျတာပုစ္ဆာ**ကို မြတ်စွာဘုရားတွေ မေးလေ့ရှိတယ်။ အဖြေပေးချင်လို့မေးတဲ့ မေးခွန်းမျိုး။ ဗမာစကားမှာလည်း ပြောလေ့ရှိတယ်လေ။ ‘ဒါ ဘာလဲဆိုတော့ ...’ ဆိုတာမျိုး။ မေးခွန်းမေးလိုက်တာ။ သူ့ဘာသာ အဖြေပေးမှာလေ။ ‘ဒါ ဘာကြောင့်လဲလို့ဆိုလျှင်...’ ကိုယ့်ဘာသာအဖြေပေးဖို့မေးတဲ့ မေးခွန်းမျိုး။ အဲဒီမေးခွန်းမျိုးကို **ကထေတုကမျတာပုစ္ဆာ** လို့ခေါ်တယ်။ အဘိဓမ္မာကျမ်း ဓမ္မသင်္ဂဏီပါဠိတော်မှာ **‘ကတ မေ ဓမ္မာ ကုသလာ’** မြတ်စွာဘုရားက မေးခွန်းထုတ်လိုက်တယ်။ ‘အဘယ်တရားတွေဟာ ကုသိုလ်လဲ၊ ကုသိုလ်ဆိုတာ ဘယ်တရားတွေလဲ’ လို့ ပထမမေးခွန်းထုတ်ပြီး၊ ပြီးမှ အဖြေပေးတယ်။ **‘ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ’** ဆိုပြီး ဖြေသွားတာ။ ကိုယ်တော်တိုင်ဖြေဖို့ မေးတဲ့မေးခွန်းမျိုးဖြစ်တယ်။

အဲဒီတော့ ဗုဒ္ဓမြတ်စွာရဲ့ တရားဒေသနာတော်တွေထဲမှာ ဟောဒီမေးခွန်းနဲ့ ပတ်သက်တာတွေ အများကြီးရှိတာပေါ့။ အထူးသဖြင့် အရှင်သာရိပုတ္တရာနဲ့ အရှင်ကောဏ္ဍကတို့ရဲ့ အမေးအဖြေခန်းတွေ အများကြီးရှိတယ်။ ဘုန်းကြီးတို့ စုဆောင်းလိုက်မယ်ဆိုရင် ရနိုင်တယ်။ ဘုန်းကြီး တစ်ခါတလေတော့ စိတ်ကူးမိတယ်။ အဲဒါကို '**ဓမ္မပဥှာ**' ဆိုပြီး မေးခွန်းတွေနဲ့ အဖြေတွေကို စုပြီးတော့ စာအုပ်တစ်အုပ် ရိုက်လိုက်မယ်ဆိုရင် **မိလိန္ဒပဥှာ** ကျမ်းကြီးလောက် ကြီးလာနိုင်တယ်ပေါ့။ ဗုဒ္ဓမြတ်စွာဟောတဲ့ တရားတော်တွေထဲမှာ "**ဝေဒလ္လ**" ဆိုတာရှိတယ်။ **ဝေဒလ္လ** ဆိုတဲ့အဓိပ္ပာယ်က မေးခွန်းမေးတဲ့ပုဂ္ဂိုလ်က ကျေနပ်ပြီးတော့ ထပ်ထပ်မေးတယ်။ မေးခွန်းမေးလိုက်၊ အဖြေရတော့ စိတ်ထဲကကျေနပ်ပြီး နောက်မေးခွန်းတစ်ခု ထပ်မေးလိုက်နဲ့။ အဲဒီလို အမေးအဖြေသုတ္တန်တွေကို **ဝေဒလ္လ** လို့ခေါ်တယ်။ တခြားသုတ္တန်တွေမှာလည်း အမေးအဖြေတွေ မြောက်များစွာရှိတယ်ပေါ့။ မေးခွန်းနဲ့ပတ်သက်ပြီးတော့ အဖြေဆိုတာလာရမယ်။ သို့သော် မေးခွန်းတိုင်း ဖြေရမှာလား

ဆိုတော့ မဟုတ်ဘူး။ မေးခွန်းပုစ္ဆာကို အဖြေပေးရမယ့် ပုစ္ဆာအမျိုးအစား၊ မဖြေဘဲထားရတဲ့ ပုစ္ဆာအမျိုးအစား ဆိုပြီး ထပ်ပြီးခွဲတာ ရှိသေးတယ်။

(၁) **ဧကံသဗျာကရဏီယ** = ခုနကပြောတဲ့မေးခွန်း မျိုးတွေ မေးလာတယ်။ တချို့မေးခွန်းတွေက ဒါ ဟုတ်လား၊ မဟုတ်ဘူးလားဆိုလျှင် ဟုတ်တယ်(သို့မဟုတ်) မဟုတ်ဘူးလို့ပဲ တထစ်ချဖြေရတဲ့ မေးခွန်းမျိုး။ အဲဒါ မျိုးလည်းရှိတယ်။ အင်္ဂလိပ်လိုတော့ Yes, No Question ပေါ့။ ဒါဟုတ်သလားမေးရင် ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင်မဟုတ်ဘူး၊ ဟုတ်တယ်(သို့မဟုတ်) မဟုတ်ဘူး တစ်ခုခုကို ရွေးချယ်ပြီးဖြေတာ။ အဲဒါ ဧကံသဗျာကရဏီယတဲ့။ မေးခွန်းအလိုက် ဖြေရတာမျိုးရှိတယ်။ ဆိုပါစို့၊ 'မင်း နံနက်စာစားပြီးပြီလား' ဆိုလျှင် စားပြီး လျှင် 'စားပြီးပြီ'လို့ပဲ ဖြေရမှာပေါ့။ မစားရသေးလျှင် 'မစားရသေးဘူး' ဒါပဲ။ **ဧကံသဗျာကရဏီယ** ဆိုတာ တထစ်ချ ဖြေဆိုရတဲ့ မေးခွန်းမျိုးပဲ။ သူ့အမေးနဲ့ သူ့ အဖြေ ကိုက်အောင်ဖြေရမယ်။

(၂) ဝိဘဇ္ဇဗျာကရဏီယ = ဆိုပါစို့။ ခုနက ဧကံသဗျာကရဏီယဆိုတာ 'ရုပ်ဟာမမြဲဘူးလား'လို့မေးလျှင် 'ရုပ်ဟာမမြဲဘူး'။ ဒါ တထစ်ချဖြေရမယ်။ 'ဟုတ်တယ်၊ ရုပ်ဆိုတာ မမြဲဘူး'။ ရုပ်တိုင်းဟာမမြဲဘူး။ ဒါတထစ်ချဖြေလို့ရတယ်။ ဒါ **ဧကံသဗျာကရဏီယပုစ္ဆာ**ခေါ်တယ်။ **ဝိဘဇ္ဇဗျာကရဏီယ** ကျတော့ အဲဒီလိုမဟုတ်ဘူး၊ ခွဲပြီးဖြေရမယ်။ မခွဲဘဲ လုံးပြီးဖြေလို့မဘူး။ Yes, No နဲ့ ဖြေလို့မရဘူးလို့ ဆိုလိုတယ်။ ဆိုပါစို့၊ ဒါဖြင့် 'မမြဲတဲ့ သဘောတရားဟာ ရုပ်လား' လို့မေးတယ်။ မမြဲတာဟာ ရုပ်တင်မကဘူးလေ၊ ဝေဒနာလည်းမမြဲဘူး၊ သညာလည်း မမြဲဘူး၊ သင်္ခါရလည်းမမြဲဘူး၊ ဝိညာဏ်လည်း မမြဲဘူး။ အဲဒီလို ခွဲခြားပြီးဖြေဆိုရမယ့် မေးခွန်းမျိုးကို **ဝိဘဇ္ဇဗျာကရဏီယပဉှာ**လို့ ခေါ်တယ်။

(၃) **ပဋိပုစ္ဆာဗျာကရဏီယ** = နောက်တစ်ခုက မေးခွန်းကို ကြည့်ပြီးတော့ တချို့မေးခွန်းကျတော့ Counter Question လို့ခေါ်တယ်။ မေးလာသူကို ပြန်မေးရတယ်။ မေးလာသူကို ပြန်မေးပြီးမှ ဖြေလို့ရတယ်။ ဆိုပါတော့၊ သူ့မေးခွန်းက ယေဘုယျဆန်သောမေးခွန်း

မျိုး ဖြစ်နေတယ်။ အဲဒီလို ယေဘုယျမေးခွန်းဆိုလျှင် ဘာကိုဆိုလိုတာလဲ ဆိုတာကို ပြန်မေးရမယ်။ အဲဒီလို မမေးဘူးဆိုလျှင် အဖြေပေးလျှင် မှားသွားမယ်။ ပြန်ပြီးတော့ ဒါကို မေးကိုမေးရမယ်။ ဘာကိုပြောချင်တာလဲ၊ ဘာကိုဆိုလိုချင်တာလဲ ဆိုတာကို သိတော့မှ သူ့ရဲ့ ဆိုလိုရင်းအာဘော်ကိုသိမှ ပြန်ဖြေရတယ်။ အဲဒါက **ပဋိပုစ္ဆာဗျာကရဏီယ** လို့ ခေါ်တယ်။ ပြန်ပြီးတော့ မေးခွန်းထုတ်ပြီးမှ ဖြေရတယ်။ ဘာဖြစ်လို့တုန်း၊ သူ မေးတဲ့ မေးခွန်းကြီးက ယေဘုယျဖြစ်ပြီး ကျယ်ပြန့် လွန်းအား ကြီးနေတယ်ပေါ့။ အဲဒါကျတော့ ဘာကို ရည်ရွယ်တာလဲဆိုတဲ့ **သန္ဓာယဘာသိတ** ကို ပြန်ပြီး တော့ မေးရတယ်။ မေးပြီးတော့မှ ဖြေရတယ်။ ဒါက **ပဋိပုစ္ဆာဗျာကရဏီယ** လို့ခေါ်တယ်။

(၄) **ဌပနီယဗျာကရဏီယ** ။ မဖြေဘဲ ထားရတဲ့ မေးခွန်းမျိုး။ မဖြေရတဲ့ မေးခွန်းဆိုတာ မဖြေနိုင်လို့ မဖြေတာမဟုတ်ဘူး။ အဖြေမထွက်တဲ့ မေးခွန်းလို့ ပြောတာ။ ဘုရားကိုယ်တိုင် အဖြေမပေးခဲ့တဲ့ မေးခွန်း ဆယ်မျိုးရှိတယ်ပေါ့။ အတ္တဝါဒနဲ့ ပတ်သက်တဲ့မေးခွန်း

တွေ ဘုရားကိုယ်တိုင် အဖြေမပေးခဲ့ဘူး။ အဲဒါတွေကို အဗျာကတ လို့ခေါ်တယ်။ Unanswered Question အဖြေမပေးတဲ့ မေးခွန်းတွေ။ 'သတ္တဝါသေပြီးလျှင် ဖြစ်သေးသလား'၊ 'သတ္တဝါ သေပြီးလျှင် မဖြစ်တော့ဘူးလား'၊ 'တချို့ဖြစ်၊ တချို့မဖြစ်ဘူးလား'၊ 'ဖြစ်တာလည်းရှိ၊ မဖြစ်တာလည်းရှိသလား' စသည်ဖြင့် 'ဖြစ်ကိုမဖြစ်ဘူး၊ လုံးဝမဖြစ်ဘူးလား' စတဲ့ မေးခွန်းတွေနဲ့ပတ်သက်လာလျှင် မြတ်စွာဘုရားက လုံးဝမဖြေဘူး။ အဲဒါ ဌပနီယဗျာကရဏီယလို့ခေါ်တယ်။ ဒီမေးခွန်းမျိုးတွေကို မဖြေလို့ **မာလုကျပုတ္တ** ဆိုတဲ့ ရဟန်းက မြတ်စွာဘုရားကို မကျေနပ်ဘူး။ သူက ဖြစ်စေချင်တာက သိလျှင်သိတယ်၊ မသိလျှင် မသိဘူး၊ ရှင်းရှင်းဖြေ။ အဖြေတော့ ရှိရမှာပေါ့။ ယောင်ဝါးဝါးမလုပ်နဲ့လို့ ဒီလိုပြောချင်တာ။ မြတ်စွာဘုရားက ဖြေလို့မရတဲ့မေးခွန်းမို့ မဖြေတာ၊ အဲဒီတော့ သူက မကျေနပ်ဘူး။

ကဲ-ပရိသတ်က နည်းနည်းဖြေကြည့်ဦးပေါ့။ ကိုယ့်မှာ ကားမရှိဘူး။ အဲဒီ မရှိတဲ့ကားသည် Made in Japan လား၊ Made in Germany လားဆိုလျှင် ဘာ

ပြောမလဲ။ ကိုယ့်မှာရှိမှမရှိတာ၊ အဲဒါမျိုးပေါ့။ မြတ်စွာဘုရားကလည်း အတ္တကို လက်မခံဘူး၊ လက်မခံတဲ့အတွက်ကြောင့် အတ္တကိုကိုင်ပြီးတော့ မေးတာမှန်သမျှမဖြေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားအနေနဲ့ အတ္တက ရှိမှမရှိတာ၊ ဖြေလိုက်လျှင် လက်ခံပြီးသားဖြစ်သွားမှာပေါ့။ အဲဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဥတ္တိယသုတ်ဆိုတာရှိတယ်။ အဲဒါကို နိုင်ငံခြားသားတွေ Buddhism နဲ့ပတ်သက်ပြီးတော့ရေးတဲ့ စာအုပ်တွေထဲ မှားပြီးတော့ဘာသာပြန်ထားတာတွေရှိတယ်။ မေးခွန်းက ဘာလဲဆိုတော့ **'အတ္ထိ အတ္တာ၊ နတ္ထိ အတ္တာ'** ဒီမေးခွန်းလေးနှစ်ခု မြတ်စွာဘုရားကိုမေးတယ်။ အတ္တဆိုတာရှိသလားဆိုတဲ့မေးခွန်း၊ ဘုရားက မဖြေဘူး။ အတ္တဆိုတာ မရှိဘူးလားဆိုတော့လည်း ဘုရားကမဖြေဘူး။ အဲဒီတော့ သူတို့က ဘယ်လို ကောက်ချက်ချသလဲဆိုတော့ မြတ်စွာဘုရားက အတ္တနဲ့ပတ်သက်လျှင် ငြိမ်နေလိုက်တယ်၊ ဘာမှမပြောဘူး၊ ရှိတယ်လို့လည်း မပြောဘူး၊ မရှိဘူးလို့လည်း မပြောဘူးဆိုတော့ ဘုရားက လက်ခံသယောင်ယောင်၊ အနတ္တလက္ခဏာသုတ်

သည်ပင်လျှင် နောက်မှ ဘုန်းကြီးတွေက တီထွင်ထား သယောင်ယောင်တွေ လျှောက်ပြီးရေးကြတယ်၊ ပြော ကြတယ်။ တကယ်တော့ သူတို့ဘာသာပြန်တာ မှားနေ တယ်။

**'အတ္ထိ၊ နတ္ထိ'** ဆိုတာ Philosophical terms ဖြစ်တယ်။ သာမန် ရှိတယ်၊ မရှိဘူးပြောတာ မဟုတ် ဘူး။ အတ္ထိဆိုတာ အမြဲတမ်းရှိနေတာကိုပြောတာ။ အဲဒီ တော့ အတ္တသည် ထာဝရအမြဲရှိသလားလို့မေးတာ။ ဘာသာပြန်တာ ဟန်မကျလို့ရှိရင် သွားရော။ Does Atta exist? ဒီလိုဆိုလိုတာ မဟုတ်ဘူး။ Does Atta exist forever? အတ္တဟာ ထာဝရရှိနေတဲ့ အရှိလား လို့မေးတာ။ အဲဒါဘာကိုမေးတာတုန်းဆိုလျှင် သဿတ ဒိဋ္ဌိကိုမေးတာ။ အတ္တကို ကိုင်မေးတာဖြစ်တယ်။ ကိုယ် ကမှ အတ္တ လက်ခံမထားသည့်အတွက်ကြောင့် ထာဝရ မြဲသလားလို့ဆိုလျှင် ဘယ်လိုလုပ်ဖြေမလဲ၊ ဖြေစရာ မရှိဘူးလေ။ ဘာဖြစ်လို့လဲ၊ ကိုယ့်ရဲ့အယူဝါဒမှာ အတ္တ ဆိုတာ မရှိလို့။ **'နတ္ထိ အတ္တာ'** ကလည်းပဲ 'အတ္တသည် ထာဝရမရှိဘူးလား'ဆိုတာ။ ဥစ္ဆေဒဒိဋ္ဌိမေးခွန်း။ Does

not exist forever ဒီလိုဘာသာပြန်ရမှာ။ သာမန် ရှိ၊ မရှိကိုမေးတာ မဟုတ်ဘူး။ ဘာနဲ့ဥပမာတူတုန်းဆိုလျှင် 'အတ္တသည် ထာဝရမြဲသလား၊ အတ္တသည် ထာဝရမမြဲဘူးလား' အဲဒီမေးခွန်းနှစ်ခုကိုမေးတာ။

အဲဒီတော့ 'အတ္တသည်' လို့ ကိုင်မေးလာသည့်အတွက်ကြောင့် ခုနက ကိုယ့်မှာမရှိတဲ့ကားသည် ဂျပန်လုပ်လား၊ စက်မှုဇုံထုတ်ကားလား၊ ဘယ်လိုဖြေမလဲ။ ကိုယ့်မှာမှမရှိတာ ဖြေလို့မရဘူး။ 'သားသမီးမထွန်းကားသော အမျိုးသမီး၏သားသည် အရပ်မြင့်သလား၊ အရပ်ပုသလား'ဆိုလျှင် ဘယ်လိုလုပ်ဖြေမလဲ။ ဖြေလို့မရဘူးတဲ့။ အဲဒါမျိုးကိုဆိုလိုတယ်။ အဲဒီတော့ မြတ်စွာဘုရားက 'သတ္တဝါသည် သေပြီးတဲ့နောက် ဖြစ်သေးသလား' ဆိုတော့ 'သတ္တဝါသည်'ဆိုတဲ့ မေးခွန်းကိုကမှားနေတယ်။ 'သတ္တဝါသည်'ဆိုတာကို မစဉ်းစားဘူး။ အဲဒီတော့ သေပြီးနောက် ဖြစ်သေးသလားဆိုတဲ့မေးခွန်းက ဖြေလို့မရတဲ့မေးခွန်း၊ ဖြေလိုက်တာနဲ့တပြိုင်နက် သတ္တဝါဆိုတာကို လက်ခံပြီးသား ဖြစ်သွားပြီ။ အတ္ထိ၊ နတ္ထိ နှစ်ခုစလုံးကို လက်ခံလိုက်လျှင် အတ္တကို

လက်ခံပြီးသား ဖြစ်သွားတယ်လေ။ ဒါကြောင့်မို့ မဖြေတာတဲ့။ အဲဒါက **ဌပနီယဗျာကရဏီယ** လို့ခေါ်တယ်။

အဲဒါကြောင့်မို့ မေးခွန်းနဲ့ ပတ်သက်လာလျှင် ရည်ရွယ်ချက်နဲ့ပတ်သက်ပြီး (၅)မျိုးရှိတယ်။ ဖြေဆိုရမယ့် မေးခွန်းပုံစံက လေးမျိုးရှိတယ်။ အဲဒီတော့ မေးခွန်းမေးတဲ့ ပုဂ္ဂိုလ်တွေရဲ့အကြောင်း ရေးထားတာ ရှိသေးတယ်ပေါ့။ သိချင်လို့မေးတာ၊ မသိလို့မေးတာ၊ မေးရမှန်းမသိလို့မေးတာ၊ မေးထိုက်လို့မေးတာ၊ မမေးထိုက်ဘဲ မေးတာဆိုပြီး ဖော်ပြထားသေးတယ်။ မေးခွန်းတွေ မေးတယ်ဆိုတာ '**ပညာ သံဝတ္တနိက ပဋိပဒါ**' လို့ ခေါ်တယ်။ 'ဘဝမှာ ပညာကြီးခြင်း၏ အကြောင်းက မေးခွန်းမေးတာပါ'။ ခုခေတ်က ပညာဒါနဆိုပြီးတော့ ပညာအလှူ လှူတာဟာ ပညာကြီးခြင်း၏အကြောင်း လို့ ပြောကြတယ်။ ဘုန်းကြီးတို့စာပေထဲမှာ ပါတာက ပညာကြီးခြင်းရဲ့ အကြောင်းက ဘာလဲဆိုလျှင် တတ်ကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်တွေကို ဆည်းကပ်ပြီးတော့ 'ဒါလေး ဘယ်လိုမှတ်ရမလဲ'၊ 'ဒါက ဘယ်လိုနားလည်ရမလဲ'၊ 'ကုသိုလ်ဆိုတာ ဘာခေါ်သလဲ၊

အကုသိုလ်ဆိုတာ ဘာခေါ်သလဲ' ဒီလိုမေးခွန်းတွေ မေးတာသည်ပင်လျှင် **'ပညာ သံဝတ္တနိက ပဋိပဒါ'** လို့ ပြောတယ်။ စာပေထဲမှာ အဲဒီလိုပါတယ်။ အဲဒီတော့ မေးတာဟာ ပညာတိုးတက်ခြင်းရဲ့ အကြောင်းတစ်ခုပဲ။

ဒါကြောင့်မို့ မေးခွန်းများကို စီစဉ်ထားတဲ့အတိုင်း မေးလို့ရပါတယ်။ မေးခွန်းမေးတဲ့အခါမှာ မေးခွန်းတွေ အားလုံးကို Challenge လုပ်နိုင်တာ ဘုရားတစ်ပါးပဲ ရှိတယ်။ ကွဲပြားခြားနားမှုလေးတစ်ခု ပြောပြမယ်။ မြတ်စွာဘုရားက မေးခွန်းမေးပါရစေလို့ လာပြီး တောင်းပန်လို့ရှိရင် **'ပုစ္ဆ ယထာ ကင်္ခသိ'** တဲ့။ 'ကြိုက်တာ မေးစမ်း' လို့။ ဒါ Challenge လုပ်တာ။ ခြွင်းချက်မထား ဘူး။ ဒါ ဘုရားကပြောတာ။ အရှင်သာရိပုတ္တရာ တို့ တောင် အဲဒီလိုမပြောဝံ့ဘူး။ အရှင်သာရိပုတ္တရာ တို့ ကျတော့ ဘယ်လိုပြောသလဲဆိုတော့ **'ပုစ္ဆ၊ သုတွာ ဇာနိဿာမ'**၊ မေးပါတဲ့၊ မေးခွန်းကိုသိပြီးမှ ဖြေနိုင်၊ မဖြေနိုင် သိပ့ါမယ်တဲ့။ ဒါ အရှင်သာရိပုတ္တရာ စတဲ့ ရဟန်းတွေရဲ့ ပဋိညာဉ်ပေးတဲ့စကား။ ဘုန်းကြီးတို့က

အဲဒီလောက်တောင် ပဋိညာဉ်ပေးလို့ မရသေးဘူး။ မေးကြည့်ပါပေါ့။ ဖြေနိုင်လို့ရှိရင် ဖြေပါမယ်ပေါ့။

(မေး) ခြေတော်အစုံကို ဦးခိုက်၍ ရိုသေလေးမြတ်စွာဖြင့် လျှောက်ထားအပ်ပါသည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရား။ ဘုရားတပည့်တော်ကို ဓမ္မဗျူဟာ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်းတွင် ဝိသုဒ္ဓိမဂ် တတိယ အဆင့်၌ တက်ရောက်သင်ကြားလျက်ရှိသော သင်တန်းသူတစ်ဦးမှ ဤမေးခွန်းကို မေးထားပါသည် ဘုရား။ 'သံသရာမှ မကျွတ်လွတ်ခင် ဖြစ်လေရာ ဘဝတိုင်း၌ လူဖြစ်ပါက အသိ၊ အလိမ္မာ၊ ကိုယ်ချင်းစာတရား၊ ဉာဏ်ပညာ အမြော်အမြင်ရှိပြီး သရဏဂုံတည်သော ခေါင်းဆောင်၊ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေ၊ လက်အောက်ငယ်သားတို့နှင့်သာ ဆုံတွေ့နိုင်ရန် မည်သို့သောကုသိုလ်တို့ကို ပြုကျင့်ရန် လိုအပ်ပါသနည်း အရှင်ဘုရား'

(ဖြေ) အဲဒါနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား ဟောထားတယ်။ သဓ်္ဂါရူပပတ္တိသုတ်မှာ သဒ္ဓါရယ်၊ သီလရယ်၊ သုတရယ်၊ စာဂရယ်၊ ပညာရယ် ဒီအရည်အချင်းငါးမျိုး ရှိဖို့လိုတယ်။ တောင်းတဲ့ဆုတွေ ပြည့်ဖို့ရန်အတွက် ဒီအရည်အချင်းငါးမျိုး ရှိဖို့လိုတယ်။ အဲဒီသုတ္တန်အရဆိုလျှင် သဒ္ဓါရယ်၊ သီလရယ်၊ သုတရယ်၊ စာဂရယ်၊ ပညာရယ်။ အားလုံးသိတဲ့အတိုင်း အဓိပ္ပာယ်တော့ အကျယ်မပြောတော့ဘူးနော်။ နောက်တစ်ခု ကိုယ့်ရဲ့ဆန္ဒ ပြည့်ဝခြင်းရဲ့ အကြောင်းတစ်ခုက သီလတဲ့။ အတော်များများ သုတ္တန်တွေမှာ မြတ်စွာဘုရားက '**ဣဇ္ဈတိ ဘိက္ခဝေ၊ သီလဝတော စေတောပဏိဓိ** ' တဲ့။ စိတ်ရဲ့ဆန္ဒတွေဟာ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မှာ ပြည့်ဝနိုင်တယ်လို့ မြတ်စွာဘုရားက ဟောထားတော့ အနည်းဆုံး သီလရှိဖို့ လိုတယ်ပေါ့။ ခုနက တရားတွေထဲမှာ အကျုံးဝင်ပါတယ်။ အနည်းဆုံး ကိုယ်ကျင့်တရား

ကောင်းတယ်ဆိုလျှင် သူ့ရဲ့ စိတ်ဆန္ဒတွေ ပြည့်စုံမှာပါ။ သီလမရှိဘူး ဆိုလျှင်တော့ စိတ်မချရဘူးပေါ့။ အဲဒီတော့ ဘယ်ဟာပဲဖြစ်ဖြစ် စိတ်ဆန္ဒရှိတယ်ဆိုတဲ့နေရာမှာ အရည်အသွေးတွေပေါ်မှာ မူတည်တာပေါ့။ သူ့မှာ အရည်အသွေးတွေရှိဖို့လိုတယ်။ အဲဒီအရည်အသွေးတွေမှာ သီလက အဓိကကျလို့ ဒီသုတ္တန်မှာတော့ သီလကို အဓိကထားပြီး '**ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ**'၊ နောက်က အကြောင်းပြထားတဲ့ စကားလေးက '**ဝိသုဒ္ဓတ္တာ**' တဲ့။ သူ့ရဲ့ ကာယကံ၊ ဝစီကံတွေက စင်ကြယ်နေတယ်။ သီလရှိသည့်အတွက်ကြောင့် ကာယကံမှု စင်ကြယ်တယ်၊ ဝစီကံမှု စင်ကြယ်တယ်။ ဒါကြောင့် ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ဆန္ဒတွေဟာ အောင်မြင်နိုင်တယ်၊ ပြည့်စုံနိုင်တယ်လို့ မြတ်စွာဘုရားက ဟောထားပါတယ်။ အဲဒီတော့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ရှိပြီးတော့ ဆန္ဒရှိမယ်ဆိုလျှင် ပြည့်စုံအောင်မြင်နိုင်ပါတယ်။

(မေး) ဝိသုဒ္ဓိမဂ် တတိယအဆင့် သင်တန်းကို တက်ရောက်တဲ့သင်တန်းသူတစ်ဦးက မေးခွန်းနှစ်ခုကို မေးပါတယ်ဘုရား။ (၁) 'သမထ ဘာဝနာအရာသည် ပါရမီမလိုဟု ကြားဖူးပါတယ်။ ဟုတ်၊ မဟုတ် သိလိုပါသည် ဘုရား။ ဝီရိယတရား၊ သဒ္ဓါတရားတို့ဖြင့် နည်းမှန်လမ်းမှန် အားထုတ်ရုံဖြင့် ဈာန်ရနိုင်၊ မရနိုင် သိလိုပါသည် ဘုရား။'

(ဖြေ) ပါရမီဆိုတာ မြင့်မြတ်သူတို့ရဲ့ အလုပ်ကို ခေါ်တာ၊ ကောင်းတဲ့အလုပ်တွေကို ဆက်တိုက်ဆက်တိုက် လုပ်နေတာ။ မေးခွန်းရှင် ဆိုလိုတာက အတိတ်က ပါရမီတို့ ဘာတို့ ရည်ညွှန်းတာ ဖြစ်ပါလိမ့်မယ်။ ဘယ်အရာပဲဖြစ်ဖြစ် '**ပုဗ္ဗယောဂ**' လို့ခေါ်တာရှိတယ်။ လုပ်ခဲ့ဖူးလျှင် လွယ်တယ်၊ မလုပ်ခဲ့ဖူးလျှင် ခက်တယ်ပေ့ါ။ ပါရမီဆိုတဲ့နေရာမှာ အဓိက ဘာရှိဖို့လိုသလဲ ဆိုလျှင် သမထကျင့်စဉ်တစ်ခု အောင်မြင်ဖို့

အတွက် တိဟိတ်ပဋိသန္ဓေနေဖို့တော့ လိုတယ်။ တိဟိတ်ပဋိသန္ဓေနေတယ်ဆိုတာ ကုသိုလ်ထူး တွေ ရှိရတယ်။ မဟာကုသိုလ် ဉာဏသမ္ပယုတ် ကုသိုလ်ရဲ့ အကျိုးကမှ မဟာဝိပါက်၊ ဉာဏ သမ္ပယုတ် ဖြစ်နိုင်တယ်၊ သူနေခဲ့တဲ့ ပဋိသန္ဓေ စိတ်သည် အလောဘ၊ အဒေါသ၊ အမောဟ ဆိုတဲ့ ပညာပါတဲ့ ပဋိသန္ဓေစိတ် ဖြစ်ရမယ်။ အမောဟ ပါရမယ်။ အခြေခံ (Source) ကောင်းရမယ်။ အခုခေတ်စကားနဲ့ပြောရမယ် ဆိုလျှင်တော့ ဉာဏ်ရည်ဉာဏ်သွေး (IQ) မြင့်ရမယ်ပေါ့။ အဲဒါမှ မပါလျှင်တော့ မရဘူး။ ဒီဘဝနဲ့ပဲတွက်ပေါ့။ ပဋိသန္ဓေစိတ်က ဒွိဟိတ် ပဋိသန္ဓေစိတ် ဖြစ်နေတယ်။ အဟိတ်ပဋိသန္ဓေ စိတ် ဖြစ်နေတယ်ဆိုလျှင် မပေါက်ရောက်နိုင် ဘူး။ သို့သော် အလဟဿဖြစ်သလားဆိုတော့ မဖြစ်ဘူး။ သူကြိုးစားသလောက်တော့ ရောက် သွားမယ်။ သို့သော် ထိပ်တန်းအဆင့်အထိ မရောက်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုလျှင် သူ့(IQ)

က နိမ့်နေတယ်ပေါ့။ နိမ့်နေလျှင် မရဘူး။ အဲဒါကိုပဲ ပါရမီကံထူးလို့ ပြောလို့ရတာပေါ့။ ပါရမီဆိုတာ ကိုယ့်မှာ အခြေခံကောင်းရှိဖို့ လိုတယ်။ အတိတ်က ကုသိုလ်ကောင်း ရှိခဲ့ သည့်အတွက်ကြောင့် ဒီဘဝမှာ ကိုယ်နေလာ တဲ့ ပဋိသန္ဓေစိတ်သည် ကိုယ့်ရဲ့ မူရင်းစိတ် လေးက အသိဉာဏ် ပါတယ်ပေါ့။ အဲဒီ အသိဉာဏ်ပါမှ မြန်မာစကားလိုပေါ့။ 'နဂိုရှိမှ နဂိုဏ်းထွက်တယ်' ပေါ့။ မျိုးစေ့ကိုက မကောင်းဘူး၊ မအောင်မြင်ဘူးဆိုလျှင် ဒီပုဂ္ဂိုလ် ဟာ ထိပ်တန်းကို ဘယ်လိုမှ မရောက်နိုင်ဘူး။ မရောက်နိုင်လို့ အားငယ်စရာလားဆိုတော့ မဟုတ်ဘူး။ ကြည့်လေ။ တစ်ခုပြောပြမယ်။ ဖားနတ်သားအကြောင်း။ အားလုံးလည်း ကြားဖူးကြလိမ့်မယ်။ ဖားလေးတစ်ကောင်က သူ့ရဲ့သန္ဓေစိတ်က အဟိတ်ပဋိသန္ဓေလို့ ခေါ် တယ်။ သန္ဓေစိတ်က ညံ့နေသည့်အတွက် ကြောင့် မြတ်စွာဘုရားတရား နာရပေမယ့်

သူက တစ်မဂ်တစ်ဖိုလ် ဆိုတဲ့အဆင့်ကို မရောက်ဘူး။ သို့သော် အဲဒီကုသိုလ်ကို အကြောင်းပြုပြီးတော့ ဒုတိယဘဝမှာနတ်သား ဖြစ်သွားတယ်။ နတ်သားဖြစ်သွားတဲ့အခါ ကျတော့ သူ့ရဲ့ ပဋိသန္ဓေစိတ်ဟာ တိဟိတ် ပဋိသန္ဓေစိတ် ဖြစ်သွားတယ်။ အဲဒီအချိန်မှာ ဘုရားရဲ့တရား နာလိုက်တာ သောတာပန် ဖြစ်သွားတယ်။ ဒီလိုပေါ့။

အခြေအနေကောင်းရှိလျှင်တော့ သမထ ကျင့်စဉ်ပဲဖြစ်ဖြစ်၊ ဝိပဿနာကျင့်စဉ်ပဲဖြစ်ဖြစ် အခြေအနေကောင်းရှိတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ် တိုင်း အားထုတ်လျှင် ပေါက်ရောက်နိုင်တယ်။ ပျင်းလို့တော့ မရဘူး။ လူတွေဟာ အခြေခံ ကောင်းပြီးတော့ ပျင်းလို့ မအောင်မြင်တာ များပါတယ်။ ဇွဲမရှိလို့၊ စိတ်ဆန္ဒ မရှိလို့ ပြင်းပြင်းထန်ထန် မလုပ်ဘူး။ လုပ်သင့် သလောက် မကြိုးစားဘူး ဆိုလျှင်လည်း အောင်မြင်ပေါက်ရောက်မှု မဖြစ်နိုင်ဘူး။

သူ့အတိုင်းအတာတစ်ခုရောက်မှ အကျိုး ဆိုတာ ဖြစ်လာတာ။ ဘာနဲ့ ဥပမာတူတုန်း ဆိုလျှင် မီးပွတ်တဲ့ယောက်ျားလိုပေါ့။ ရှေးတုန်းက မီးရဖို့အတွက် အမာခံ သစ်သားချောင်း နှစ်ချောင်းကို ပွတ်ရတယ်။ ပွတ်တဲ့အခါ ပူပြီး တော့မှ မီးရလာအောင်၊ မီးစွဲလောင်အောင် ပွတ်ရတယ်။ အဲဒီမှာ ပူလာခါနီးမှာ ခဏ နားလိုက်ဦးမယ်ဆိုပြီး ချထားလိုက်လျှင် ပြန် အေးသွားတယ်။ မရနိုင်ဘူး။ ဒီလိုပဲ တရား အားထုတ်တဲ့အခါမှာ သူက ရခါနီးကျလျှင် ပြန်ပြန်လျော့ထားလိုက်ရင်းနဲ့ အသစ်အသစ်ပဲ ပြန်ပြန်ဖြစ်သွားတယ်။ ဇွဲကောင်းဖို့တော့ လိုတာပေါ့။ အဲဒီတော့ နံပါတ်တစ်က အခြေ အနေကောင်း (သို့မဟုတ်) အခုခေတ်စကားနဲ့ ပြောလျှင် ပါရမီရှိတယ်လို့ ပြောရမှာပေ့။ ပါရမီကုသိုလ်ကြောင့် တိဟိတ်ပဋိသန္ဓေ နေခဲ့ တာကို ပြောတာ။ ဒါကို ဥပနိဿယသမ္ပတ္တိလို့ ခေါ်တယ်။ ဥပနိဿယဆိုတာ တိဟိတ်

ပဋိသန္ဓေ နေခဲ့တာ။ တိဟိတ်ပဋိသန္ဓေ နေခဲ့တဲ့ ပုဂ္ဂိုလ်တိုင်း မဂ်ဖိုလ်ရသလားဆိုတော့ မရဘူး။ ပစ္စုပ္ပန် အကြောင်းတရားတွေ အများကြီး လိုသေးတယ်။ ဒါက internal cause (internal source) လို့ခေါ်တယ်။ အတွင်း အကြောင်းကတော့ ဥပနိဿယပဲ။ တိဟိတ် ပဋိသန္ဓေ နေခဲ့တာက internal cause (internal source)။ ဒါက အရေးကြီးတယ်။ အဲဒီ အတွင်းအကြောင်းခံ(internal source) က ပြင်ပအခြေအနေ (external condition) နဲ့ ပေါင်းဖို့လိုတယ်။ external condition ဆိုတာ ဘာလဲဆိုတော့ **'သပ္ပုရိသူပ နိဿယ၊ သဒ္ဓမ္မဿဝန'** နည်းပြတဲ့ဆရာ ရှိရမယ်။ နည်းပြတဲ့ဆရာရဲ့စနစ်ကို နာယူရမယ်။ ဒီနှစ်ခု ပေါင်းမှရတယ်။ တစ်ခုတည်းနဲ့ မရဘူး။ ဘယ်အရာပဲဖြစ်ဖြစ် ပေါင်းမှ energy ဆိုတာ ဖြစ်တာ။ Energy ဆိုတာ တစ်ခုနဲ့တစ်ခု ပေါင်းရတယ်။ ဒါကြောင့် အကြောင်းသည်

အတွင်းအကြောင်း၊ အပြင်အကြောင်း နှစ်ခု ပေါင်းလိုက်ရတယ်။ ပေါင်းလိုက်တဲ့ အခါကျ တော့မှ အကျိုးတရားဆိုတာ ထွက်ပေါ်လာ တယ်။

တစ်ချို့က တိဟိတ်ပဋိသန္ဓေ နေခဲ့သော် လည်းပဲ မိတ်ဆွေကောင်းကို မဆည်းကပ်ဘူး။ မိတ်ဆွေဆိုးကို ဆည်းကပ်ခဲ့သည့် အတွက် ကြောင့် အခြေအနေ ပျက်ပြားသွားတဲ့ ပုဂ္ဂိုလ် တွေလည်း အများကြီးပဲလေ။ ဆိုပါစို့။ အဇာတသတ်ဘုရင်ကြီးဟာ တိဟိတ်ပဋိသန္ဓေ နေလာတာပဲ။ သူ့ရဲ့သန္ဓေစိတ်ဟာ တိဟိတ် ပဋိသန္ဓေပဲ။ တရားနာရလျှင် သူသောတာပန် ဖြစ်နိုင်တဲ့ အခြေအနေ။ IQ မြင့်တယ်ပေါ့။ သို့သော် ဒေဝဒတ်နဲ့ ပေါင်းပြီးတော့ ဖခင် ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံသတ်ဖြတ် လိုက်တယ်။ ပိတုဃာတကကံကို ကျူးလွန် လိုက်တဲ့အခါကျတော့ အဲဒီ အခြေအနေ ကောင်းကြီးက ပျက်စီးသွားတယ်။ အခြေ

အနေကောင်းကြီးက ဖျက်ဆီးခံလိုက်ရတယ်။ ဒါကြောင့် သာမညဖလသုတ် နာတဲ့အခါမှာ သူက သောတာပန်မဖြစ်တော့ဘူး။ မဖြစ်ရုံ တင်မကဘူး။ သူက သေတဲ့အခါကျတော့ ပိတုဃာတကကံကြောင့် ငရဲကျသွားတယ်။ သို့သော် သက်သာမှုတော့ ရသွားတယ်။ အဝီစိ ငရဲမှာ နှစ်ပေါင်းများစွာခံရမယ့်အစား လောဟ ကုမ္ဘိငရဲမှာ သက်သာမှုလေးတော့ ရသွား တယ်။ ဒီလိုလေးတွေ ရှိတယ်ပေါ့။

အဲဒီတော့ ပါရမီ ရှိသော်ငြားလည်း အကြောင်းနှစ်ခုကြောင့် ကိုယ့်ရဲ့ပါရမီ အခြေ အနေကောင်းတွေ ပျက်စီးသွားနိုင်တယ်တဲ့။ ဒီအကြောင်းနှစ်မျိုးကို မှတ်ထားရမယ်။ နံပါတ် တစ်က **ပါပမိတ္တ**။ **ပါပမိတ္တ** ဆိုတဲ့အထဲမှာ နည်းမှားလမ်းမှား ပေးတာလည်း **ပါပမိတ္တ** ပဲ။ မမှန်ကန်တဲ့နည်းတွေပေးလျှင် **ပါပမိတ္တ** ဖြစ်မှာ ပဲ။ ဥပမာအားဖြင့် သမထ ကျင့်စဉ်တစ်ရပ်ကို မှန်ကန်တဲ့နည်းလမ်း မပေးဘဲနဲ့ မှားမှား

ယွင်းယွင်း ပေးလျှင်လည်း အောင်မြင်မှာ မဟုတ်ဘူးလေ။ အဲဒီတော့ **ပါပမိတ္တ** ဆိုတာ မကောင်းတဲ့ မိတ်ဆွေနဲ့ ပေါင်းသင်းမှု။ ပေါင်းသင်းတယ်ဆိုတာ ဆရာတင်တာကို ပြောတာနော်။ **ပါပမိတ္တ**နဲ့ ပေါင်းမိလို့ မကောင်းတာတွေ လုပ်မိသွားလျှင်လည်း ကိုယ့်ရဲ့ ဒီအခြေအနေကောင်းဟာ ပျက်စီးသွားတယ်။ နောက်တစ်ခုက ဘာလဲဆိုတော့ **ကိရိယာ ပရိဟာနိ**။ **ကိရိယာ ပရိဟာနိ** ဆိုတာ ကိုယ်လုပ်ရမယ့်အလုပ် လုပ်ဆောင်မှုမရှိတာ၊ လုပ်ဆောင်မှု လစ်ဟင်းတာ။ ဒါက ကိုယ့်ဘက်နဲ့ဆိုင်တယ်။ အဲဒီတော့ internal နဲ့ external ပေါ့။ **ပါပမိတ္တ** ဆိုတာ external condition။ **ကိရိယာ ပရိဟာနိ** ဆိုတာ internal condition ပဲ။ internal condition ချို့ယွင်းသွားလျှင် failure of action, failure of pracitice။ လုပ်ရမယ့်ဟာတွေ မလုပ်တာ။ တချို့ တိဟိတ်ပုဂ္ဂိုလ်တွေ ရှိကောင်းရှိမယ်။

တိဟိတ်ပုဂ္ဂိုလ်တွေ အများကြီး ရှိနိုင်တယ်။ သို့သော် လုပ်ရမယ့် အတိုင်းအတာတစ်ခု၊ degree တစ်ခုပြည့်စုံအောင် မလုပ်သည့်အတွက်ကြောင့် မဂ်တရား၊ ဖိုလ်တရား မရတာရှိတယ်။

အဲဒီတော့ အကျဉ်းချုပ်အားဖြင့်ပြောမယ်ဆိုရင် လုပ်နေတာက ကိုယ့်တာဝန်ပဲ။ ကြိုးစားဖို့က အဓိကတာဝန်ပဲ။ ဒီလိုဆိုလိုတယ်။ ခုနက **ပါပမိတ္တ** နဲ့ပေါင်းမိလို့ ကိုယ့်အခြေအနေကောင်းတွေ ပျက်စီးသွားတာမျိုးလည်း မဖြစ်အောင် နေဖို့လိုတယ်ပေါ့။ အဲဒီ **ကိရိယာပရိဟာနိ** ဆိုတဲ့နေရာမှာ နှစ်ခုရှိတယ်။ ဆရာရဲ့ချို့ယွင်းချက်၊ တပည့်ရဲ့ ချို့ယွင်းချက် နှစ်မျိုးယူလို့ရတယ်။ မြတ်စွာဘုရားနဲ့ ပတ်သက်လာလျှင် ဆရာ့ဘက်က ချို့ယွင်းချက်မရှိဘူး။ တပည့်ဘက်ကပဲ ချို့ယွင်းချက်ရှိတယ်။ ဒီ့ပြင်နေရာကျတော့ ဆရာဘက်ကလည်း ချို့ယွင်းချက် ရှိနိုင်တယ်။ တပည့်ဘက်ကလည်း

ချို့ယွင်းချက် ရှိနိုင်တယ်။ ဒါ **ကိရိယာပရိဟာနိ** ကိုလည်း နှစ်ခုယူရတယ်။ အဇာတသတ်ကြီး **ကိရိယာပရိဟာနိ** ဖြစ်သွားတာက **ပိတု ဃာတက** ကံ ကျူးလွန်လိုက်တဲ့ **ကိရိယာ ပရိဟာနိ**ပဲ။ လုပ်သင့်တဲ့ဘက်ကနေပြီး ဆုံးရှုံး နစ်နာသွားမှာပဲပေါ့။

(မေး) "ဝိပဿနာ ဘာဝနာ အရာမှာ ပါရမီပြည့်မှ မဂ်ဖိုလ်ရသည်ဟု ကြားဖူးပါသည် ဘုရား။ မိမိကိုယ်ကို ပါရမီပြည့်ပြီဟု မည်ကဲ့သို့ သိနိုင်၊ မသိနိုင် သိလိုပါသည် ဘုရား "

(ဖြေ) ပါရမီမှာ သာမိုမီတာ မရှိဘူးနဲ့ တူပါတယ်။ (ရယ်သံများ) သွေးချိန်တဲ့ ကိရိယာလိုမျိုး ရှိမယ်မထင်ဘူးနော်။ အဲဒီဘက်က မစဉ်းစား ဘဲနဲ့ ကိုယ်ဘာလုပ်ရမယ်ဆိုတာကို စဉ်းစားပြီး လုပ်ကိုင်နေခြင်းဟာ မှန်ကန်တယ်လို့ ထင်ပါ တယ်နော်။ အတိုင်းအတာတစ်ခုကို ကြည့်

မနေဘဲနဲ့ ကိုယ့်သန္တာန်မှာ စိတ်ဘယ်လောက် ဖြူစင်နေပြီလဲ။ ကိုယ်ကျင့်တရားဘယ်လောက် ကောင်းနေပြီလဲ။ ကိုယ်ကျင့်တရား ကောင်းလျှင် စိတ်ဘယ်လောက် ဖြူစင်နေပြီလဲ။ မြတ်စွာဘုရား ဟောထားတာ။ **စိတ္တာနုပဿနာ** တဲ့။ ကိုယ်စိတ်ကလေးကို အမြဲတမ်းရှုနေတာ။ conteniplation of consciousness, contemplateion of mind ငါ့စိတ်ကလေး ထဲမှာ ရာဂတွေ ဖြစ်နေသလား၊ ဒေါသတွေ ဖြစ်နေသလား သိပြီးတော့ ရာဂဖြစ်လျှင် မဖြစ်အောင်ကြိုးစားဖို့ ဒေါသဖြစ်လျှင် မဖြစ်အောင် ကြိုးစားဖို့။ ဒါက အဓိက ကျပါတယ်နော်။ ပါရမီပြည့်မပြည့်တွေးနေတဲ့ သံသယတွေနဲ့ဆို အလုပ်မဖြစ်ဘူး။ အဲဒီဘက်ကို စဉ်းစားဖို့ မလိုလောက်ပါဘူး။ စဉ်းစားနေမယ်ဆိုရင် အလုပ်လစ်ဟင်းပြီးတော့ ကိုယ်လုပ်ရမယ့် အလုပ်ကိုမလုပ်ဘဲ အချိန်ဖြုန်းတာနဲ့ အတူတူပဲ။ ပါရမီရှိလား၊ မရှိဘူးလား။ ငါ မဂ်ဖိုလ်

နိဗ္ဗာန်ရမှာလား၊ မရဘူးလား။ စဉ်စားစရာ မလိုဘူး။ လမ်းကြောင်းရှိလျှင် လျှောက်ဖို့ပဲ။ ကြည့်လေ။ ဟို မရမ်းကုန်းကနေပြီးတော့ ရွှေတိဂုံဘုရား သွားတဲ့လမ်း သိနေလျှင် လျှောက်သာလာခဲ့။ ကားမတွေ့လည်း လျှောက်သာလာခဲ့။ အချိန်တန်တော့ ရောက်လာမှာပဲ။ နှစ်နာရီ လျှောက်ရမယ်ဆိုရင် နှစ်နာရီနဲ့ရောက်လာမှာပဲလေ။ ပြန်လှည့်တော့ မသွားနဲ့ပေါ့။ ပြန်လှည့်သွားရင်၊ ရပ်နေရင် မရောက်ဘူးပေါ့။ အဲဒီလိုပဲ။ ပါရမီပြည့်လား၊ မပြည့်လား မပြောနဲ့။ လျှောက်သာလျှောက်။ ကျင့်စရာရှိတာ ဆက်သာ ကျင့်ပေတော့။ အဲဒီလိုကျင့်လျှင် သဒ္ဓာသာ ပြည့်လာမှာပဲ။

## (ဒုတိယပိုင်း)

(မေး) အမြန်ဆုံး ပါရမီပြည့်ရန် မည်ကဲ့သို့ ကျင့်ကြံနေထိုင်ရပါမည်နည်း။

(ဖြေ) အဲဒါလည်း ခုနကလိုပဲ ကျင့်ကြံကြိုးကုတ်အားထုတ်ရမှာပေ့ါ။ ဥပမာဆိုပါစို့။ ဘယ်ပါရမီဖြည့်ချင်တာလဲပေ့ါ။ ဒါနပါရမီ ဖြည့်ချင်တာဆိုလျှင် မပြတ်လှူ။ လှူတဲ့အလေ့အကျင့်လေးလုပ်ထား။ လှူတယ်ဆိုတာ အများကြီးလှူမှလှူတာမဟုတ်ဘူး။ မနက်မိုးလင်းကတည်းကစပြီးတော့ ပန်းလေးတွေကောက်ပြီး ဘုရားတင်မယ်။ ရေချမ်းလှူမယ်။ ဆီမီးကပ်မယ်။ လမ်းသွားလမ်းလာတွေကို ကိုယ်စားမယ့်ထဲကပေးမယ်။ သံဃာတွေကို ဆွမ်းလောင်းမယ်။ ဒါနဘက်ကို စိတ်ညွတ်ပြီး လုပ်နေရမယ်။ ဒါဆိုလျှင်တော့ ဒါနပါရမီ ပြည့်လာမယ်။ ဒါနပါရမီပြည့်တာနဲ့ သီလပါရမီက ပြည့်မှာမဟုတ်

သေးဘူး။ သီလဘက်ဖြည့်ဦး။ သီလပါရမီ ပြည့်ရုံနဲ့ ခန္တီပါရမီတို့ ပြည့်ဦးမှာ မဟုတ်သေးဘူး။ အဲဒီတော့ မြတ်စွာဘုရားအလောင်း ဖြည့်သလို ပါရမီ (၁၀)ပါးကို အဆင့်သုံးဆင့် ထားပြီး ဖြည့်ဖို့လိုတာပေါ့။ ဒါနပါရမီဆိုလျှင် ပထမဆင့် ကိုယ့်ရဲ့ပြင်ပပစ္စည်းတွေကို လှူတာ ဒါနပါရမီ။ ကိုယ်ရဲ့ခန္ဓာကိုယ်မှာရှိတဲ့ သွေးသားကို လှူတာက ဒါနဥပပါရမီ၊ ကိုယ့်ရဲ့ အသက်လှူနိုင်လို့ရှိရင် ဒါနပရမတ္ထပါရမီ။ အဲဒီလို အဆင့်သုံးဆင့် ခွဲပြီးတော့ ဖြည့်မယ်ဆိုလျှင်တော့ ပြည့်သွားမှာပေါ့။ အဲဒီလိုပဲ ဖြည့်ရမှာပါ။ ခန္တီပါရမီလည်း ဖြည့်ရမှာပဲ။ ဥပေက္ခာပါရမီလည်း ဖြည့်ရမှာပဲ။ နေက္ခမ္မပါရမီလည်း ဖြည့်ရမှာပဲ။ ပါရမီဆိုတာ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ လုပ်ငန်းပဲ။

(မေး) သမထဘာဝနာပွားပြီးမှ ဝိပဿနာဘာဝနာကူးသော အားထုတ်နည်းနှင့် ဝိပဿနာဘာဝနာသက်သက်သာ အားထုတ်နည်းတို့၏ အားနည်းချက်၊ အားသာချက်များကို သိလိုပါသည်ဘုရား။

(ဖြေ) သမထ ကျင့်စဉ်တစ်ခုကိုကျင့်ပြီး ဝိပဿနာကူးလျှင်က ပိုပြီးတော့ လျှင်မြန်သက်သာလွယ်ကူနိုင်တယ်လို့ ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမထကျင့်စဉ် တစ်ခုအရ သမာဓိက စွမ်းအားတွေ တက်လာလို့ရှိရင် **'သမာဟိတော ယထာဘူတံ ပဇာနာတိ'**၊ သမာဓိက ယထာဘူတဉာဏ်ကို ဖြစ်စေတာပေါ့။ မြတ်စွာဘုရားရဲ့ လက်ထက်တုန်းက သာသနာရှေ့ပိုင်းရဟန်းတော်တွေ တော်တော်များများက သမထကျင့်စဉ် ပေါက်ရောက်ပြီးမှ ဝိပဿနာကူးတာတွေ များပါတယ်။ သမထကျင့်ပြီးတဲ့အခါကျတော့မှ ဝိပဿနာဘက်

ကူးတာ ပိုပြီးတော့ လွယ်ကူလေ့ရှိတယ်လို့ ဆိုပါတယ်။

ဝိပဿနာသက်သက် သွားလို့ရှိရင် သမာဓိထူထောင်ရတာခက်တယ်။ ဝိပဿနာ ဆိုတာက သွေ့ခြောက်တယ်။ သမထလို မဟုတ်ဘူး။ သမထဆိုတာ စိတ်ကို အာရုံ တစ်ခုထဲမှာ ငြိမ်နေအောင်လုပ်တာ။ စိတ်ငြိမ် လို့ရှိရင် အသိဉာဏ်ကလည်း ပိုပြီးတော့ ရင့်ကျက်လာတတ်တယ်။ ဝိပဿနာကျတော့ အဲဒီလိုမဟုတ်ဘူး။ သဘာဝတရားတွေကို ဆင်ခြင်စဉ်းစားပြီး နေရသည့်အတွက်ကြောင့် သဘာဝတရားတွေထဲမှာ စိတ်ပျက်စရာတွေ မြင်မယ်၊ အနိစ္စတွေမြင်မယ်၊ ဒုက္ခတွေ မြင် မယ်၊ ကိုယ် မပိုင်တာတွေ၊ မစိုးပိုင်တာတွေ မြင်မယ်။ မြင်လာတဲ့အခါကျတော့ စိတ်ဓာတ် တွေ ခြောက်ခြားတယ်။ နောက် သင်္ခါရတရား ကို ကြောက်စရာကြီးလို့ မြင်လာတယ်။ ငြီးငွေ့ စရာကြီးလို့ မြင်လာတယ်။ ဝိပဿနာကတော့

အဲဒီလို ခြောက်ခြားစရာတွေနဲ့ သွားတာပေါ့။ စိတ်ပျက်စရာတွေ၊ ငြီးငွေ့စရာတွေနဲ့ ဝိပဿနာကသွားတယ်။ သမထက သွားလို့ ရှိရင်တော့ အဲဒီအဆင့်တွေကို လွယ်လွယ် ကူကူနဲ့ ကျော်လွှားပြီး သဘာဝတရားတွေကို ရှင်းခနဲ ရှင်းခနဲ သိသွားနိုင်တာပေါ့။

နောက်ဆုံးကျလို့ရှိလျှင်တော့ ဝိပဿနာ သမာဓိကလည်းပဲ အဆင့်မြင့်သွားလို့ရှိရင် သမထသမာဓိလို ပြန်ငြိမ်းချမ်းသွားပါတယ်။ အဆက်မပြတ် မှတ်နိုင်သွားပြီဆိုလျှင် ဝိပဿနာ သမာဓိကလည်း သမထသမာဓိလို စိုပြေသွားတာပဲ။ သို့သော် သမထ အားထုတ် တဲ့အခါကျတော့ ချမ်းသာသုခကို အခြေခံပြီး တော့ အားထုတ်တာဖြစ်တယ်။ ဝိပဿနာ သက်သက် အားထုတ်တာကျတော့ ဒုက္ခ သက်သက်၊ ခြောက်ခြောက်သွေ့သွေ့ဘက်က သွားတာဖြစ်တယ်ပေါ့။ အဲဒါကတော့ ပုဂ္ဂိုလ်ရဲ့ ဆန္ဒအရပေါ့။ ကိုယ်ကြိုက်တဲ့ လမ်းကနေ

ရွေးပြီးတော့ လျှောက်ရမှာပေ့ါ။ ကုန်းကြောင်း လျှောက်ချင်တာလား၊ ကားစီးချင်တာလား၊ တစ်ခုခုပေ့ါနော်။

အဲဒီတော့ ဘယ်လမ်းက သွားသွား သင်္ခါရတရားတွေနဲ့ မမြဲတဲ့ သဘောတွေကို ဆင်ခြင်ပြီး လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာတရားတွေ ကုန်ဖို့ကသာ အဓိက ကျတယ်ပေ့ါ။ နောက်သတိထားစရာ အချက်လေးတစ်ခုက သမထသမာဓိနဲ့ ဝိပဿနာသမာဓိ မတူဘူးဆိုတာလေးကိုတော့ သတိထားဖို့ လိုတယ်ပေ့ါ။ ဘုန်းကြီးတို့ သီရိလင်္ကာ နေတုန်းက ကိုရီးယား ဘုန်းကြီးတစ်ပါးက မေးဖူးတယ်။ သူမေးတဲ့ မေးခွန်းကတော့ **'သမာဟိတော ယထာဘူတံ ပဇာနာတိ'** လို့ မြတ်စွာဘုရားက ဟောတယ်တဲ့။ သမာဓိရှိမှ ယထာဘူတဉာဏ်ရတယ်လို့ မြတ်စွာဘုရားက ဟောတယ်တဲ့။ တစ်ချို့က သမာဓိမထူထောင်ဘဲ ဝိပဿနာသက်သက် လုပ်လို့ရှိရင်

အောင်မြင်တယ်လို့လည်း ပြောကြတယ်ပေါ့။ သမာဓိမပါဘဲနဲ့ ဝိပဿနာဖြစ်တယ်ဆိုတာကို သူမယုံကြည်ဘူးလို့ သူကပြောတယ်။

အဲဒီတော့ သမာဓိဆိုတဲ့အဆင့်က ဘယ်အထိတောင် ပြောရမှာတုန်းဆိုလို့ရှိရင် သမာဓိဆိုတဲ့အဆင့်သည် အပ္ပနာဈာန်အထိတောင် သွားတာလား၊ (သို့မဟုတ်) ဥပစာရအထိအောင် သွားတာလား။ သမာဓိက နှစ်မျိုးရှိတယ်။ သမထကျင့်စဉ်ကို ကျင့်တဲ့အခါမှာ ဥပစာရသမာဓိ အဆင့်ကနေ ဝိပဿနာကူးတာရှိတယ်။ သို့မဟုတ် အပ္ပနာ ဆိုတဲ့ ဈာန်ရပြီးတဲ့နောက်မှ ဝိပဿနာကူးတာရှိတယ်။ အဲဒီနှစ်ခုစလုံးဟာ သမာဓိ ထူထောင်ပြီးတော့မှ ဝိပဿနာဘက်ကူးတာ။

အဲဒီလို မဟုတ်ဘဲနဲ့ ဝိပဿနာအာရုံတစ်ခုကို တန်းပြီးတော့ ရှုမှတ်တာ။ သင်္ခါရအာရုံတွေကနေ စပြီးတော့ ရှုမှတ်တာ။ သမထကျင့်စဉ်တွေကို မကျင့်ဘဲ ကျင့်တာ။

အဲဒီလို သမာဓိနှစ်ခုဟာ မတူဘူးဆိုတာကို မှတ်ထားရမယ်။ သမထသမာဓိရဲ့ အာရုံသည် ပညတ်၊ ဝိပဿနာသမာဓိရဲ့ အာရုံသည် ပရမတ်။ အဲဒီလို မတူတာကို သတိထားဖို့ လိုတယ်။ ဆိုပါစို့။ သမထမှာရှိတဲ့ သမာဓိ တရားက ပညတ်ကိုအာရုံပြုတာ။ ပညတ် ပေါ်မှာ စိတ်ကိုငြိမ်အောင်လုပ်တာ။ အဲဒါက သမထ သမာဓိပဲ။ ဝိပဿနာသမာဓိ ဆိုတာ ကျတော့ ပညတ်ပေါ်မှာ မဟုတ်ဘူး။ ပရမတ္ထ တရားပေါ်မှာ - ပရမတ္ထတရားဆိုတာ အစဉ် ရွေ့လျားနေတဲ့ ဖြစ်ပြီးပျက်နေတဲ့ သဘော တရားတွေ၊ အဲဒီဖြစ်ပျက်နေတဲ့သဘောတရား တွေပေါ်မှာ စိတ်ကိုထားတယ်ဆိုတာ-ထားတဲ့ စိတ်လည်း ဖြစ်ပျက်နေမှာပဲလေ။ အာရုံကသာ ဖြစ်ပျက်နေမှာ မဟုတ်ဘူး၊ စိတ်ကလည်း ဖြစ်ပျက်နေတာ။ နှစ်ခုစလုံးဟာ ရွေ့လျားနေ တယ်ဆိုတာကို သိလာတယ်။ အဲဒါက ဝိပဿနာ သမာဓိ။ ဝိပဿနာ သမာဓိမှာ

အသိဉာဏ်က ဦးဆောင်သွားတယ်။ သမထ သမာဓိကျတော့ ပညတ်ပေါ်မှာပဲ တည်ငြိမ် နေတယ်။ ဒါကြောင့် ဝိပဿနာ သမာဓိက momentry ပဲ။ တစ်ခဏလေး တစ်ခဏလေး တန့်ပြီး ရွေ့နေတာ။ သမထသမာဓိကျတော့ remain လုပ်ထားတာ။ အာရုံပေါ်မှာ remain လုပ်ထားနိုင်တယ်။ ဥပမာဆိုပါတော့-အဖြူ ရောင် ကသိုဏ်းရှုတယ်ဆိုလျှင် အဖြူရောင် ပေါ်မှာ စိတ်ကငြိမ်နေတယ်။ ဒီပြင် ဘာမျှ မစဉ်းစားဘူး။ ဝိပဿနာကျတော့ အဲဒီလို မဟုတ်ဘူး။ ဖြစ်ပြီးပျက်သွားတဲ့ သဘာဝတရား တွေကို ရှုနေတာ။ အဲဒီပေါ်မှာရှိတဲ့ သမာဓိက ပညတ်အာရုံမဟုတ်ဘဲ ပရမတ်အာရုံ ဖြစ်သွား ပြီ။ အဲဒီတော့ သမာဓိချင်း မတူဘူးလို့ ရှင်းပြရ တယ်။ **'သမာဟိတော ယထာဘူတံ ပဇာနာတိ'** ဆိုတာ ဝိပဿနာသမာဓိလည်း ယူရတယ်။ ဝိပဿနာသမာဓိသည် ယထာဘူတဉာဏ်ကို ဖြစ်စေနိုင်တယ်။ တစ်ခုနဲ့တစ်ခု မတူဘူး။

(မေး) နောက်မေးခွန်းတစ်ခုက သင်ကြားရေးမေးခွန်း ဖြစ်ပါတယ် ဘုရား။ မေးတဲ့သူကတော့ တပည့်တော်တို့ဆီမှာ အဘိဓမ္မာသင်တန်းတွေလည်း ပို့ချပြီးတော့ ယဉ်ကျေးမှု သင်တန်းတွေမှာ ကလေးများကို သင်ကြားတဲ့အခါ သူ အခက်အခဲ ရှိတာလေးတွေကို နေပြည်တော်ကနေ ဖုန်းဆက်ပြီးမေးခြင်း ဖြစ်ပါတယ် ဘုရား။ 'မောဟကို လူပြိန်း၊ ဘာသာခြား ပုဂ္ဂိုလ်များ အပါအဝင် ကလေးများအထိ နားလည်အောင် မည်ကဲ့သို့ ပြောပြရပါမည်နည်း။'

(ဖြေ) မောဟဆိုတာ လုပ်သင့်တာကို မလုပ်သင့်ဘူးလို့ ထင်နေတာ။ မလုပ်သင့်တာကို လုပ်သင့်တယ်လို့ ထင်နေတာ။ ဒါမောဟ။ မောဟဆိုတာ မသိတာသက်သက် မဟုတ်ဘူး။ သိတော့သိတယ်။ သူ့အသိက တလွဲသိနေတဲ့ အသိမျိုး။ အဲဒါကိုပဲ တွေဝေတယ်လို့ပြောတာ။ အမှန်မသိဘူးဆိုတာ လုပ်သင့်တာကျတော့

မလုပ်သင့်ဘူးလို့ထင်တယ်။ မလုပ်သင့်တာကျတော့ လုပ်သင့်တယ်လို့ ထင်တယ်။ အဲဒီလိုတလွဲထင်နေတာဟာ မောဟပဲ။ ဘာဖြစ်လို့တုန်းဆိုတော့ ဉာဏ်ပညာကျတော့ **'ဓမ္မာနံ ယထာဘူတ သဘာဝ ပဋိဝေဓ လက္ခဏာ'** သဘာဝတရားတွေရဲ့ အရှိ၊ အမှန်အတိုင်းသိတာက ပညာလို့ ပြောတယ်။ အဲဒီတော့ အရှိအမှန်အတိုင်း မသိဘဲနဲ့ တလွဲသိနေလို့ရှိလျှင်ဒါ မောဟပဲ။ သဘာဝတရားက ရှိနေတာတစ်ခု၊ သူက သိနေတာတစ်ခု။ ဒီလို လွဲမှားနေတဲ့ အသိမျိုးတွေကို မောဟလို့ခေါ်တယ်။ မောဟသမားက သူက ဘာလုပ်လိုက် လုပ်လိုက် တလွဲဖြစ်ဖြစ်သွားတတ်တယ်။ မောဟရှိနေတယ်ဆိုလျှင် ကိုယ်က ဒါထင်လို့လုပ်လိုက်တယ်။ ဖြစ်လာတာက တခြားဖြစ်လာတယ်ပေါ့။ ဒီတော့ လုပ်သင့်တာနဲ့ မလုပ်သင့်တာကိုမှန်မှန်ကန်ကန် မသိဘူး၊ မသိသည့် အတွက်ကြောင့် မလုပ်သင့်တာကို လုပ်မိတယ်။ လုပ်

သင့်တာကို မလုပ်မိဘူးဆိုတဲ့ မှားမှား ယွင်းယွင်းတွေ ဖြစ်စေတတ်တဲ့ တရားကို မောဟလို့ ခေါ်ပါတယ်။

(မေး) အဘိဓမ္မာသုံးဆင့်လုံးနဲ့ အဘိဓမ္မာဂုဏ်ထူး ဆောင် သုံးဆင့်လုံး တက်ရောက်ပြီးတဲ့ သင်တန်းသူတစ်ဦးကမေးတာ ဖြစ်ပါတယ် ဘုရား။ ကျင့်စဉ်ပိုင်းဆိုင်ရာမေးခွန်း အလျှင်ဆုံး မေးပါတယ် ဘုရား။ 'ကမ္မဋ္ဌာန်းရိပ်သာ များ၌ တရားရှုမှတ်လျှင် ပစ္စုပ္ပန်တည့်အောင် ရှုမှတ် ရမည် ဟူသောနည်းနှင့် ကမ္မဋ္ဌာန်းပိုင်း အဋ္ဌကထာ နည်းတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလအားဖြင့် ခွဲခြားသုံးသပ် ပွားများရမည် ဟူသောနည်းကို မည်ကဲ့သို့ နားလည်ရပါမည်နည်း။

(ဖြေ) ပစ္စုပ္ပန်တည့်တည့် ဆိုတဲ့စကားကို ပြောလေ့ ရှိကြတယ်ပေါ့။ အဲဒီ ပစ္စုပ္ပန်တည့်တယ်ဆိုတဲ့

စကားသည် အတိတ်ကို မရှုရဘူး။ အနာဂတ်ကို မရှုရဘူးဆိုတဲ့ အဓိပ္ပာယ်ကို မယူရပါဘူး။ အားလုံးဟာ ပစ္စုပ္ပန်တည့်တယ်ဆိုတဲ့ သဘောတရားက ဖြစ်နေလို့ရှိရင် ဖြစ်လာတဲ့အခိုက်မှာ သိဖို့က ပိုပြီးတော့ အရေးကြီးတယ်။ အဲဒါကြောင့်မို့ ဝိပဿနာရှုတဲ့အခါမှာ '**ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ**' လို့ ဘဒ္ဒေကရတ္တ သုတ်မှာ မြတ်စွာဘုရား ဟောထားတယ်။ ပစ္စုပ္ပန်အခိုက် ရှုရမယ်ဆိုတဲ့ နေရာ ပစ္စုပ္ပန်ကို ခွဲခြားသိဖို့လိုသေးတယ်။ ပစ္စုပ္ပန်ဟာ ခဏပစ္စုပ္ပန်ရှိတယ်။ သန္တတိပစ္စုပ္ပန် ရှိတယ်။ အဒ္ဓါပစ္စုပ္ပန် ရှိတယ်။ ခဏပစ္စုပ္ပန် ဆိုတာက ဖြစ်နေခိုက်လေးကိုပြောတာ။ အဲဒီဖြစ်နေခိုက်လေးက ရှုလို့မရဘူး။ စိတ်က နှစ်ခုမဖြစ်ဘူး။ စိတ်ကို ဒီလိုမှတ်ရမယ်။ ဖြစ်တဲ့စိတ်နဲ့ အရှုခံစိတ်ဆိုပါတော့။ စိတ်ကို စိတ်နဲ့ ရှုတယ်ဆိုတဲ့ နေရာမှာ အရှုခံစိတ်လေးက တစ်ခု၊ ရှုတဲ့စိတ်ကတစ်ခု။ အရှုခံစိတ်လေးဖြစ်နေတဲ့အခိုက်မှာ

ရှုတဲ့စိတ် မပေါ်နိုင်သေးဘူး။ အဲတော့ အရှုခံစိတ်လေး ပျက်သွားတဲ့အချိန်မှာမှ ရှုတဲ့စိတ်က ပေါ်လို့ရတယ်။ စိတ်က စိတ်ဖြစ်စဉ် (mental process) နဲ့ သွားနေတာ။ နှစ်ခုပြိုင်တူဖြစ်လို့ မရဘူး။ နှစ်ခုပြိုင်တူဖြစ်လို့ မရသည့်အတွက်ကြောင့် ပစ္စုပ္ပန်တည့်တည့်ရှုဆိုတာ ခဏပစ္စုပ္ပန်ကို ပြောတာမဟုတ်ဘူး။ ဘာပစ္စုပ္ပန်လဲဆိုတော့ သန္တတိပစ္စုပ္ပန်ကိုပြောတာ၊ ဖြစ်စဉ်လေးတစ်ခု။ ဥပမာ-မျက်စိကနေ အဆင်းကို မြင်ပြီးတော့ ထိုအဆင်းပေါ်မှာ တွေးနေတဲ့ အချိန်ပိုင်းဟာ ပစ္စုပ္ပန်ပဲ။ အသံလေး ကြားပြီးတော့ စဉ်းစားနေတဲ့ အချိန်ဟာ ပစ္စုပ္ပန်ပဲ။ သန္တတိပစ္စုပ္ပန်လို့ခေါ်တယ်။ ဖြစ်နေဆဲလေး တစ်ခုဟာ ပစ္စုပ္ပန်တစ်ခု။ အခု ဒီမှာ (၈)နာရီကနေ (၉)နာရီအထိသင်တန်းပို့ချတာ ဒါလည်း ပစ္စုပ္ပန်ပဲ။ အချိန်ကာလတစ်ခု၊ အတိုင်းအတာတစ်ခုကို ပစ္စုပ္ပန်လို့ခေါ်တယ်။ အဲဒီပစ္စုပ္ပန်လည်းရှုလို့ရတယ်။ ပြီးဆုံးသွားတာက အတိတ်

ဖြစ်သွားပြီ။ နောက်တစ်ရက်ကျတော့ အတိတ်ဖြစ်သွားပြီ။ အဲဒီတော့ ပစ္စုပ္ပန်တည့်တည့်ဆိုတာ အခုလက်ရှိ သန္တတိပစ္စုပ္ပန်၊ အဒ္ဓါပစ္စုပ္ပန်တို့ကနေပြီးတော့ သန္တတိပစ္စုပ္ပန်ကိုရှုရင် အရှုခံစိတ်နဲ့ ရှုမှတ်တဲ့စိတ်နှစ်ခုဟာ ကပ်နိုင်သမျှကပ်သွားလို့ရှိရင် ကြားထဲမှာ ကိလေသာမညပ်တော့ဘူးပေါ့။ နောက်ကျမှ ရှုတယ်ဆိုလျှင် ကြားထဲမှာ အများကြီး ကွာသွားပြီ။ ဆိုလိုတာက ဝီထိတစ်ခုနဲ့ တစ်ခုပေါ့။ အာရုံကိုသိတဲ့ ဝီထိကတစ်ခု၊ ပြန်ပြီးတော့မှတ်တဲ့ဝီထိက တစ်ခု၊ အဲဒီဝီထိနှစ်ခုသည် ကြားထဲမှာ ကိလေသာညပ်တာ မရှိဘူးဆိုလို့ရှိလျှင် ဒါပစ္စုပ္ပန်တည့်သွားပြီလို့ ပြောလို့ရပါတယ်။ သို့သော် ခုနကလို တည့်တည့်ကြီးမဟုတ်ဘူး။ သန္တတိပစ္စုပ္ပန်၊ အဒ္ဓါပစ္စုပ္ပန်ပဲဖြစ်နိုင်တယ်။ ခဏပစ္စုပ္ပန် မဖြစ်နိုင်ပါဘူး။ ဆိုပါတော့။ မျက်စိကမြင်လို့ မြင်သည့်စိတ်တွေရဲ့ ဖြစ်စဉ် (Process) ဝီထိက တစ်ခုသွားတယ်။ အဲဒါကို

ပြန်ပြီးတော့ ရှုတဲ့ (Process) က တစ်ခုသွားတယ်။ အဲဒီကြားမှာ မြင်ပြီးတဲ့ နောက်မှာ သာယာတဲ့ လောဘတွေဖြစ်တယ်။ မုန်းတီးတဲ့ ဒေါသတွေ ဖြစ်တယ်ဆိုတာတွေ မဖြစ်ရအောင် မြင်ပြီးတာနဲ့ တစ်ပြိုင်နက် ရှုမှတ်တဲ့ စိတ်က နောက်ကကပ်လိုက်လာတာ။ ဒီ (Process)ပြီးလျှင် နောက် (Process)က ရှုမှတ်တဲ့စိတ် ဖြစ်သွားတယ်။ အဲဒါဆိုလျှင် ကြားထဲမှာ ကိလေသာ မညပ်တော့ဘူး။ အဲဒါကိုပဲ ပစ္စုပ္ပန်တည့်တယ်လို့ ပြောတယ်။ ဒီလိုနားလည်ရမယ်။ ဝိထိနဲ့။ ပစ္စုပ္ပန်တည့်တယ်ဆိုတာ ကြားထဲမှာ ကိလေသာ ခိုမသွားရအောင်၊ ညပ်မသွားရအောင်ရှုတာ၊ အဲဒီအဆင့် ရောက်သွားပြီ ဆိုလို့ရှိရင် ရှေ့က ဖြစ်တာ နောက်ကသိတယ်။ မိုးကုတ်ဆရာတော်ကြီးပြောတဲ့ 'ရှေ့က ဖြစ်ပျက်၊ နောက်က မဂ်' ဆိုတာ အဲဒါမျိုးကို ဆိုလိုတာပေါ့။

(မေး) ကဿပ ဘုရားရှင်လက်ထက်က ရဟန်းတစ်ပါးသည် အနှစ်နှစ်သောင်း ရဟန်းတရားအားထုတ်ခဲ့သော်လည်း သေခါနီး၌ မြက်ပင်တို့ကို မတော်တဆ နှုတ်မိသော ဝိနည်းဖြစ်ကို အမှတ်ရ၍ ဘုရားနှစ်ဆူကြား ကာလပတ်လုံး နဂါးဖြစ်ရခြင်း၊ မလ္လိကာမိဖုရား သေခါနီး၌ ကောသလ မင်းကြီးအား မုသားပြောခဲ့မိသည်ကို အမှတ်ရ၍ ခုနစ်ရက် ငရဲကျခဲ့ရခြင်း၊ တိဿရဟန်း သေခါနီး၌ မိမိသင်္ကန်းကိုစွဲ၍ ခုနစ်ရက် သန်းဖြစ်ရခြင်းတို့တွင် သေးငယ်သော အပြစ်ချင်းတူပါလျက် အဘယ့်ကြောင့် မြက်ပင်နှုတ်မိသော ရဟန်းက အချိန်ကြာမြင့်စွာ တိရစ္ဆာန် ဖြစ်ရပါသနည်း။

(ဖြေ) ဒါက ဘဝမှာဖြစ်စေတဲ့ အကြောင်းလေးတစ်ခုသာ ရည်ညွှန်းပြောတာ။ ဒီပုဂ္ဂိုလ်တွေရဲ့ အရည်အချင်းတွေက မတူဘူး။ ပတ်ဝန်းကျင် အခြေအနေတွေချင်းက မတူကြဘူး။ ပုဂ္ဂိုလ်

တစ်ယောက်နဲ့ တစ်ယောက်ဟာ တူတယ်လို့ တိုင်းလို့မရဘူးလေ။ အခု ဒီသင်တန်းတက်နေကြတဲ့ ပုဂ္ဂိုလ်တွေတောင်မှ တစ်ယောက်နဲ့ တစ်ယောက် အရည်အသွေးချင်း၊ သဘောချင်းက တူလို့မရဘူး။ ကွဲပြားခြားနားမှုတွေ အမြဲတမ်း ရှိနေတယ်။ အဲဒီ မတူတဲ့သဘောတွေကို တူတယ်လို့ သွားပြီးယူဆလို့ရှိရင် မှားသွားမယ်။ မတူတဲ့ အခြားအခြေအနေတွေကို ထည့်သွင်းပြီးတော့ စဉ်းစားရမယ်။ ခုနတုန်းက အနှစ်နှစ်သောင်း ရဟန်းတရားအားထုတ်ပြီးတဲ့အခါမှာ နဂါးဘုံ ရောက်သွားတယ်ဆိုတာက နဂါးဘဝက အသက်ရှည်တဲ့ဘဝမျိုးကို ရောက်သွားသည့် အတွက်ကြောင့်ပဲ။ ပြီးတော့ နဂါးဘဝကလည်း တစ်ပိုင်းက နတ်နဂါးဆိုတော့ စည်းစိမ် ချမ်းသာက တစ်ဖက်က ရှိနေတဲ့ အနေအထားတစ်ခုပေါ့။ အဲဒီလိုအနေအထားရှိတဲ့ဘုံဘဝ ရောက်သွားတော့ သူ့ရဲ့သက်တမ်း (life span) အတိုင်း

သွားတော့တာ။ သူက ကံတင်မကဘူး။ စိတ်၊ ဥတု၊ အာဟာရတွေရော ဖန်တီးလာတာ။ သန်းဖြစ်တဲ့ကိုယ်တော်ကျတော့ သူ့ရဲ့ အခြေအနေ၊ သန်းဆိုတာက သက်တမ်းရှည်တဲ့ ဘဝမဟုတ်ဘူး။ တိုတဲ့ဘဝ။ သူ့ရဲ့ ဗီဇ ရောက်လာတဲ့ ဘဝရဲ့ အခြေအနေတွေ ကလည်း ထည့်ပြီးစဉ်းစားရမယ်။ ပြီးတော့ မလ္လိကာမိဖုရားကြီး ငရဲကျတယ်။ ငရဲဆိုတဲ့ သဘောက ငရဲမှာသက်တမ်းမရှိဘူး။ ကံသည် သူတို့ရဲ့သက်တမ်းပဲ။ သူ့ကံရဲ့အရှိန်ကုန်တာ နဲ့ ချက်ချင်းလွတ်တယ်။ ကံအရှိန် မကုန်သေး ဘူးဆိုလျှင် ဆက်သွားနေမှာပဲ။ ဘယ်တော့မှ မသေဘူးတဲ့။ '**နစတာဝ ကာလံကရောတိ၊ ယာဝ နတံ ပါပကမ္မံ ဗျန္တီဟောတိ**'။ ကံ မကုန်သေးသမျှ ငရဲက ဘယ်တော့မှ မသေ ဘူး။ ဘယ်လောက် ညှဉ်းဆဲ ညှဉ်းဆဲ၊ ဘယ် လောက် ဒုက္ခတွေရောက်ရောက် ကံမကုန် သေးလျှင် မသေဘူးလို့ဆိုတယ်။ အဲဒီတော့

ကံသည် ငရဲရဲ့ life span ပဲ။ သက်တမ်းတစ်ခုပဲ။

အဲဒီတော့ လူမှာအကြောင်းတစ်ခုတည်းကို မကြည့်ဘဲနဲ့ အခြားအခြေအနေကောင်းတွေ၊ အခြေအနေမကောင်းတာတွေ အများကြီး ရှိတယ်ဆိုတာကို ထည့်သွင်းပြီးတော့ စဉ်းစားရမယ်။ သူလည်း ကောင်းတာလုပ်တာပဲ။ ငါလည်း ကောင်းတာလုပ်တာပဲ။ သူလည်း မကောင်းတာလုပ်တာပဲ၊ ငါလည်း မကောင်းတာ လုပ်တာပဲ၊ အကျိုးပေးချင်း ကျတော့ တူတယ်၊ မတူဘူးလို့ သွားပြောလို့ မရဘူး။ ရာဇဝတ်မှုတစ်ခု ကျူးလွန်တာတောင်မှ လွတ်တဲ့သူက လွတ်သွားတာပဲ၊ ခံရတဲ့သူက ခံရတယ်လေ။ ဘာဖြစ်လို့တုန်းဆိုတော့ အခြေအနေချင်းမတူလို့။ ဒါ အခြေအနေခေါ်တယ်။ လောကာကပလ္လသုတ်မှာ ဘာဟောထားသလဲ ဆိုတော့ မြတ်စွာဘုရားက ဆားခဲလေးတစ်ခုကို ဖန်ခွက်တစ်ခုထဲမှာရှိတဲ့ ရေထဲကို ထည့်လိုက်လို့ရှိရင် အဲဒီရေသည် သောက်မရအောင်

ငန်သွားနိုင်တယ်။ သို့သော် အဲဒီဆားခဲကိုပဲ ရေကန်ကြီးထဲ၊ မြစ်ထဲမှာ ထည့်လိုက်မယ် ဆိုလျှင် ဘာအရသာမှ မပေါ်ဘူး၊ ဘာမှ မဖြစ်ဘူး။ အဲဒါလိုပဲ လူမှာ တချို့ပုဂ္ဂိုလ်တွေမှာ ကောင်းတာတွေ လုပ်ထားတွေက အများကြီး၊ မကောင်းတဲ့ အကုသိုလ် မတော်တဆ လုပ်မိ ဦး။ သူကျတော့ ပျောက်သွားတယ်။ မဝင်လာ တော့ဘူး။ တချို့ကျတော့ ကောင်းတာက မရှိဘူး။ မကောင်းတာတွေက များနေတယ် ဆိုလျှင် ခုနက ဆားခဲကို ဖန်ခွက်ထဲကရေထဲ ထည့်လိုက်သလိုပဲ။ သူကျတော့ ပိုခံရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အခြေအနေ ကောင်းတွေ မရှိဘူး။ အဲဒီသဘောတွေကို ထည့်စဉ်းစားကြည့်လိုက်မယ်ဆိုလျှင် ကံက အကျိုးပေးတယ်ဆိုတဲ့ နေရာမှာလည်း အခြေ အနေတွေပေါ်မှာ မူတည်တယ်။ တစ်ဦးနဲ့ တစ်ဦးဟာ အခြေအနေချင်း မတူဘူး။ မတူ လျှင် အကျိုးပေးတာချင်းလည်း မတူနိုင်ဘူး။

## (တတိယပိုင်း)

(မေး) အဘိဓမ္မာသင်တန်းမှာ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် အောင်မြင်ပြီး အဘိဓမ္မာ ဂုဏ်ထူးဆောင် ပထမ၊ ဒုတိယ၊ တတိယစာမေးပွဲ ဖြေဆိုထားတာ သင်တန်းသူရဲ့ ဒုတိယမေးခွန်း ဖြစ်ပါတယ် ဘုရား။ 'အနာဂတံသ အဘိညာဉ်ဖြင့် မဖြစ်သေးသော အရာများကို မည်ကဲ့သို့ မြင်နိုင်ပါမည်နည်း။ ဥပမာ အနာဂတံသအဘိညာဉ်၏ အာရုံတစ်ခု ဖြစ်သော စိတ်သည် အာရုံနှင့်ဒွါရ တိုက်ဆိုင်မှု (သို့မဟုတ်) အတိတ်ကံတည်း ဟူသော အကြောင်းတရားများကြောင့်သာ ဖြစ်ပေါ်လာနိုင်သော တရားများဖြစ်၍ တစ်စုံတစ်ယောက်က အဘယ်စိတ်ဖြစ်ပြီး အဘယ်စိတ် ဖြစ်ရမည်ဟု ကြိုတင်စီစဉ်ထားခြင်း မရှိပါဘဲလျက် စိတ်ဖြစ်ပေါ်ရန် အကြောင်းတရားများတောင်မှ မဖြစ်သေးချိန်တွင် အဘယ်သို့ ကြိုတင်သိနိုင်ပါသနည်း။'

(ဖြေ) အနာဂတံသ အဘိညာဉ်ဆိုတာ ဒိဗ္ဗစက္ခု အဘိညာဉ်ရဲ့ ဆင့်ပွား (branch) တစ်ခုပေါ့။ အကြောင်းတရားဆိုတာ တစ်ခုတည်း မဟုတ်ဘူး။ အကြောင်းတရားတွေ မြောက်များစွာ ရှိတယ်။ အဲဒီအထဲမှာ နောက်ထပ် အကြောင်းတရားလေးတစ်ခုပေါင်းလို့ရှိရင် ဖြစ်တော့မယ့် အနေအထားလေးတွေရှိတယ်။ အဲဒီတော့ အကြောင်းတရားတွေ လုံးဝမစုစည်းသေးဘူး ဆိုလို့ရှိရင် ဘာဖြစ်မယ်ဆိုတာ ကြိုပြောလို့ မရဘူး။ အခုဟာက ဖြစ်ဖို့ အနေအထား၊ အကြောင်းတရားတွေ တော်တော်ပြည့်ပြည့်စုံစုံ ရှိနေပြီ။ potentiality, possibility conditions ရှိနေပြီးသားမှာ နောက်ထပ် အကြောင်းတစ်ခု ထပ်ပေါင်းလိုက်လို့ရှိရင် ဖြစ်မယ်ဆိုတာကို သေချာသိသည့် အတွက်ကြောင့် ဘာဖြစ်မယ်ဆိုတာကို ပြောလို့ရတယ်။ အခြေအနေတွေ ဖန်တီးထားပြီးသား ရှိနေတယ်။ ဆိုပါစို့။ စေတနာတောင်မှပဲ

အတ္တသာမိက စေတနာဆိုတာ ဒီအကြောင်းတရားတွေလုပ်လျှင် ဒီအကျိုးတရား ကေန်လာမှာပဲဆိုတဲ့ အဲဒီအကျိုးတရားဟာ ကြိုတင်သတ်မှတ်ထားသလို ဖြစ်နေတယ်။ အတ္တသာမိက စေတနာလို့ခေါ်တယ်။ ဒီစေတနာဖြစ်သည်နှင့်တစ်ပြိုင်နက် အကျိုးတရားဟာနောက်ကရှိနေပြီးသား။ ပေါ်တော့ မပေါ်သေးဘူး။ မပေါ်သေးပေမယ့်လို့ ဖြစ်မယ်ဆိုတာလုံးဝသေချာတာ ဖြစ်သည့်အတွက်ကြောင့်အနာဂတ်သအနေနဲ့ ပစ္စုပ္ပန်ဖြစ်ပေါ်နေတဲ့အကြောင်းတရားကိုကြည့်ပြီး အနာဂတ်ကိုထုတ်ဆိုလို့ရတယ်ပေါ့။ ဖွင့်ပြီးတော့ ဟောလို့ရတယ်။ သို့မဟုတ် အနာဂတ်အတွက် အခြေအနေတွေ၊ အခြင်းအရာတွေ (conditions) တွေ သူ့မှာ ပြည့်ပြည့်စုံစုံရှိနေပြီ။ နောက်ထပ် (conditions) လေးတစ်ခု ပေါင်းလိုက်တာနဲ့ တစ်ပြိုင်နက် ဒီပုဂ္ဂိုလ်ဟာ ထူးခြားတဲ့ အခြေအနေတစ်ခုကို ရသွားမယ်။ ဆိုပါစို့။ ဒီပက်ရာ

မြတ်စွာဘုရားထံ သုမေဓာရသေ့ ဗျာဒိတ်ခံတဲ့အချိန်မှာ သုမေဓာရဲ့ သန္တာန်မှာရှိနေတဲ့ စိတ်ဆန္ဒတွေ၊ (conditions) တွေ၊ ပစ္စုပ္ပန်အခြေအနေတွေဟာ အနာဂတ်ကို မပျက်မကွက် သယ်ဆောင်သွားမယ်၊ ဒီအရည်အချင်းတွေဟာ လုံးဝမပျက်စီးဘဲနဲ့ ဖြစ်လိမ့်မယ်ဆိုတာ ဒီပင်္ကရာမြတ်စွာဘုရားရဲ့ ဉာဏ်ထဲမှာ လုံးဝမြင်လာတယ်။ အဲဒီ (conditions) တွေကို အခြေပြုပြီးတော့ ဒီ (conditions) တွေရဲ့ အကျိုးအဆက်ဆက် ဖြစ်ပေါ်မှုကို မြတ်စွာဘုရားရဲ့ ဉာဏ်တော်ထဲမှာ အားလုံးမြင်လာလို့ 'လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလွန်မြောက်တဲ့အခါမှာ ဂေါတမအမည်ရှိတဲ့ဘုရား ပွင့်လိမ့်မယ်' လို့ ဒီလိုပြောလို့ရတာ။ အဲဒီနည်းနဲ့မြင်တာ ဖြစ်ပါတယ်။

(မေး ) 'ပစ္စေကဗုဒ္ဓါနှင့် သမ္မာသမ္ဗုဒ္ဓတို့ မည်သို့ထူးခြားပါသနည်း။ ပစ္စေကဗုဒ္ဓါများ ပဋိသမ္ဘိဒါလေးပါး

ရနိုင်ပါသလား။ အကယ်၍ရနိုင်လျှင် ပဋိဘာန ပဋိသမ္ဘိဒါကိုရလျက် အဘယ်ကြောင့် သူ တစ်ပါးနားလည်အောင် တရားမဟောနိုင်ရပါ သနည်း'။

(ဖြေ) ပစ္စေကဗုဒ္ဓါနဲ့ သမ္မာသမ္ဗုဒ္ဓရဲ့ ထူးခြားချက်တွေ ထဲက တစ်ခုကတော့ ပါရမီဆည်းပူးတဲ့ အချိန် ပိုင်းဟာထူးခြားမှုရှိတယ်။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာ ဘုရားအလောင်းတွေကျတော့ အနည်းဆုံး လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း။ လေး အသင်္ချေ ဆိုတာ မရေမတွက်နိုင်တဲ့ ကမ္ဘာတွေ လေးခါကြုံရတယ်။ တချို့က ပြောကြတယ်။ လေးလို့ဆိုရဲ့သားနဲ့ ဘာဖြစ်လို့ အသင်္ချေ မရေမတွက်နိုင်တာလဲလို့ ပြောကြတယ်။ ဒီလို စဉ်းစားလေ့ရှိကြတယ်။ မဟုတ်ဘူး။ မရေတွက် နိုင်တဲ့ ကမ္ဘာပေါင်း လေးခါကြုံမယ်လို့ ပြောတာ။ ဆိုပါစို့။ ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်ပြီး ကောဏ္ဍည မြတ်စွာဘုရားပွင့်တယ်။

အဲဒီဘုရားနှစ်ဆူကြားမှာ ကမ္ဘာပေါင်း ဘယ်လောက်ဆိုတဲ့ အရေအတွက်မရှိဘူး။ အဲဒီလောက်ကြာပြီးမှ ကောဏ္ဍည မြတ်စွာဘုရား ပွင့်လို့ အဲဒါကို တစ်အသင်္ချေလို့ ယူတယ်။ ကောဏ္ဍညမြတ်စွာဘုရား ပွင့်ပြီးတဲ့အခါမှာ မင်္ဂလဘုရားပွင့်ဖို့ ကမ္ဘာပေါင်း ဘယ်လောက်ကြာတယ်ဆိုတဲ့ အရေအတွက်မရှိဘူး။ အဲဒါ တစ်အသင်္ချေဆိုတော့ နှစ်အသင်္ချေ လွန်သွားပြီ။ အဲဒီလို ကမ္ဘာတွေကို ပြောတာ။ မင်္ဂလမြတ်စွာဘုရားနဲ့ နာရဒမြတ်စွာဘုရားရဲ့ ကြားမှာလည်း ကမ္ဘာပေါင်း ဘယ်လောက် ကြာသွားတယ်ဆိုတာ အရေအတွက် မရှိသည့်အတွက်ကြောင့် တစ်အသင်္ချေ။နောက် အနောမဒဿီမြတ်စွာဘုရားနဲ့ ပဒုမုတ္တရ မြတ်စွာဘုရားကြားမှာလည်း ကမ္ဘာပေါင်း ဘယ်လောက်ကြာတယ်ဆိုတာ အရေအတွက် မရှိသည့်အတွက်ကြောင့် တစ်အသင်္ချေ။ အားလုံးပေါင်းလိုက်တဲ့အခါ လေးအသင်္ချေ။ ပြီးတော့မှ ပဒုမုတ္တရ

မြတ်စွာဘုရားရဲ့ ဒီဘက်ကျတော့ ကမ္ဘာပေါင်း တစ်သိန်း။ အဲဒါကိုပြောတာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဆိုတဲ့ အရေအတွက်က အဲဒီ လို။

ပစ္စေကဗုဒ္ဓါတွေကျတော့ အဲဒီလို လေး အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း မဖြည့်ရဘူး။ နှစ် အသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုလျှင် ပစ္စေက ဗောဓိဉာဏ်က ရင့်ကျက်သွားတယ်။ ပစ္စေက ဗုဒ္ဓါ ဖြစ်နိုင်တဲ့အဆင့် ရှိသွားပြီ။ အဲဒီတော့ ပစ္စေကဗုဒ္ဓါတွေမှာလည်း 'ပစ္စေက' ဆိုတာ သီးခြားလို့ အဓိပ္ပာယ်ရတယ်။ သီးခြားဆိုတာ ဘယ်သူ့မှ ဆရာမတင်ဘဲနဲ့၊ ဘယ်သူ့ဆီကမှ နည်းမယူဘဲနဲ့ သီးခြား ကိုယ်ပိုင်ဉာဏ်နဲ့ ဗုဒ္ဓ ဖြစ်တယ်။ သူ့လမ်းကြောင်း သူ့ဘာသာ ထိုးထွင်းပြီးသိတယ်။ သို့သော် ပစ္စေကဗုဒ္ဓါ တွေက နောက်ဆုံးမှာ ပဋိသမ္ဘိဒါဉာဏ်တွေ ရရှိထားသော်လည်း သူတို့မရတဲ့ ဉာဏ်နှစ်ခု ရှိတယ်။ အဲဒီဉာဏ်က ဘာတုန်းဆိုလျှင်

ဣန္ဒြိယပရောပရိယတ္တိဉာဏ်နဲ့ အာသယာ နုသယ ဉာဏ်။ ဣန္ဒြိယပရောပရိယတ္တိဆိုတာ ဆိုပါစို့ နှိုင်းတော့ မနှိုင်းကောင်းဘူးပေါ့။ စာတော့တတ်တယ်၊ စာမသင်တတ်ဘူး။ တစ်ချို့ တတ်တယ်လေ၊ နားလည်အောင် မပြောတတ်ဘူး။ ဆရာ မလုပ်တတ်ဘူးပေါ့။ ဆရာလုပ်တယ် ဆိုတာကလည်း အရည် အချင်းတစ်ရပ်ပဲ။ သူများနားလည်အောင် ပြောတာ အရည်အချင်းတစ်ရပ်။ သိတိုင်း လည်း နားလည်အောင် မပြောတတ်ဘူး။ ပစ္စေကဗုဒ္ဓါတွေက သိတယ်။ ဒါပေမဲ့ နားလည် အောင် မပြောတတ်ဘူး။ ဘာဖြစ်လို့ နားလည် အောင် မပြောတတ်တုန်းဆိုတော့ တရား နာတဲ့ ပုဂ္ဂိုလ်ရဲ့ သဒ္ဓါစွမ်းအားတွေ၊ ဝီရိယ စွမ်းအားတွေ၊ သတိစွမ်းအားတွေ၊ ပညာ စွမ်းအားတွေ၊ သမာဓိ စွမ်းအားတွေဟာ ရင့်ကျက်ပြီလား၊ မရင့်ကျက်သေးဘူးလား ဆိုတာ မဆုံးဖြတ်နိုင်ဘူး။ မဆုံးဖြတ်နိုင်

သည့်အတွက်ကြောင့် သူဟောတဲ့တရားဟာ တည့်ချင်မှ တည့်တယ်။ နောက်တစ်ခါ အာသယာနုသယဉာဏ်ဆိုတာ တရားနာတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်နေသဘောထား အဲဒီအခြေအနေတွေက ဘယ်လိုရှိသလဲဆိုတာ မသိဘူး။ အဲဒီလို သိနိုင်လောက်အောင် ဉာဏ်မထက်မြက်ဘူး။ မထက်မြက်သည့်အတွက်ကြောင့် ဒီပုဂ္ဂိုလ်ကို ဒီစကားလုံးလေး သုံးပြီးတော့ နားလည်အောင် ဘယ်လိုပြောမယ်၊ ဟိုပုဂ္ဂိုလ်ကိုကျတော့ ဟိုစကားလုံးသုံးပြီး နားလည်အောင် ဘယ်လိုပြောရမယ်ဆိုတဲ့ teacher's abalities ဆရာအရည်အချင်း မရှိဘူးပေါ့။

သမ္မာသမ္ဗုဒ္ဓ ကျတော့ teacher's abalities က အပြည့်အဝရှိတယ်။ လိမ္မာကျွမ်းကျင်တဲ့နေရာမှာ အသာဆုံးဖြစ်တယ်။ ဒါကြောင့်မို့ **အနုတ္တရောပုရိသဒမ္မသာရထိ**တဲ့။ ဆုံးမတဲ့နေရာမှာတော့ အကျွမ်းကျင်ဆုံး ပုဂ္ဂိုလ်လို့ပြောတာ။ ဒီပုဂ္ဂိုလ် ဒါနဲ့တန်တယ်။ ဟိုပုဂ္ဂိုလ်

ကျတော့ ဟိုဟာနဲ့တန်တယ်ဆိုတာ အကုန်သိတယ်။ ဥပမာ ဝက္ကလိလို ပုဂ္ဂိုလ်မျိုးကျတော့ သူက ဘုရားကို ကြည်ညိုတဲ့ သဒ္ဓါကနေပြီးတော့ သဒ္ဓါလွန်တော့ တဏှာဖြစ်တယ်။ ဘုရားရဲ့ ရုပ်အဆင်းတော်မှာ တပ်မက်တဲ့ တဏှာတွေ ဖြစ်လာတယ်။ အဲဒါကြောင့်မို့ ဝက္ကလိကို မြတ်စွာဘုရားက စကားခပ်မာမာ ပြောတာ။ **'ကိံတေ ဝက္ကလိ ပူတိကာယေန ဒိဋ္ဌေန'** ဒီအစဉ်ထာဝရ မတင့်တယ်ဘဲ ပုပ်တဲ့ ခန္ဓာကိုယ်ကြီး ကြည့်နေလို့ ဘာအကျိုးရှိမှာလဲ၊ **'ယော ဓမ္မံ ပဿတိ သောမံ ပဿတိ'** ဓမ္မကို မြင်မှ ငါ့ကိုမြင်မှာ။ ဟုတ်တာပေါ့။ ဘုရားနဲ့ တွေ့နေပေမယ့်လို့ ဓမ္မမသိလိုက်တဲ့ ပုဂ္ဂိုလ်တွေက မထူးဘူးလေ။ တွေ့တာနဲ့မဆိုင်ဘူး။ ဥပမာ-ကောသလမင်းကြီးတို့ဆို သာမန်ဒါန၊ သီလ လောက်နဲ့ပဲ ပြီးသွားတယ်လေ။ သောတာပတ္တိမဂ်၊ သောတ္တာပတ္တိဖိုလ် ဆိုတဲ့ အဆင့် မရောက်ရှာဘူး။ အဲတော့ ဓမ္မကိုမမြင်

လို့ရှိရင် ခုနကထူးခြားတဲ့ အသိဉာဏ်မျိုး ရမှာမဟုတ်ဘူး။ ဒါကြောင့်မို့ ဓမ္မ မမြင်လျှင် ငါ့မမြင်တာနဲ့ အတူတူပဲတဲ့။ ဘုရားလက်ထက် က သာဝတ္ထိပြည်မှာ အများကြီးရှိတာပဲ။ လူဦးရေအများကြီး ရှိတယ်။ တချို့ဆို လုံးဝ မသိတာတွေ အများကြီး။ ဒါကြောင့်မို့ မြတ်စွာ ဘုရားက ဓမ္မကိုမြင်မှ ငါ့ကို မြင်တယ်ဆိုတာ ဟုတ်တယ်။ အဲဒီလို ဝက္ကလိလို ပုဂ္ဂိုလ်မျိုး ကျတော့ အဲဒီလိုပြောမှ သူ့သန္တာန်မှာရှိတဲ့ Attachment (သံယောဇဉ်) ကို ဖယ်နိုင်မှာ ဖြစ်တယ်။

အဲဒါကို နေရာတကာတိုင်း ယူပြီးတော့ 'ကြည့် ဝက္ကလိတောင် ငေါက်တယ်ပေါ့၊ ငါ့မဖူး နဲ့လို့။ ဆင်းတုတော်တွေ၊ ရုပ်ပွားတော်တွေ ဖူးနေတာ အကျိုးမရှိဘူး' လို့ conclusion (ကောက်ချက်ချ)ဆွဲရင်မှားတယ်။ သဒ္ဓါစိတ်နဲ့ ဘုရားဖူးတာကို ခုနက တဏှာစိတ်နဲ့ ဖူးနေတဲ့ ပုဂ္ဂိုလ်ကို ပြောတဲ့စကားနဲ့ သွားပြောလို့ရှိရင်

ဒါ မှားယွင်းပြီးတော့ သူ့ရဲ့ ကုသိုလ်ရမှုကို ပယ်ဖျက်ပစ်ရာရောက်တယ်။အဟန့်အတား လုပ်ရာ ရောက်တယ်။ ငရဲကြီးတယ်ပေါ့။ အရေးကြီးတယ် ဒါက။ မြတ်စွာဘုရားကျတော့ ဆုံးမတဲ့နေရာမှာ ကျွမ်းကျင်မှုရှိတယ်။ ပစ္စေက ဗုဒ္ဓါတွေကျတော့ အဲဒီလိုကျွမ်းကျင်မှုမရှိဘူး။ ကျွမ်းကျင်မှု မရှိသည့်အတွက်ကြောင့် သူတပါး နားလည်အောင် မဟောနိုင်တာ။ နိုင်ငံခြားက ဘာသာပြန်ကြတဲ့သူတွေက ပစ္စေကဗုဒ္ဓဆိုတဲ့ စကားလုံး ဘာသာပြန်ကြတဲ့အခါ Silent Buddha လို့ ဘာသာပြန်လေ့ရှိတယ်။ Silent Buddha ဆိုတာ တရားမဟောတဲ့ ဘုရားပေါ့။ တရားမဟောဘူး ဆိုတာတော့ မမှန်ဘူး။ ပစ္စေကဗုဒ္ဓါတွေ ဟောတဲ့တရားတွေ အများကြီး ရှိတာပဲ။ အရိန္ဒမဇာတ်တို့ ဘာတို့မှာ ကြည့်။ ပစ္စေကဗုဒ္ဓါက ဥပမာ ဥပမေယျနဲ့ တောင် ဟောသွားတာ။ မြစ်ထဲမှာ မျောနေ တဲ့ ဆင်သေကောင်ကြီးပေါ်မှာ ကျီးကန်း

တစ်ကောင်က ရောက်လာပြီး ဒီဆင်ကောင်ကြီး စားရလျှင်တော့ တစ်သက်လုံး ငါဟန်ကျပြီ။ အစာရှာစရာ မလိုတော့ဘူး။ နေစရာလည်း ငါရှိတယ်ဆိုပြီး။ ဆင်ကောင်ကြီးပေါ်နားမယ်၊ စားမယ်၊ စားပြီးလျှင် ရေသောက်လိုက်မယ်။ ရေကလည်းဘေးမှာ ကပ်လျက်ပဲ။ အစာစားချင်လို့ရှိရင် ဆင်ကြီးအသား စားလိုက်မယ်။ နေစရာရှိလျှင်လည်း ဟောဒီဆင်ကြီးပေါ်မှာပဲနေမယ် ဆိုပြီးတော့ ဒီလိုအေးအေးဆေးဆေး နေသွားတာ။ ဆင်သေကောင်ကြီးက ပင်လယ်ထဲ ရောက်သွားတဲ့အခါ လှိုင်းလုံးတွေပုတ်တော့ ကျီးကန်းဟာ ရပ်တည်မှုမရတော့ဘူး။ ဟိုဟိုဒီဒီ ပျံတော့လည်း ကမ်းမတွေ့လို့ ပင်လယ်ထဲမှာပဲ သူဟာ အသက်ဆုံးရတယ်ပေါ့။ အဲဒီဇာတ်လမ်းကို ပစ္စေကဗုဒ္ဓါကဟောတာ။ အရိန္ဒမမင်းကြီးကို အဲဒီဥပမာပြပြီး ကာမဂုဏ်အာရုံတွေထဲမှာ နစ်မြုပ်နေမယ်ဆိုလျှင် မင်း ကျီးမိုက်လို ဖြစ်လိမ့်မယ်လို့

ဒီလိုဟောတာ။ အဲဒီတော့ ပစ္စေကဗုဒ္ဓါက Silent Buddha တော့ မဟုတ်ဘူး။ တရား အကျွတ်ရအောင် မဟောနိုင်တာ၊ တရားထူး တရားမြတ်ရအောင် မဟောနိုင်တာတော့ အာသယာနုသယနဲ့ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ် မရသည့်အတွက်ကြောင့် ပုဂ္ဂိုလ်ရဲ့စရိုက် ကို မသိဘူး။ မသိသည့် အတွက်ကြောင့် ဟောတော့ဟောတယ်။ မထိရောက်ဘူးလို့ ပြောတာ။ ဒါဖြင့် အရှင်သာရိပုတ္တရာတို့၊ အရှင်မောဂ္ဂလာန်တို့ ဟောတော့ ကျွတ်တယ်၊ ပစ္စေကဗုဒ္ဓါဟောတာ ဘာကြောင့်မကျွတ်တုန်း ဆိုတော့ အရှင် သာရိပုတ္တရာတို့၊ အရှင် မောဂ္ဂလန်တို့က ကိုယ်ပိုင်နည်းစနစ် မဟုတ် ဘူး။ ဘုရားဆီကရတဲ့နည်းနဲ့ ဟောတာ။ ဘယ်သူဟောဟော ဘုရားရဲ့ တရားပဲ။ ဘုန်းကြီးတို့ အခုဟောနေတာ ကိုယ်ပိုင်ဉာဏ် နဲ့ ဟောနေတာတွေမဟုတ်ဘူး။ ဘုရားဆီက

နည်းယူပြီး ဟောတာတွေချည်းပဲ။ ကိုယ်ပိုင် တရား မဟုတ်ဘူး။

ပစ္စေကဗုဒ္ဓါက သူက ကိုယ်ပိုင်တရား။ ကိုယ်ပိုင်တရား အနေနဲ့ တခြားဆီကလည်း နည်းယူစရာမရှိသည့်အတွက်ကြောင့် ပစ္စေက ဗုဒ္ဓါတွေမှာ အာသယာနုသယဉာဏ် မရှိဘူး။ အဲဒီအချက် အလက်တွေတော့ သမ္မာသမ္ဗုဒ္ဓနဲ့ ပစ္စေကဗုဒ္ဓါ ထူးခြားပါတယ်လို့ ဒီလိုပြောရ မယ်။

အဋ္ဌကထာ တစ်နေရာမှာ ပစ္စေကဗုဒ္ဓါကို ဥပမာလေးတစ်ခု ပေးထားတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေဟာတဲ့ ကိုယ်တိုင် တရားထူး တရားမြတ် သိထားပေမယ့် စကားမပြော တက်တဲ့လူ အိပ်မက်, မက်ထားသလိုပဲ၊ ပြန် မပြောတတ်ဘူးလို့ ဆိုတယ်။ အဲဒီဥပမာ ကတော့ နည်းနည်းလွန်သွားတယ်လို့ ထင်ပါ တယ်။ ဒါက အဋ္ဌကထာထဲမှာ ပါတာလေး ရှိတယ်။ တင်စားလိုက်တာကတော့ ကျွတ်

အောင် မဟောတတ်တဲ့ သဘောလောက်ကို ရည်ညွှန်းတာ။ ဘာဖြစ်လို့ လူတစ်ဖက်သားကို ကျွတ်အောင် မဟောတတ်သလဲ၊ တရားထူး၊ တရားမြတ်ရအောင် မဟောနိုင်သလဲဆိုရင် ခုနက အာသယာနုသယဉာဏ်နဲ့ ဣန္ဒြိယပရော ပရိယတ္တိဉာဏ်လို့ခေါ်တဲ့၊ ဗုဒ္ဓစက္ခုမျိုး မရှိလို့ပဲ။ မြတ်စွာဘုရား တရားဟောပြီးဆိုရင် '**ဗုဒ္ဓ စက္ခုနာ လောကံ ဝေါလောကတိ**'။ ဗုဒ္ဓစက္ခုနဲ့ လောကကြီးကို ကြည့်တယ်လို့ ဆိုတယ်။ အဲဒါ ကြည့်ပြီးမှဟောတာ။ ဒါကြောင့်မို့ မြတ်စွာ ဘုရားက ဆရာကောင်းတစ်ယောက်နဲ့ အလား တူတယ်။ တပည့်တွေရဲ့ အရည်အချင်းကို သိတယ်။ ဒီတပည့်တွေကို ဘယ်လိုသင်ရမယ် ဆိုတာ အရည်အချင်းကို သိတယ်။ အဲဒီလို သိပြီးတော့ သင်တတ်တဲ့ ဆရာလိုပဲ။ ပစ္စေက ဗုဒ္ဓါက သိတော့သိတယ်၊ မသင်တတ်တဲ့ ဆရာပေါ့။ အဲဒီလို ကွဲပြားမှုကရှိပါတယ်။

(မေး) သုဒ္ဓဝိပဿနာပုဂ္ဂိုလ်များ မဂ်ဖိုလ်ရသောအခါ ဥပစာရဘာဝနာ၏ ဝေဒနာအတိုင်း တစ်နည်း ပထမဈာန်နှင့် ညီမျှသော မဂ်ဖိုလ်ကိုသာ ရသည်ဟု သိထားပါသည်။ သို့ဖြစ်ရာ စိတ်အကျဉ်း (၈၉)ပါးကို ရေတွက်ရာ၌ လောကုတ္တရာစိတ်(၈)ပါးကို အဘယ်ကြောင့် သောမနဿကို ဥပေက္ခာ၌ပါ ထည့်သွင်း၍ ရေတွက်ရပါသနည်း။ သောမနဿသာ ဖြစ်သင့်သည် မဟုတ်ပါလား။

(ဖြေ) မဂ်ဖိုလ်ကို ရေတွက်တဲ့အခါမှာ စိတ်အကျဉ်းကျတော့ သောမနဿလည်း ဖြစ်နိုင်တယ်။ ဥပေက္ခာလည်း ဖြစ်နိုင်တယ်။ သောမနဿသာ ဖြစ်ရမယ်လို့ ဆိုလို့မရဘူးပေါ့။ အဲဒီတော့ ရှေ့က ဝိပဿနာဉာဏ်ကို အခြေခံတဲ့အခါမှာ ဝေဒနာနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်က ဝိသုဒ္ဓိမဂ်မှာတော့ ပါပါတယ်။ ဝေဒနာနိယာမလို့ ဆိုတာ။ ဝိပဿနာကို အခြေပြုပြီးတော့

ရလာတဲ့ မဂ်ဖိုလ်ဆိုလို့ရှိရင်၊ ဝိပဿနာက အဆုံးအဖြတ်ပေးတဲ့ မဂ်ဖိုလ်ဆိုလို့ရှိရင် ဝိပဿနာရဲ့ ဝေဒနာ အားလျော်စွာ နောက်က ဝေဒနာဖြစ်တယ်။ နောက် ဈာန်ကို အခြေပြုပြီး တော့ ဖြစ်ပေါ်လာတာဆိုရင် ဈာန်အားလျော် စွာ ဖြစ်တယ်လို့ ဒီလိုဆိုတယ်။ အဲဒီတော့ သာမန် လောကုတ္တရာစိတ် (၈)ခုကိုသာ ပြောလို့ရှိရင် ဝေဒနာနှစ်မျိုးစလုံးဟာ အခြေ အနေအရ ဖြစ်ပေါ်လာတဲ့ အကြောင်းတရား၊ သူ့ရဲ့ လမ်းကြောင်းအတိုင်း ဝေဒနာက သောမနဿလည်း ဖြစ်နိုင်တယ်။ ဥပေက္ခာ လည်း ဖြစ်နိုင်တယ်။ ဒါကြောင့် ဖြစ်နိုင်တဲ့ possibility အရ သောမနဿ၊ ဥပေက္ခာ နှစ်မျိုးခွဲပြီးတော့ ပြောတာ။ ခုနက ဈာန်နဲ့ ခွဲလိုက်တဲ့အခါကျတော့ ပထမဈာန်၊ ဒုတိယ ဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကို သောမနဿလို့ ယူပြီးတော့ ပဥ္စမဈာန်နဲ့ တူတာကျတော့ ဥပေက္ခာလို့ယူတယ်။ အဲဒါ

ကျတော့ တိတိကျကျ ပြောလို့ရတယ်။ ခုနကတော့ possibility ပြောတာမို့ တိတိကျကျ မပြောဘူး။ သောမနဿ ဖြစ်စေ (သို့မဟုတ်) ဥပေက္ခာဖြစ်စေလို့ နှစ်မျိုးယူပြီးတော့ ခွဲတာဖြစ်ပါတယ်။ ဒါက အတိအကျ ပြောလို့မရဘူး။ ပုဂ္ဂိုလ်ပေါ် မှာ မူတည်တယ်။ ပုဂ္ဂလဇ္ဈာသယ။ တချို့က ငါရလာတဲ့မဂ်ဟာ သောမနဿ ဖြစ်ချင်တယ် (သို့မဟုတ်) ဘာ ဈာန်နဲ့ ညီမျှချင်တယ် ဆိုလို့ရှိရင် ထိုပုဂ္ဂိုလ်ရဲ့ဆန္ဒအတိုင်း ဖြစ်တာရှိတယ်။ ဒါကို ပုဂ္ဂလဇ္ဈာသယလို့ ခေါ်တယ်။ ပါဒကဈာန်ကို အခြေပြုလာလို့ရှိရင် ပါဒဈာန်နဲ့ အခြေအနေ အတိုင်း သွားတာ။ အဲဒီတော့ လူရဲ့ စိတ်ဆန္ဒက တစ်ဦးနဲ့ တစ်ဦး မတူတတ်ဘူး။ မတူတော့ အတိအကျပြောလို့တော့ မရဘူးပေါ့နော်။ သူ အခြေပြုလာတာကို ကြည့်ပြီးတော့ ဖြစ်နိုင်တာကို ပြောတာ။ ယေဘုယျ အပြောမျိုးလို့ မှတ်သင့်ပါတယ်။

(မေး) နောက်မေးခွန်းတစ်ခု အနေနဲ့ ဝိသုဒ္ဓိမဂ် တတိယအဆင့်ကို တက်ရောက်သင်ကြား နေတဲ့ သင်တန်းသူတစ်ဦးမေးတာ ဖြစ်ပါတယ် ဘုရား။

'နိရောဓသမာပတ် ဝင်စားရာ၌ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ၊ မဖြစ်ကြောင်းကို လည်း သိပါပြီဘုရား။ ဆရာတော် တစ်ပါးက စေတနာဆိုတာ စေတသိက်၊ ကံဖြစ်သော ကြောင့် ကံကြောင့်ဖြစ်သော ကမ္မဇရုပ်လည်း စိတ်၊ စေတသိက် မရှိသောကြောင့် မဖြစ်ဟု ပြောပါတယ်။ နောက်တစ်ဖန် ပါစကဝမ်းမီး သည် ခုနှစ်ရက်လုံး အစာ၊ ရေ လိုလားသော ကြောင့် သမာပတ်မှ ထလျှင်ထချင်း အစား စားရသည်ဟု ပြောပါသည်ဘုရား။ တပည့် တော် သိထားသည်မှာ ပါစက ဝမ်းမီးသည် ကံကြောင့်ဖြစ်သော ရုပ်ဟု ထင်ရှားပါ၍ ကွာခြားမှုများ ဖြစ်နေပါသည် ဘုရား။ ထို့ကြောင့် နိရောဓသမာပတ် ဝင်စားခိုက်

အဘယ့်ကြောင့် အဘယ်ရုပ်များဖြစ်ပြီး၊ အဘယ့်ကြောင့် အဘယ်ရုပ်များ မဖြစ်သည်ကို ကရုဏာရှေ့ထား၍ ဖြေကြားပေးတော်မူပါ ဘုရား။

(ဖြေ) ဒီအယူအဆက ကံဆိုတဲ့ အယူအဆမှာ မရှင်းလို့ ဒီပြဿနာ သွားပေါ်တာ။ ဆိုပါစို့။ ဥပမာ တစ်ခုပြောမယ်။ မျိုးစေ့လေးက ကံ ဆိုပါစို့။ အဲဒီမျိုးစေ့လေးကနေပြီးတော့ အမြစ်ထွက်၊ အမြစ်ကလေး ဆင်းပြီးတော့ အညောင့်ကလေး ထွက်လာတဲ့အခါမှာ အဲဒီမျိုးစေ့ကလေး ရှိသေးလား၊ မရှိတော့ဘူးလားဆိုတာ စဉ်းစားရမယ်။ မျိုးစေ့ကလေး ပုပ်သွားပြီ မဟုတ်လား။ ပုပ်သွားလို့ရှိရင် ဒီသစ်ပင်က ဘာတွေနဲ့ ဆက်ရှင်နေတုန်းဆိုလို့ရှိရင် ရေဓာတ်၊ မြေဓာတ်၊ အလင်းရောင်၊ အပူငွေ့ ဒါတွေနဲ့ ဆက်ပြီးတော့ ရှင်သန်နေတာ။ သူ့ရဲ့ မိခင်ဖြစ်တဲ့ မျိုးစေ့က မရှိတော့ဘူး။ ကျန်တဲ့

အထောက်အပံ့တွေနဲ့ ရှင်သန်နေတာ။ အဲဒါ လိုပဲ ကံကြောင့်ဖြစ်လာတဲ့ ကမ္မဇရုပ်တွေက ကံမရှိပေမယ့်လို့ စိတ်တွေ၊ ဥတုတွေနဲ့ဆက်ပြီး ရှင်သန်နေတာ။ အဲဒီတော့ နိရောဓသမာပတ် ဝင်စားနေတဲ့အချိန်မှာ ခေတ္တခဏ ရပ်တန့် သွားတာကတော့ စိတ်အားလုံး၊ စေတသိက် အားလုံး၊ ထိုစိတ်၊ စေတသိက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇရုပ်အားလုံး၊ ဒါပဲ ရပ်တန့်သွားတယ်။ ကျန်တာတော့ မရပ်တန့်ပါ ဘူး။ ကမ္မဇရုပ်သည် စုတိစိတ်နဲ့ ပြိုင်ပြီးတော့ ချုပ်တာ။ မွေးဖွားလာတော့လည်း ပဋိသန္ဓေ စိတ်နဲ့ ပြိုင်တူဖြစ်လာတာ။ ဒါ မူလကမ္မဇရုပ် တွေပေါ့။ ကမ္မဇရုပ်တွေ နောက်ထပ် တိုးတက် လာတာလည်း ရှိတယ်။

ကမ္မဇရုပ်က ဘယ်ကနေ စဖြစ်တာတုံး ဆိုလျှင် သူ့ကို ဖန်တီးလိုက်တဲ့အရာကတော့ ကံပဲ။ ကံကနေပြီးတော့ ထုတ်လုပ်လိုက်လို့ ပဋိသန္ဓေအခါက ကမ္မဇရုပ်က စဖြစ်လာတာ။

အဲဒီစဖြစ်လာတဲ့ ကမ္မဇရုပ်သည် ကံရဲ့ အရှိန် အဟုန် မကုန်မချင်း စိတ္တက္ခဏတိုင်း ခဏတိုင်း ဖြစ်တယ်။ စိတ်ရဲ့ ခဏတိုင်းဆိုတာ စိတ်မှာ ခဏသုံးမျိုးရှိတယ်။ ဖြစ်၊ တည်၊ ပျက်။ အဲဒီ တော့ ကမ္မဇရုပ်ဟာ စိတ်ဖြစ်နေတဲ့အခိုက်မှာ ဖြစ်တယ်။ တည်တဲ့အခိုက်မှာ အသစ်လာ တယ်။ ပျက်သွားတဲ့ အချိန်မှာလည်းဖြစ်တယ်။ နောက်ထပ် စိတ်ဖြစ်တိုင်းလည်း အသစ် အသစ်တွေ ဖြစ်လာတယ်။ ဥပမာ-ပဋိသန္ဓေ စိတ်ရဲ့ ဥပါဒ်ခဏမှာဆိုလျှင် ကမ္မဇရုပ် သုံးဆယ်လို့ပြောတယ်။ ကမ္မဇရုပ် သုံးဆယ်။ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက- ရုပ်သုံးဆယ်နဲ့ ဖွဲ့စည်းထားတဲ့ ကလလ။ ပဋိသန္ဓေစိတ်ရဲ့ ဌီခဏရောက်ပြီဆိုလျှင် ခြောက်ဆယ်ဖြစ်သွားတယ်။ နောက်ထပ် ထပ် တိုးလာတယ်။ သင်ခဏရောက်လျှင် ကိုးဆယ် ဖြစ်သွားတယ်။ တိုးနေတာ သူက။ အဲဒီအချိန် မှာ ပထမဆုံးဖြစ်တဲ့ အချိန်သာ ကမ္မဇက

စိတ်ကို အမှီပြုတာ၊ နောက်တစ်ကြိမ်ကျတော့ ကံအားနဲ့ ကံရဲ့ Energy နဲ့ ကမ္ဘဇရုပ်က သွားနေတာ။ ဒါကြောင့်မို့ စိတ်နဲ့တိုက်ဆိုင်မှု ကိုသာပြောတာ။ စိတ်က ဖြစ်စေတာမဟုတ်ဘူး။ အဲတော့ ဒီကမ္ဘဇရုပ်က စိတ်ချုပ်သွားသော်လည်း ကမ္ဘဇရုပ် မချုပ်ဘူး။ အသစ်သစ်ဖြစ်တာ ဘယ်အထိအောင် သွားသလဲဆိုလို့ရှိရင် စုတိစိတ်ကနေ နောက်ပြန်ရေတွက်ကြည့်လိုက်လို့ရှိရင် (၁၇) ချက်မြောက် စိတ်ရဲ့ ဥပါဒ်ထိအောင် ဖြစ်သေးတယ်။ ဒါနောက်ဆုံးပဲ။ ဌီခဏကနေစပြီး ကမ္ဘဇရုပ်အသစ် မဖြစ်တော့ဘူး။ စုတိစိတ်နဲ့ ပြိုင်ပြီး သူချုပ်မယ်။ ဒီကြားထဲမှာ ကမ္ဘဇရုပ် ဘယ်တော့မှ ရပ်တန့်ပြီးတော့ မနေဘူး။ ကံကနေပြီးတော့ ထုတ်လုပ်လိုက်တဲ့ Energy ရှိနေသမျှ သွားနေမှာပဲ။ ဥပမာ- ရှေ့ကတ်တစ်ခုဟာ လောင်ချာနဲ့ လှမ်းပစ်လိုက်လို့ရှိရင် သူ့ရဲ့ Energy ရှိသမျှ သွားမှာပဲ။ ကြားထဲမှာ ဒီ့ပြင်

ဒုံးပျံတစ်ခုကနေ ပစ်ချခံလိုက်ရလျှင်တော့ ဒါ ဥပစ္ဆေဒက ကံပေါ့။ သူ့အရှိန်ရှိလျှင် သူက သွားနေတာ။ အဲဒီလို ဘဝတစ်ခု စကတည်းက ကမ္မဇရုပ်တွေက ဆက်ပြီးတော့ သွားနေတာ။ ကမ္မဇရုပ်ကို ထုတ်လိုက်တဲ့ စေတနာသည် အတိတ်ကံသာ ဖြစ်တယ်ပေါ့။ လက်ရှိစေတနာ နဲ့ မဆိုင်ဘူး။ ဒါကြောင့်မို့ နိရောဓသမာပတ် ဝင်စားနေတဲ့အချိန်မှာ ကမ္မဇရုပ်တွေ မချုပ်ပါ ဘူး။ ကမ္မဇရုပ်တွေ ရှင်သန်နေဆဲပါ။ ချုပ်တာ က စိတ္တဇရုပ်ပဲ ချုပ်တယ်။ နောက်ပြီးတော့ စိတ်နဲ့ပတ်သက်တာတွေ အကုန်ချုပ်တယ် ပေါ့။ အစာအာဟာရ မစားသည့်အတွက် ကြောင့် အာဟာရဇရုပ် အသစ်မဖြစ်ဘူး။ (Food Effect) တော့ ရှိနေမှာပဲပေါ့။ ဒါ့ကြောင့်မို့ ခုနစ်ရက်ကြာတဲ့အခါ ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်ကြောင့် အစာစားရတယ်။ နောက် ထပ် အာဟာရရုပ် အသစ်တွေ ထုတ်လုပ်ဖို့ ဖြစ်တာပါ။

(မေး) နောက် မေးခွန်းတစ်ခုကတော့ ဝိသုဒ္ဓိမဂ် တတိယအဆင့် သင်တန်းသားတစ်ဦးရဲ့ မေးခွန်းဖြစ်ပါတယ် ဘုရား။ 'ဆရာတော်ခင်ဗျား။ တပည့်တော်သည် ဝိသုဒ္ဓိမဂ် တတိယဆင့်သင်တန်းမှ သင်တန်းသားတစ်ဦး ဖြစ်ပါသည် ဘုရား။ တပည့်တော် မေးမြန်း လျှောက်ထားလိုသည့်ကိစ္စမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းနှင့် ပတ်သက်သည့် ပြဿနာပါဘုရား။ ယခုအခါ လူပုဂ္ဂိုလ်တစ်ဦးက နိဗ္ဗာန်နှင့် ပတ်သက်သည့် အကြောင်းအရာများ ဟောပြော၊ စာအုပ်ရေးသား ထုတ်ဝေလျက် ရှိပါတယ်ဘုရား။ ထိုပုဂ္ဂိုလ်ဟောကြားနေသည့် အကြောင်းအရာများထဲမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းနှင့် ပတ်သက်သည့် အချက်အချို့မှာ တပည့်တော်တို့ သင်ကြားနာယူမှတ်သားခဲ့ရသည့် အဘိဓမ္မာ ဋီကာကျော် ဝိသုဒ္ဓိမဂ်ကျမ်းစာများတွင် ပါဝင်သည်များနှင့် ကွဲလွဲမှုရှိနေသည်ဟု ယူဆမိသည့်အတွက်

ဝိဝါဒ ကွဲပြားမှုကို ဆရာတော်ဘုရားက ရှင်းလင်းပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား။ အဆိုပါ ပုဂ္ဂိုလ်၏ ဟောပြောပို့ချချက်နှင့် စာအုပ်ရေးသား ထုတ်ဝေမှုတို့မှ ဝိဝါဒဖြစ်စေသည့် အဆိုနှင့် စောဒနာတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် ဘုရား။

(၁) ထိုပုဂ္ဂိုလ်က နိဗ္ဗာန်ကို ရုပ်၊ နာမ်ဖြင့် မျက်မှောက်မပြုနိုင်။ မမြင်နိုင်။ မဂ်ဉာဏ်ဖြင့်သာ မျက်မှောက်ပြုနိုင်တယ်ဟု ဆိုပါတယ် ဘုရား။ ထိုသို့ ဆိုရခြင်းမှာ နိဗ္ဗာန်သည် ဖြစ်ပျက်မရှိသော အသင်္ခတဓာတ်ဖြစ်ပြီး ရုပ်၊ နာမ်သည် သင်္ခတဓာတ်ဖြစ်၍ သဘော သဘာဝ မတူသောကြောင့် ရုပ်၊ နာမ်ဖြင့် နိဗ္ဗာန်ကို မမြင်နိုင်ဟု ယုတ္တိပြ၍ စောဒက တက်ခြင်းဖြစ်ပါသည် ဘုရား။

(၂) မဂ်ဉာဏ်သည် စိတ်မဟုတ်။ စိတ်နှင့် မဂ်ဉာဏ်သည် တစ်ခြားစီ။ မဂ်ဉာဏ်သည်

အသင်္ခတဓာတ်ဟု ဆိုပါသည်ဘုရား။ တပည့်တော်တို့ သင်ကြား မှတ်သားခဲ့ရသည့် ဗုဒ္ဓအဘိဓမ္မာတွင်မူ ရုပ်တရားသည် သိတတ်သည့်သဘောမရှိ၍ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဆိုခြင်းမှာ အငြင်းပွားဖွယ် မရှိသော်လည်း နာမ်တရားတွင်မူ အကျဉ်း (၈၉)၊ အကျယ် (၁၂၁)ပါး၌ နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် မဂ်စိတ်၊ ဖိုလ်စိတ်များ ဖြစ်သည့် လောကုတ္တရာစိတ်များ အကျုံးဝင်ပြီး ဖြစ်ပါသည်ဘုရား။ မဂ်ဉာဏ် ဆိုသည်မှာလည်း မဂ်စိတ်၌ယှဉ်သော၊ မဂ်စိတ်နှင့် ခွဲမရသော အမောဟခေါ် ပညာစေတသိက်သာ တရားကိုဖြစ်ပြီး ပညိန္ဒြေထူး လေးပါးဖြင့် မဂ်လေးတန်ကို ထွင်းဖောက် သိမြင်နိုင်သည့် ဉာဏ်ထူးသာဖြစ်သည်ဟု တပည့်တော်တို့ နားလည်ထားပါသည်ဘုရား။ ယင်းမဂ်ဉာဏ်သည်လည်း စိတ်တက္ခဏာတစ်ခုမျှသာဖြစ်ပြီး၊ ဖြစ်ပြီးပျက်သည့်သဘောရှိသည့် အားလျော်စွာ

သင်္ခါရတနယ်ပယ်၌ အကျုံးဝင်သော်လည်း ဝိပဿနာရှုသင့်သည့်တရားမဟုတ်၍ ဥပါဒါန က္ခန္ဓာ၌ ထည့်သွင်းခြင်းမပြုဟု နားလည်ထား ပါသည် ဘုရား။ သို့ဖြစ်ပါ၍ တပည့်တော်တို့ သင်ကြားမှတ်သားခဲ့ရသည်များနှင့် အဆိုပါ ပုဂ္ဂိုလ်၏ ဟောပြောချက်များ ကွဲပြားနေသည် ဟု ယူဆမိ၍ ဆရာတော်ဘုရားက ရှင်းလင်း ဟောကြားပေးပါရန် ရိုသေစွာ တောင်းပန် လျှောက်ထားအပ်ပါသည် ဘုရား။

(ဖြေ) အကျဉ်းချုပ်အားဖြင့် ပြောမယ်ဆိုလျှင် စာထဲ မှာပါတဲ့၊ သင်ထားတဲ့အတိုင်းက အမှန်ပါ။ ခုနကပြောတဲ့ပုဂ္ဂိုလ်က ရုပ်နဲ့ နာမ်နဲ့ မကွဲတဲ့ ပုဂ္ဂိုလ် ဖြစ်မယ်။ မဂ်ဖိုလ်ကို စိတ်မဟုတ်ဘူးလို့ ပြောကတည်းက စိတ် (၈၉) ပါးမှာ မဂ်ဖိုလ် ပါနေတယ်ဆိုတာ သိနေတာပဲ။ ဒီစိတ်က သာမန်စိတ်တော့ မဟုတ်ဘူးပေါ့။ လေ့ကျင့်ယူ လို့ ဝိပဿနာအသိဉာဏ်တွေ ဖြစ်ပြီးတဲ့နောက်

မှာ Attainment ခေါ်တာပေါ့။ အဲဒီသဘော လေးတွေတောင်မှမသိဘဲနဲ့ နိဗ္ဗာန်ကို တက်ပြီး တော့ ကိုင်တယ်ဆိုတော့ တော်တော်ကို သတ္တိ ကောင်းတယ်လို့ ပြောရမှာပေါ့နော်။ အဲဒီတော့ ကိုယ်သိထားတဲ့၊ ကိုယ်သင်ထားတဲ့စာဟာ မှန်ကန်တဲ့လမ်းကြောင်းပဲ။ ဒို့ပြင် လောက ကြီးမှာ မမှန်မကန်တွေ ပြောနေတာတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့်မို့ သိအောင် သင်ကြားဖို့က သိပ်အရေးကြီးတယ်။ မရှင်း သေးလို့ရှိရင် ထပ်ပြီးတော့ မေးဖို့က လိုအပ် ပါတယ်။

ဒီတင်မကဘူး။ Buddhism ဆိုပြီး ခေါင်းစဉ်တပ်ပြီးတော့ စာအုပ်တွေ ရေးကြ တယ်။ နိုင်ငံတကာမှာ။ နာမည်ကတော့ Buddhism ပဲ။ ဒါပေမဲ့ သူ့အာဘော်တွေ၊ သူရေးချင်ရာတွေ ရေးတယ်ပေါ့။ Buddhism မဟုတ်ဘူး။ အဲဒီလိုပဲ အများကြီးရှိတယ်။ တလောက မလေးရှား၊ စင်ကာပူသွားတော့

စင်ကာပူက ဒကာတွေက Internet ကနေ ထုတ်ပြီးတော့ ဆောင်းပါးတစ်ပုဒ်လာပြတယ်။ မလေးရှားဘုန်းကြီးတစ်ပါးက အင်တာနက်မှာ တင်ထားတယ်။ ဆောင်းပါးလေးတစ်ပုဒ် ရေးထားတယ်။ သူ့ဆောင်းပါးထဲမှာ ဘာပါတုံး ဆိုလျှင် သောတာပန်၊ သကဒါဂါမ် မဖြစ်ဘဲနဲ့ အနာဂါမ်ကိုခုန်ကျော်ပြီးဖြစ်တာ အထောက်အထားရှိတယ် ဆိုပြီးတော့ ရေးထားတယ်။ အဲဒီတော့ နောက်ကနေ ဘွဲ့ထူးတွေ တပ်လို့ရှိရင် လေးတန်းကနေ စတက်ရမယ်နော်။ နှိမ့်ဆိုလျှင် ခုန်ပြီးတော့သွားတယ်လို့ ထင်နေလိမ့်မယ်။ (ရယ်သံများ) သူက ဥဂ္ဂသုတ်ကို ထောက်ပြီးတော့ ဥဂ္ဂဥပါသကာက သူဟာ အနာဂါမ်ပါလို့ပြောတာ။ သူက သောတာပန် မဖြစ်ဘူး။ သကဒါဂါမ် မဖြစ်ဘူးလို့ သူက အဲဒါကို အထောက်အထား ယူတယ်။ အဲဒါ အဓိပ္ပါယ်မရှိတာမျိုးပေါ့။

လူတစ်ယောက်ရဲ့ ထင်မြင်ယူဆချက်တွေကို တရားတော်တွေထဲ လာရေးပြီး ညစ်ထေးမှု (pollution) ဖြစ်အောင် မလုပ်ထိုက်ဘူး။ ကိုယ့်အယူအဆတွေနဲ့ ဗုဒ္ဓရဲ့ အစစ်အမှန်တွေ၊ စာပေကလာတဲ့ အစစ်အမှန်တရားတွေကို pollution ဖြစ်အောင် မလုပ်ထိုက်ဘူး။ ဒါက pollution ဖြစ်အောင်လုပ်တာပဲ။ Dhamma pollution ပဲ။ Air pollution က ကျန်းမာရေးကို ထိခိုက်စေသလိုပဲ Dhamma pollutionက အသိဉာဏ်ကို ထိခိုက်စေတယ်။ Water pollution က ကျန်းမာရေးကို ထိခိုက်စေတယ်။ Dhamma pollution က အသိဉာဏ်ကို ထိခိုက်စေပြီးတော့ နိဗ္ဗာန်လမ်းကြောင်းကို ဝေဝေဝါးဝါးဖြစ်သွားစေနိုင်တယ်ပေါ့။

အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ သင်ထားတဲ့အတိုင်း နိဗ္ဗာန်ဆိုသည်မှာ 'လောကုတ္တရာသင်္ခါတံ' လောကမှ ထွက်မြောက်သွားတဲ့

တရားတစ်ခု။ 'စတုမဂ္ဂ ဉာဏေန သစ္စိကာတဗ္ဗံ' မဂ်လေးပါး ဉာဏ်နဲ့သာ သိနိုင်တယ်။ သာမန်ဉာဏ်နဲ့ကျတော့ မှန်းဆပြီးတော့ သိရတယ်။ 'စတုမဂ္ဂ ဉာဏေန သစ္စိကာ တဗ္ဗံ' ဒါလေး မှတ်ထားဖို့ပါပဲ။ နိဗ္ဗာန်ကို ရုပ်နာမ်နဲ့ မသိနိုင်ဘူးဆိုတော့ ရုပ်နဲ့မသိနိုင်တာတော့ ဟုတ်တယ်။ နာမ်ဆိုတဲ့စကားက နိဗ္ဗာန်တောင်မှပဲ တစ်ခါတစ်ရံ နာမ်လို့ သုံးတယ်လေ။ ဘာဖြစ်လို့ နာမ်သုံးထားတာလဲဆိုတော့ နာမရဲ့ အဓိပ္ပာယ်ကိုက ညွတ်ကိုင်းခြင်းလို့ ဆိုတယ်။ ညွတ်ကိုင်းခြင်းနဲ့ ညွတ်ကိုင်းစေခြင်း။ နိဗ္ဗာန်သည် မဂ်ဖိုလ်စိတ်တွေကို သူ့ဆီကို ညွတ်ကိုင်းစေလို့ သူ့ကို နာမ်လို့ခေါ်တာ။ မဂ်ဖိုလ်စိတ်တွေကလည်း နိဗ္ဗာန်အာရုံကို ညွတ်ကိုင်းတာ။ ညွတ်ကိုင်းလို့နာမ်လို့ခေါ်တာ။ သူ့ရှုထောင့်နှင့်သူ သုံးထားတဲ့စကားလုံး။ ဒီစကားလုံးတောင် မှန်အောင်မသုံးဘူးဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်ရဲ့ အရည်အချင်းက ဘာလဲ?၊ ပြောချင်လို့

ပြောနေတာမျိုး ဖြစ်သွားပြီ။ စာနဲ့ပေနဲ့ ပြောတာမျိုး မဟုတ်ဘူး။ ဒါကြောင့် ဒါတွေက သိပ်ပြီးဂရုစိုက်စရာလည်းမလိုပါဘူး။

လောကမှာ ဒီလိုထင်ရာမြင်ရာ ပြောနေတတ်တဲ့သူတွေ အများကြီးရှိတယ်။ အဲတော့ ထင်ရာမြင်ရာ ပြောတဲ့အထဲက ကိုယ်က အမှန်သိဖို့တော့ ကြိုးစားရမယ်ပေါ့။ အမှန်သိဖို့ ကြိုးစားတယ်ဆိုတာ နိဗ္ဗာန်ရဲ့အကြောင်း ရေးထားတဲ့အထဲကနေပြီး တကယ့်ကို နိဗ္ဗာန်ဆိုတာ ဘယ်လိုဟာမျိုးလဲ။ နိဗ္ဗာန်နဲ့ ပတ်သက်လာလို့ရှိလျှင် ပြဿနာက တစ်ချို့တွေက metafortically ရေးထားတာမျိုးတွေ ရှိတယ်။ အဲတော့ ကိုယ်သိရမှာကတော့ မြတ်စွာဘုရားဟောထားတဲ့ မွေစကြာတရားပဲ အလေးထားကြည့်။ ဘုန်းကြီးတို့မြန်မာပြည်မှာ မြတ်ဗုဒ္ဓဒေသနာဆိုတဲ့အမည်နဲ့ ဘာသာပြန်ထားတဲ့ သီဟိုဠ်က ဒေါက်တာဝါပိုလာ ဆိုတဲ့ ရဟန်းတစ်ပါး ရေးထားတဲ့ What Buddha

Taught ဆိုတဲ့ စာအုပ်ရှိတယ်။ အဲဒီစာအုပ်ထဲမှာ နိဗ္ဗာန်ကို စကားလုံးဖြင့် ဖော်ပြခြင်းငှာ မစွမ်းနိုင်ဘူးဆိုတဲ့ အသုံးကို သူရေးထားတယ်။ ဒါကဘာကို follow(တန်ရာ) လိုက်ထားတာလဲဆိုတော့ Hinduism က စကားလုံးကို follow လိုက်ထားတာ။ Hinduism က ဗြဟ္မာဆိုတဲ့ စကားလုံးကို ဖော်ပြခြင်းငှာ မစွမ်းဘူးဆိုတဲ့ အသုံးလေးရှိတယ်။ အဲဒီနောက် ယောင်ပြီးတော့ လိုက်ထားတာ။ အဲဒီတော့ စာအုပ်မှာပါတဲ့ စာလုံးအကုန်လုံးမှတ်ဖို့ မကောင်းဘူးပေါ့။ သတိတရားနဲ့ ဖတ်ရှုဖို့တော့ လိုအပ်တယ်ပေါ့။ မြန်မာပြည်မှာလည်း ရေးထားတဲ့စာအုပ်တွေရှိတယ်။ ဗုဒ္ဓနဲ့ ဗုဒ္ဓဝါဒဆိုတာ။ တကယ်ကတော့ ဗုဒ္ဓကတော့ ဟုတ်ပါတယ်။ ဗုဒ္ဓဝါဒ ဆိုပြီးရေးတော့ ငါ့ဝါဒဖြစ်နေတယ်။ ဗုဒ္ဓနှင့် ငါ့ဝါဒဆိုလျှင်တော့ ကောင်းမှာပေါ့။ တစ်ချို့ ကိုယ်ကြိုက်တာ ကိုယ်တင်ပြသွားတာလေ။ ကိုယ့်အထင်အမြင်

တွေနဲ့။ တရားဟောတဲ့အခါမှာလည်း အတူတူ ပဲ။ ဘုန်းကြီးတွေလည်း သတိထားရမှာပေါ့။ အချို့က ကိုယ့်ဝါဒ ကိုယ့်ထည့်ပြောသွားတာ။ စာထဲပေထဲကဝါဒ မဟုတ်ဘူး။ အဲဒါလည်း သာမန်ပုဂ္ဂိုလ်တွေက မသိဘူးပေါ့။ အပြော ကောင်းတော့ ပြောတဲ့အထဲ ဟုတ်နိုးနိုး ဖြစ်သွားတတ်တယ်။ အဲဒါကြောင့်မို့လို့ အခုလို သင်တန်းမျိုးတွေရှိတာ သိပ်ကောင်းတယ်နော်။ ဆရာမကြီးတွေကိုလည်း ကျေးဇူးတင်စရာ ကောင်းတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တစ်ကယ့် ထေရဝါဒ Tradition အရ အစဉ် အလာကနေလာခဲ့တဲ့စာပေအတိုင်း သင်ကြား လေ့လာတာဟာ အလွန်ကောင်းတယ်။ ဒါတောင် interpretation problem ဆိုတာ ဖြစ်လာနိုင်မယ်လေ။ ဘာသာပြန်တဲ့နေရာမှာ ပြဿနာရှိသေးတယ်။ ဒီမူရင်းကျမ်း သင်တာ တောင်မှ ပြဿနာက ရှိလာသေးတယ်။ ခုနက လို အပေါ်ယံက စာတွေ သူကြိုက်လို့သူရေး၊

ကိုယ်ကြိုက်လို့ ကိုယ်ရေးတဲ့စာတွေ ဖတ်မယ် ဆိုလျှင် ပိုပြီးပြဿနာတက်နိုင်တယ်။ ရှုပ်ထွေး သွားပြီး နောက်ဆုံးမှာ ဆည်ကြီးလိုပေါ့။ ဆည်ကြီးမှာ ဟိုနားကပေါက် ဖာလိုက်၊ ဒီနား ကပေါက် ဖာလိုက်ဆိုတော့ နောက်ဆုံးကျ တော့ မြေကြီးမရှိတော့ဘူး။ အသစ်တွေချည်း ဖြစ်သွားတယ်။ အဲဒါမျိုးလိုပဲ မြတ်စွာဘုရားရဲ့ တရားစစ်၊ တရားမှန်တွေဟာ နောက်ဆုံးကျ တော့ ကွယ်သွားမယ်။ ဟိုလူက တစ်မျိုး၊ ဒီလူကတစ်မျိုး တင်ပြလိုက်နဲ့။ မူရင်းအတိုင်း လေ့လာလိုက်စားဖို့ အင်မတန်မှ အရေးကြီးပါ တယ်။ နိဗ္ဗာန်ဆိုတဲ့ သဘောကို အကျဉ်းချုပ် မှတ်ချင်လို့ရှိရင် ဓမ္မစကြာအတိုင်း မှတ်တာ အကောင်းဆုံးပဲ။ ဓမ္မစကြာက ဘာတုန်းဆိုလို့ ရှိရင် ဒုက္ခ၊ ဒုက္ခနိရောဓ။ ဒုက္ခနိရောဓလို့ ဗုဒ္ဓက နိဗ္ဗာန်ကို နာမည်တပ်ခဲ့တာပဲလေ။ ဒုက္ခဆိုတာ ဘာတွေတုန်းဆိုလျှင် ဗုဒ္ဓက ဟောထားခဲ့တာပဲ။ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊

ဗျာတိပိဒုက္ခာ၊ ဒုက္ခသရုပ်တွေ ထုတ်ပေးထား ခဲ့တာပဲ။ နောက်ဆုံးမှာ သံခိတ္တေန ပဉ္စုပါဒါန က္ခန္ဓာပိဒုက္ခာ၊ ကိုယ်ရထားတဲ့ ခန္ဓာကြီးအထိ ဒုက္ခတဲ့။ အဲဒါတွေငြိမ်းသွားတာ နိဗ္ဗာန်လို့ ဆို တော့ရှင်းနေပြီပဲ။ '**ယောတဿယေဝတဏှာယ အသေသ ဝိရာဂ နိရောဓ**' ဆိုတာ အကြောင်း ကို ဟောထားတာ။ တဏှာငြိမ်းမှ ဒုက္ခငြိမ်း တယ်။ နာမည်ပေးကတည်းက ဒုက္ခနိရောဓ တဲ့။ ရှင်းပြတဲ့အခါ တဏှာနိရောဓနဲ့ ရှင်းပြ တယ်။ ဘာကြောင့်လဲ။ အကြောင်းတရားမို့။ မြတ်စွာဘုရားတွေက အကျိုးတရားပေါ်မှာ အလုပ်မလုပ်ဘူး။ အကြောင်းတရားပေါ်မှာ အလုပ်လုပ်တယ်။ ဒါကြောင့်မို့ အကြောင်းကို ကြည့်ပြီးတော့ ခုနက အနာဂတံသဉာဏ် ဆိုတာ အကြောင်းကိုကြည့်ပြီး အကျိုးကို ဆုံးဖြတ်တာ။ ဒါ အနုမာန ခေါ်တယ်။ ဒီ အကြောင်းဟာ လုံလောက်တဲ့ အကြောင်း ဆိုလျှင် ဒီအကျိုးကို သေချာရမှာဆိုတာ ဘုရား

က သေချာပြောလို့ရတယ်။ သေချာပြောနိုင်တာပေါ့။ အဲဒီတော့ မြတ်စွာဘုရားက နိဗ္ဗာန်လို့ ပြောတဲ့အခါမှာ အကျိုးရဲ့ချုပ်ငြိမ်းမှု၊ ဒုက္ခနိရောဓဆိုတဲ့ နာမည်နဲ့ နိဗ္ဗာန်ကို ဖော်ပြပြီးတဲ့ အခါကျတော့ ထို ဒုက္ခနိရောဓသည် တဏှာနိရောဓဖြစ်မှာဖြစ်သောကြောင့် 'ယောတဿာယေဝတဏှာယ အသေသဝိရာဂ နိရောဓ' အကြွင်းအကျန်မရှိအောင် ချုပ်ငြိမ်းဖို့လိုတယ်ပေါ့။ နောက်ဆုံးတော့ အကြွင်းအကျန် မရှိဘူးဆိုတာ ကိုယ်ရထားတဲ့ တရားလေးပေါ်မှာ တွယ်နေသေးလျှင် 'ဓမ္မရာဂ ဓမ္မနန္ဒီ' ခေါ်တယ်။ မရသေးဘူး အဲဒါဆိုလျှင်။ အချို့ယောဂီပုဂ္ဂိုလ်တွေလို တရားအားထုတ်လို့ကောင်းပြီဆိုလျှင် သူ့သမာဓိလေးကို သဘောကျ၊ သူ့အသိဉာဏ်လေးကို သဘောကျနေတယ်။ ဒါ တွယ်တာတာပဲ။ အဲဒီအတွယ်လေးရှိနေသေးလို့ အထက်တက်လို့ မရဘူး။ နိဗ္ဗာန်ကို မျက်မှောက်ပြုလို့ မရသေးဘူး။

အတွယ်တွေ လုံးဝပျက်သွားမှ။ ဒါကြောင့်မို့ မြတ်စွာဘုရားက ဟောတာ။ အခမ္မကို မပြော နဲ့၊ ဓမ္မကိုတောင် မတွယ်ရဘူးတဲ့။ ခုခေတ်က အများစုက ဘာတုန်းဆိုလျှင် အဓမ္မကို တွယ် နေတာ။ ဓမ္မကိုတွယ်တာ မဟုတ်ဘူး။ အဲတော့ မြတ်စွာဘုရား အဓမ္မကို ပယ်ခိုင်းတယ်။ ဓမ္မ ပေါ်မှာတွယ်ဖို့လည်း ပယ်ခိုင်းတယ်။ ဒါကြောင့် မို့ ဓမ္မကို မြတ်စွာဘုရားက 'နိဿရဏတ္ထ' တဲ့။ ဖောင်ကြီးနဲ့ ဥပမာပေးပြီးတော့ ဟောထား တာ ရှိတယ်လေ။ မဇ္ဈိမနိကာယ်မှာ။ ဖောင် ဆိုတာ ဘာလုပ်ဖို့တုံးဆိုလျှင် မြစ်ပင်လယ်ကြီး ကို ဖြတ်ကူးဖို့ပဲ အသုံးချတာ။ ဓမ္မ ကလည်း ဘာအတွက် အသုံးချတာလဲ။ သံသရာ ပင်လယ်ကြီးကို ဖြတ်ကူးဖို့အတွက်ပဲ အသုံးချ တာ။ ဟိုဘက်ကမ်းရောက်သွားလျှင် မလိုတော့ ဘူး။ ဟိုဘက်ကမ်းရောက်သွားပြီးမှ ဒီဖောင် ကြီးတော့ ငါထမ်းသွားမှပဲဆိုလျှင် မဟုတ်တော့ ဘူး။ စွဲနေသေးလျှင် မဟုတ်တော့ဘူး။ အဲဒါ

ကြောင့်မို့ မြတ်စွာဘုရားက ဓမ္မကိုတောင် ငါက ပယ်ဖို့ဟောတာတဲ့။ အဓမ္မဆိုလျှင်တော့ မပြောနဲ့တော့တဲ့။ ကျင့်သုံးလိုက်နာ။ ကိစ္စပြီးလျှင် ဒီဓမ္မပေါ်မှာ တွယ်ထားစရာ မလိုတော့ဘူး။ ဖောင်နဲ့ ဥပမာပေးထားတယ်။ ဖောင်ဟာ ဖြတ်ကူးပြီးလို့ရှိလျှင် 'ဪ၊ ငါဒီဖောင်ကြီး ကြောင့် ဒီဘက်ကမ်း ရောက်လာရပြီ' လို့ ဒီလောက်ပဲ ပြောပြီးတော့ သွားတော့၊ ကိုယ် သွားချင်တဲ့ဆီ။ ဒီဖောင်ကြီးနားပဲ ကြည့်နေ ပြီးတော့ သိမ်းနေစရာမလိုဘူးလို့ ပြောတာ။ အဲဒါကြောင့်မို့ နိဗ္ဗာန်ဆိုတဲ့တရားဟာ အလွန် သိမ်မွေ့တယ်။ ကိုယ်တိုင် မျက်မှောက်ပြုမှ သိမယ်။ အဲဒါကြောင့်မို့ သာမန်ပုဂ္ဂိုလ် တစ်ယောက်က ကိုယ်တိုင်လည်း နိဗ္ဗာန်ကို မရောက်ဘူးဘဲနဲ့ နိဗ္ဗာန်အကြောင်းကို တပ်ပြီး တော့ ပြောတယ်ဆိုတာ သိပ်ပြီးတော့ မြင့်လွန်း အားကြီးပါတယ်နော်။

(မေး) အဘိဓမ္မာ ဒုတိယဆင့် အောင်မြင်ပြီးတဲ့ သင်တန်းသူတစ်ဦးက နိဗ္ဗာန်ဆိုင်ရာ မေးခွန်းပဲ မေးထားပါတယ် ဘုရား။ အနုပါဒိသေသန နိဗ္ဗာန်သို့ ဝင်စံတော်မူပြီးကြကုန်သော မြတ်စွာဘုရားအဆူဆူ၊ ရဟန္တာပုဂ္ဂိုလ်မြတ်များ၏ ဓာတ်သဘာဝများသည် ယခုထက်တိုင် ကျန်ရှိနေသေးတယ်ဆိုတာကို သိချင်ပါတယ် ဘုရား။

(ဖြေ) ကျန်ရှိနေသေးတယ် ဆိုတာနဲ့ ပတ်သက်ပြီး အနုပါဒိသေသနနဲ့ ဥပါဒိသေသကို ရှင်းကြည့်ရအောင်။ ဥပါဒိ ဆိုတာ ဘာကိုပြောတာတုန်း ဆိုတော့ ကံတို့ ကိလေသာတို့က အကျိုးအဖြစ် ရယူထားတာ။ ကံတွေ၊ ကိလေသာတွေက ထုတ်လုပ်ထားတဲ့ အကျိုးတရားတွေကို ဥပါဒိ လို့ပြောတာ။ ဆိုပါစို့။ ဂေါတမမြတ်စွာဘုရား မဟာဗောဓိပင်အောက်မှ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်ကိုရပြီး ဘုရားဖြစ်တဲ့ အချိန် မြတ်စွာဘုရားရဲ့သန္တာန်မှာ အစမထင်

သံသရာကနေ ကိန်းလာတဲ့ ကိလေသာတွေကို လုံးဝဖယ်ရှားပြီး ဖြစ်သွားတယ်။ သို့သော် ဘာကျန်နေတုန်းဆိုလို့ရှိရင် ထိုကိလေသာတွေကနေ ထုတ်လုပ်ထားတဲ့ ခန္ဓာကျန်နေတယ်။ အဲဒါကို "ဥပါဒိသေသ" လို့ ခေါ်တယ်။ ဥပါဒိဆိုတာ ကံ၊ ကိလေသာ အကြောင်းတရားတွေကနေ ထုတ်လုပ်ထားတဲ့ အကျိုး၊ သေနဆိုတာ Remain ကျန်နေတာကို Remain ဖြစ်နေတယ်လို့ ဆိုလိုတယ်။ အဲဒီ Remain ရှိနေတဲ့အချိန်မှာ ရထားတဲ့နိဗ္ဗာန်ကို ကိလေသနိရောဓ ကိလေသနိဗ္ဗာန်၊ ကိလေသာ ငြိမ်းသွားတာပဲရှိတယ်။ ကိလေသာရဲ့ အကျိုးဆက်ခန္ဓာမငြိမ်းသေးဘူးလို့ ပြောတာ။

ဆိုပါစို့။ ထမင်းချက်ပြီးတဲ့အခါ မီးကိုငြိမ်းလိုက်တယ်။ မီးတော့ မရှိတော့ဘူး။ ဒါပေမဲ့ ထမင်းရှိနေတယ်။ အကျိုးဆက် ရှိနေသေးတယ်။ သို့မဟုတ် အပူငွေ့ ရှိနေသေးတယ်လို့ ပြောလို့ရသလိုပဲပေါ့။ သူ့ရဲ့အကျိုးဆက် ရှိနေ

သေးတယ်လို့ ဒီလိုပြောတာ။ အဲဒီနိဗ္ဗာန်မှာ သဉပါဒိသေသ နိဗ္ဗာန်ဆိုတာ ကိလေသ နိရောဓနိဗ္ဗာန်၊ ကိလေသာတွေ ငြိမ်းသွားတဲ့ နိဗ္ဗာန်။

အဲဒီကနေ မြတ်စွာဘုရား (၄၅)ဝါကာလ ပတ်လုံး တရားဓမ္မတွေ၊ လှည့်လည်ပြီး ဟော တာ။ နောက်ဆုံး သက်တော် (၈၀)ရှိတဲ့အခါ ကုသိနာရုံအင်ကြင်းမြိုင်ထဲမှာ မြောက်ဘက်ကို ဦးခေါင်းထားပြီးတော့ အနောက်ဘက်ကို မျက်နှာမူလိုက်တယ်။ နေဝင်တဲ့ဘက်ကို မျက်နှာမူတယ်။ မြောက်ဘက်ကို ဦးခေါင်းထား လိုက်ကတည်းက မျက်နှာက အနောက်ဘက် ရောက်သွားပြီ။ လက်ယာဘက်နှင့် စောင်းအိပ် တာကို။ လက်ယာဘက်နှင့် လျောင်းသည့် အတွက်ကြောင့် နေဝင်တဲ့ဘက်ကို ကြည့်ပြီး သား ဖြစ်သွားတယ်။ ဘုရားပွင့်တော်မူတုန်းက အရှေ့ဘက်ကို ကြည့်ပြီးပွင့်တာ။ ဘယ်လို အဓိပ္ပာယ် ရှိတုန်းဆိုတော့ အရှေ့ဘက်က

နေထွက်တာ။ ကမ္ဘာကြီးကို အလင်းရောင် ပေးဖို့ နေဟာအရှေ့က ထွက်ပေါ်လာတာ။ အနောက်ဆိုတာက နေဝင်ပြီး အလင်းရောင် ချုပ်ငြိမ်းသွားတဲ့ နေရာပဲ။ အဲတော့ မြတ်စွာ ဘုရားရဲ့ သူ ပရိနိဗ္ဗာန်စံသွားလျှင် တရားမွေ အလင်းကြီး ပျောက်ကွယ်တော့မယ်။ နေမင်း ကြီးဟာ ဝင်တော့မယ်ဆိုတဲ့ အဓိပ္ပာယ်ကို ပြသွားတယ်လို့ တွေးကြည့်ရတာပေ့ါနော်။ မြတ်စွာဘုရားမှာ ကိလေသာတွေ လုံးဝ ချုပ်ငြိမ်းပြီးတော့ Remain ဖြစ်နေတယ်။ ရုပ် နာမ် ခန္ဓာနှစ်ခုဟာ အကြောင်းငြိမ်းသွားသည့် အတွက်ကြောင့် မဆက်တော့ဘူး။ အကြောင်း ဆိုတာ ဥပမာ မီးတောက်လေးကို ကြည့်ပေ့ါ။ ဆီမီးတောက်လေးကို ကြည့်မယ်ဆိုလို့ရှိရင် ဆီကလည်း ရှိနေသေးတယ်။ မီးစာကလည်း ရှိနေသေးတယ်။ ဒီ (၂)ခု ရှိနေသေးလျှင် ဆက်ပြီးလောင်နေမှာပဲ။ နောက်ဆုံးကျတော့ ဆီကလည်း ခမ်းသွားတယ်။ မီးစာကလည်း

ကုန်သွားတယ်။ ကုန်သွားရင် မီးတောက်ကလေး ငြိမ်းသွားမယ်၊ အဲဒီမီးတောက်ကလေး ငြိမ်းသွားတာကို စဉ်းစားကြည့်ပေါ့။ ဘယ်ရောက်သွားတယ်လို့ ပြောလို့ရမလဲ။ ဘယ်ရောက်သွားတယ်လို့ ပြောလို့မရဘူး။ အကြောင်းတွေ ကုန်သွားလို့ မီးတောက်ဆိုတဲ့ အကျိုးတရားလေးဟာ ကုန်ဆုံးသွားတယ်။ ဒီလိုပဲ ပြောလို့ရမှာပေါ့။ အဲဒါလိုပဲ အနုပါဒိသေသ နိဗ္ဗာန်ဆိုတာ အဲဒါမျိုးပြောတာ။ လောင်စာတွေ ဘာတွေ ဘာမှမရှိ တော့ဘူး။ အကြောင်းတရားတွေအားလုံး ရပ်သွားလို့ အကျိုးဆက်ပျက်သွားတာဟာ အနုပါဒိသေသ နိဗ္ဗာန်၊ အဲဒီနိဗ္ဗာန်မှာ ကျန်စရာဆိုလို့ ဘာရှိဦးမလဲ။ ဘာမှမရှိဘူး။ ဘာမှမရှိတာကို ကြံဖန်ပြီးတော့ ဂေါတမမြတ်စွာဘုရားဟာ နိဗ္ဗာန်မှာရှိနေသေးတယ်ဆိုလျှင် စာအုပ်တစ်အုပ်ထဲ ရေးထားတဲ့အတိုင်း ဖြစ်မယ်။ တစ်ညမှာ သူ အိပ်နေတဲ့ အခန်းတံခါး လာခေါက်တယ်။

ထွက်ကြည့်လိုက်တော့ ဂေါတမမြတ်စွာဘုရား ဖြစ်နေတယ်တဲ့။ (ရယ်သံများ) တစ်ချို့ရဲ့ အယူအဆတွေ အဲဒီလိုရှိတယ်။

မြတ်စွာဘုရားကိုယ်တိုင်က ဒုက္ခတွေ ချုပ်သွားပါပြီလို့ ပြောတာ။ ပြီးတော့ ဘုရားက သုတ္တန်တွေမှာ ဟောထားတဲ့ 'အပ္ပညတ္တိကော' တဲ့ ခေါ်စရာမရှိတော့ဘူးလို့ပြောတာ။ အဲဒါကို တစ်ချို့က ယောင်မှားပြီး အဲဒါဟာ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်ဘူးလားတဲ့။ ဥစ္ဆေဒ တို့၊ သဿတ တို့ ဆိုတာ အတ္တကိုကိုင်စွဲပြီး ပြောတဲ့စကားတွေ။ အတ္တဆိုတဲ့ ထာဝရရှိနေတယ်ဆိုတဲ့ အရှိ တရားကို ယူပြီးတော့ ပြောတဲ့အခါ ဥစ္ဆေဒနှင့် သဿတက ပြောလို့ရတယ်။ ဥစ္ဆေဒ၊ သဿတဆိုတာ အတ္တဒိဋ္ဌိကနေ ပေါက်ဖွား လာတဲ့ အယူအဆတွေသာ ဖြစ်တယ်ပေါ့။ ဒါနဲ့ မဆိုင်ဘူး။

အင်္ဂုတ္တိုရ်ထဲက သုတ္တန်တစ်ခုမှာ ဥစ္ဆေဒ ဒိဋ္ဌိသမားဟာ နိဗ္ဗာန်နဲ့ အလွန်နီးစပ်တယ်လို့

ပြောထားတာရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူလည်း ချုပ်ငြိမ်းတယ်ဆိုတာကို ယူဆတာကိုး။ အဲဒါကြောင့် နိဗ္ဗာန်နဲ့ နီးစပ်တယ်လို့ ပြောတာ။ သို့သော် သူက အကြောင်းမရှိဘဲနဲ့ သက်သက် သူ့အထင်နဲ့တင် ချုပ်နေတာ ဖြစ်သည့်အတွက်ကြောင့် အမှန်မဟုတ်ဘူး။ အကြောင်းချုပ်မှချုပ်တဲ့ အချုပ်ကမှ တကယ် အစစ်အမှန်။ ဆိုလိုတာက အကြောင်းပျက်အောင် လုပ်ရမယ်။ အကြောင်းပျက်သွားလျှင် အကျိုးပျက်သွားတယ်လေ။ ဒါမှ မှန်တယ်။ ဘယ်မှ မေးမနေနဲ့လေ။ ဆီမီးခွက်ကလေး၊ ဖယောင်းတိုင်ကလေးထွန်းကြည့်၊ ဖယောင်းဆီလေးလည်း ရှိနေမယ်၊ မီးစာလေးလည်း ရှိနေမယ်ဆိုလျှင် မီးတောက်ကလေး ရှိနေမှာပဲ။ ဖယောင်းဆီလည်း ကုန်သွားပြီ။ မီးစာလည်း ကုန်သွားပြီဆိုလျှင် မီးတောက်ကလေး ငြိမ်းသွားမှာပဲ။ နိဗ္ဗာန်ရဲ့သဘောက အဲဒါလိုပဲ။ သံသရာရဲ့ သဘောက ဖယောင်းဆီတွေ

ထည့်ထည့်ပေးနေတာနဲ့တူတယ်။ လောင်စာတွေ ထပ်ထည့်ပေးနေလျှင် ဆက်လောင်နေတယ်ပေါ့။ အဲ့ဒီ မီးတောက်ကလေး ငြိမ်းသလိုပဲ နိဗ္ဗာန်ဆိုတာ အဲဒီလို ငြိမ်းသွားတာ။

လောကလူတွေက လောဘနဲ့ တွေးတာကိုး။ ချုပ်ငြိမ်းသွားတယ်ဆိုလျှင် ကြောက်စရာကြီးလို့ တွေးထင်တာ။ ဘဝတဏှာက ရှိနေတာ။ ဆက်လက်ဖြစ်နေတာကို လိုချင်တာဆိုတော့ မဖြစ်တော့ဘူးဆိုတဲ့ နိဗ္ဗာန်ဟာကျောချမ်းစရာကြီး ဖြစ်သွားတယ်။ ဒါကြောင့်မို့မြတ်စွာဘုရားက ဒုက္ခလို့ မြင်အောင်ကြည့်ခိုင်းတာလေ။ ဒုက္ခဆိုတဲ့ နာမည်ဆိုးနဲ့ ပေးထားတာ၊ နာမည်ဆိုးကို ကျကျနန နားလည်သွားလို့ရှိရင် မလိုချင်တော့ဘူး။ မလိုချင်ရင် နိဗ္ဗိန္ဒတိဆိုတာ ဖြစ်လာတယ်။ နိဗ္ဗိန္ဒတိဆိုတာဝိပဿနာဉာဏ်ဖြစ်တာကိုပြောတာ။ ဝိမုစ္စတိဆိုတာ တဏှာမှ လွတ်သွားတာကို ပြောတာ။ တဏှာကင်းသွားတာနဲ့ ဝိမုစ္စတိ-လွတ်သွား

တယ်။ အဲဒီလို အလွတ်မျိုးလို့ ဆိုလိုတယ်။ ဘယ်က လွတ်သလဲဆိုတော့ ပထမတဏှာက လွတ်သွားတာ။ တဏှာက ကင်းလွတ်သွားပြီ ဆိုလျှင် ဘာကလွတ်သလဲဆိုတော့ ဒုက္ခက လွတ်တယ်။ အဲဒါကိုပဲ နိဗ္ဗာန်လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီတော့ ဘဝကို လိုချင်နေသမျှကာလပတ်လုံး တဏှာရှိတယ်၊ အတွယ်အတာရှိတယ်။ ပုဂ္ဂိုလ်တွေရဲ့ ရှုထောင့်က ကြည့်မယ်ဆိုလျှင် နိဗ္ဗာန်ဟာ ကြောက်စရာကြီးပဲလို့ မြင်နေဦးမှာပဲ။ ဒုက္ခကို ဒုက္ခလို့ သေချာမြင်လာပြီဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ မရှိတာဟာ အေးချမ်းတယ်လို့ မြင်လိမ့်မယ်။ မရှိတဲ့အေးချမ်းခြင်းကို သန္တိသုခလို့ ခေါ်တယ်။ ရှိနေတဲ့ ဒုက္ခက အများကြီးကို။ မရှိတော့ဘူးဆိုလျှင် အေးချမ်းတာဟာ သန္တိသုခပဲ။ အရှင်သာရိပုတ္တရာ မိန့်ကြားထားတဲ့ စကားလေး တစ်ခုက **'သုခမိဒံ ယဒိဒံနိဗ္ဗာနံ အာဝုသော'** - ငါ့ရှင်တို့ ဟောဒီ နိဗ္ဗာန်ဟာ သိပ်ချမ်းသာတယ်လို့

အဲဒီလိုပြောတာ။ အဲဒီတော့ ဥဒါယီ ဆိုတဲ့ ကိုယ်တော်က ထောက်တယ်။ 'အရှင်ဘုရား၊ နိဗ္ဗာန်ဟာ ခံစားတာမရှိဘူး ဟုတ်ပါလား၊ ဘာဖြစ်လို့ ချမ်းသာတယ်လို့ ပြောရပါသလဲ' ဆိုတော့ အရှင်သာရိပုတ္တရာက ပြန်ဖြေတယ်။ 'အဲဒီလို ခံစားမှုမရှိတာကိုက ချမ်းသာတာ' တဲ့။ ခံစားမှုရှိနေသေးလျှင် မချမ်းသာဘူးတဲ့။ ဟုတ်တယ်။ ခံစားတယ်ဆိုတာ ပြောင်းလဲနေတာပဲ။ ပြောင်းလဲမှုတွေနဲ့ ကြုံနေရမှာပဲ။ အဲဒါကြောင့်မို့ နိဗ္ဗာန်ရပြီးတဲ့နောက်မှာ ဘာရှိသေးတယ်၊ ညာရှိသေးတယ်နဲ့ ဒါတွေ ထပ်တွေးနေစရာ မလိုပါဘူး။

(မေး) 'အလှူဒါနပြုရာတွင် အလုံးစုံသောကောင်းကျိုး အဖြာဖြာရစေနိုင်ရန် စနစ်တကျ ညဏ်ယှဉ်၍ လှူဒါန်းနည်းကို သိလိုပါသည်'။

(ဖြေ) ဝေလာမသုတ္တန်မှာ မြတ်စွာဘုရား ဟောထားတာလေးကို မှတ်ထားဖို့ပါ။ စနစ်တကျ

လျှုဒါန်းတယ်ဆိုတဲ့နေရာမှာ ကိုယ်လုပ်ရမယ့် ဘက်က အရေးကြီးတာ။ အဲတော့ အလှူ ပစ္စည်းက ရွေးချယ်စရာ မလိုဘူးပေါ့။ ဝေလာမ သုတ္တန်အရ မြတ်စွာဘုရားက အလှူပစ္စည်း ဟာ ညံ့ဖြစ်စေ၊ ကောင်းတာဖြစ်စေ၊ နည်းတာ ဖြစ်စေ၊ များတာဖြစ်စေ အဓိကမကျဘူးတဲ့။ အဓိကကျတာ ဘာတုန်းဆိုလျှင် လှူပြီးဆိုလျှင် **'သက္ကစ္စံ ဒါနံ ဒေတိ'** - တလေးတစား လှူဖို့ mindfullness ဖြစ်ဖို့လိုတယ်ပေါ့။ အမှတ် တမဲ့ လှူလိုက်တာမျိုး မဖြစ်ရဘူး။ စိတ်အား တွေအားလုံး စုစည်းပြီးတော့။ ခုခေတ်ကလေး တွေ ပြောတယ်မဟုတ်လား။ ကီးသွင်းပြီးတော့ ဆိုတာ။ (ရယ်သံများ) အဲဒီလို ကီးသွင်းဖို့ လိုတယ်။ ကိုယ်ရဲ့ ဒါနကောင်းမှုလေးကို စိတ်က အားသွန်စိုက်လိုက်တာ။ အဲဒီလို mindfullnessဖြစ်အောင်လုပ်ပြီးတော့ လှူပါ တဲ့။ ဒါက 'သက္ကစ္စံဒါနံဒေတိ'။ နောက်တစ်ခုက 'စိတ္တီကတွာဒါနံဒေတိ' ကိုယ့်စိတ်လေးကို ဖြူစင်

စေပြီးတော့ လှူပါတဲ့။ လှူတဲ့အခါမှာ အမှတ်တမဲ့ မလှူဘဲ သူများလှူလို့ လှူလိုက်တယ်။ 'ရော့ အင့်' အဲလို အလွယ်တကူ ပေးလိုက်တယ်။ ကိုယ့်မှာ ရှိနေလို့၊ ပိုနေလို့ ပေးလိုက်တယ်ဆိုပြီး မျိုးစုံရှိတယ်လေ။ စိတ်က သိပ်ပြီး ထက်မြက်တာမျိုး မရှိဘူး။ အဲဒီလို မလုပ်ပါနဲ့။ စိတ္တီကတွာ-တလေးတစားလုပ်ပြီးတော့ လှူပါတဲ့။ 'သဟတ္ထာ ဒါနံ ဒေတိ' ကိုယ်တိုင် လက်နဲ့ လှူပါတဲ့။ ကိုယ်တိုင်လက်နဲ့ လှူတယ်ဆိုတာ အလေးအနက်ထားတဲ့ သဘောကိုဖော်ပြတာ။ နောက်ပြီးတော့ 'အနုပဝိဒ္ဓံ ဒါနံ ဒေဟိ' စွန့်ပစ်တဲ့ပစ္စည်းကို လှူတာလို မလုပ်ပါနဲ့တဲ့။ တချို့က မလိုလို့ လှူလိုက်တာ။ ဒါကြောင့်မို့ မကောင်းကျောင်းပို့ဆိုတာ ရှိတယ်လေ။ (ရယ်သံများ) ဆရာတော်ကြီးတစ်ပါး တရားဟောထားတာရှိတယ်။ လူတစ်ယောက် အနိစ္စရောက်သွားလို့ရှိရင်တဲ့ သူဝတ်တဲ့ အဝတ်တွေတို့၊ သူအိပ်သွားတဲ့ခုတင်တို့ ဘာတို့ ဘုန်းကြီး

ကျောင်းပို့လိုက်တယ်။ သူဝတ်သွားတဲ့ လက်စွပ်ကို ဘာတို့ကတော့ မပို့ပါဘူးတဲ့။ (ရယ်သံများ)။ အဲဒီလို စွန့်ပစ်တဲ့အနေမျိုးနဲ့ မလှူရဘူးတဲ့။ နောက်တစ်ခုက 'အာဂမန ဒိဋ္ဌိကော' ဒါက အင်မတန် အရေးပါတယ်ပေါ့။ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုဟာ နည်းနည်းလုပ်လုပ်၊ များများလုပ်လုပ်၊ ဒီအကျိုးတရားဟာ ကိုယ့်ဆီရောက်လာမှာဆိုတဲ့ ယုံကြည်ချက်ရှိရမယ်။ အမြင်ရှိရမယ်။ အသိဉာဏ်ရှိရမယ်။ အသိဉာဏ်ရှိရှိ လှူရမယ်လို့ ဆိုလိုတယ်။ ဒါဟာ ဝေလာမသုတ္တန်မှာ ဘုရားပေးထားတဲ့ နည်းစနစ်ဖြစ်မယ်။ မြတ်စွာဘုရားက အနာထပိဏ်သူဌေးကို ဆုံးမပြီး ဩဝါဒ ပေးတဲ့စကား။ ဒီအတိုင်း လှူမယ်ဆိုလျှင်တော့ အလှူဒါနနဲ့ အကျိုးဟာ ပြည့်ပြည့်ဝဝ အကျိုးရပါတယ်။

(မေး) ပြုပြီးသော အကုသိုလ်များကို မည်ကဲ့သို့ ပယ်ရပါမည်နည်း ဘုရား။

(ဖြေ) ပြုပြီးသော အကုသိုလ်များကို ပယ်တယ်ဆိုတာ isolate လုပ်ပစ်တာ။ နောက်ထပ် ထပ်ပြီးတော့ repeatation မလာအောင်လုပ်တာ။ ရှိပြီးသားကတော့ အမာရွတ်ကတော့ အမာရွတ်ပဲ။ ကျန်နေမှာပဲ။ သူ့ဘာသာ ကုသိုလ်ဖြစ်ဖြစ်၊ အကုသိုလ်ဖြစ်ဖြစ် ဖြစ်လာပြီးလျှင်တော့ remain ဖြစ်သွားမှာ။ Process မှာ remain ဖြစ်သွားမှာ။ ကိုယ်လုပ်ပြီးသား တစ်ခုဟာ မလုပ်ဘူးလို့ ပြောလို့မရတော့ဘူးလေ။ သို့သော် သူ့ကို အားနည်းသွားအောင် လုပ်တာ။ အားနည်းသွားအောင် လုပ်ပြီးတော့ အကျိုးပေးနိုင်အောင် ကူညီတဲ့ အကြောင်းတရားတွေရှိတယ်။ ဘာတွေရှိလဲ ဆိုလျှင် ကိလေသာ။ အဲဒီ ကိလေသာတွေကို ဖယ်ရှားပစ်လိုက်လို့ရှိရင် ဒီကံဟာ လုံးဝ အကျိုးပေးလို့ မရတော့ဘူး။ ဖယ်ပစ်လိုက်တာ။ အဲတော့ အကုသိုလ်ကို ပယ်တယ်ဆိုတာက ပထမ အားနည်းအောင်လုပ်တယ်။ အဲဒီလို

လုပ်နည်းကို ဘုရားက သင်္ခါမေသုတ်မှာ ဟောထားတာ ရှိတယ်။ အကုသိုလ်ကို အကုသိုလ်လို့ မြင်တာက ပထမအဆင့်။ မြင်ပြီးလျှင် ဒါမကောင်းဘူးလို့ သိရမှာက ဒုတိယအဆင့်။ တတိယအဆင့်က နောက် မဖြစ်အောင် စောင့်စည်းတာ။ အဲဒီအတွက် အစားထိုးပြီး ကောင်းတာတွေချည်းလုပ်တာ စတုတ္ထ အဆင့်။ အဲဒီ အဆင့်လေးဆင့်နဲ့ ဖယ်ရှားပစ်မယ်ဆိုလျှင် မကောင်းတဲ့ ကံတွေ ကနေ လွတ်သွားတယ်။

နောက်ဆုံးလွတ်ဖို့ အခွင့်အရေးတစ်ခု ကတော့ ကံကို အကူအညီ ပေးနေတဲ့ ကိလေသာတွေ လုံးဝ ကုန်သွားပြီဆိုလျှင် အဲဒီ ကံကနေ လုံးဝလွတ်မြောက်သွားပြီ။ အဲဒီလို လုံးဝလွတ်မြောက်သွားပြီဆိုတာ ဘဝတစ်ခုကို ပေးတဲ့ကံကနေ လွတ်မြောက်သွားတာ။ သို့သော် အတိတ်က လိုက်လာတဲ့ ကံသည် ခန္ဓာကိုယ် ရှိနေသေးသမျှတော့ နှိပ်စက်ဦး

မှာပဲလို့ ဒီလို မှတ်ထားရမယ်။ ဥပမာဖြင့် အရှင်မောဂ္ဂလာန် ကြည့်လေ။ ရဟန္တာ ဖြစ်ပြီး ပြီ။ ကိလေသာတွေ ပယ်ပြီးပြီ။ သို့သော် အတိတ်က လိုက်လာတဲ့ ကံရဲ့အပြစ်ဒဏ်ကို ခံရသေးတယ်။ ဒါက အတိတ်က လုပ်ထား တဲ့ကံ။ အခုပစ္စုပ္ပန်မှာလုပ်တဲ့ ကံတွေ၊ နောက် ထပ် ဒီကံတွေက အကျိုးပေးဖို့ မရှိတော့ဘူး။ နောက်ထပ်ဘဝတစ်ခုကို သူတို့ မထုတ်လုပ် နိုင်တော့ဘူး။ အဲဒါကိုပြောတာ။ ကံကနေ ထုတ်လုပ်ပြီးသား ဘဝကိုတော့ ဒုက္ခပေးနေဦး မှာပဲ။ မြတ်စွာဘုရားတောင် ခေါင်းခဲတာတို့၊ ခါးအောင့်တာတို့ ဒုက္ခပေးသေးတာပဲ။ ခန္ဓာ ကိုယ်ကြီး ရှိနေသေးသမျှတော့ အတိတ်ဘဝက လုပ်ခဲ့တဲ့ကံတွေက ဒုက္ခပေးဦးမှာပဲ။ အဲဒါကို တချို့က ယောင်ပြီးတော့ ကိလေသာတွေ ပယ်ပြီးဖြစ်ပါလျက်သားနဲ့ ကံက အကျိုးပေးရ မလားဆိုပြီး မကျေမနပ်ဖြစ်တာ ရှိသေးတယ်။ မဟုတ်ဘူး။ ကံရဲ့ အကျိုးဆက် ဟောဒီခန္ဓာ

ကိုယ်ကြီး ရှိနေသေးသမျှတော့ သူက ဒုက္ခ ပေးလို့ ရသေးတယ်။ သို့သော် ဒီပုဂ္ဂိုလ်ကို နောက်ထပ်ငရဲကျအောင်တို့ ဘာတို့ လုပ်လို့ မရတော့ဘူး။ ပဋိသန္ဓေဆိုတဲ့ အကျိုးကတော့ ပေးလို့မရတော့ဘူးလို့ ဆိုလိုတယ်။ ပဝတ္တိ အကျိုးကတော့ အနှောင့်အယှက်ပေးတာတွေ အများကြီး ရှိဦးမှာပေ့ါ။ ဒါကြောင့်မို့ ဒုက္ခတွေ အားလုံးငြိမ်းသွားတဲ့ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သွားမှသာလျှင် လုံးဝလွတ်သွားတာ။ သဉပါဒိသေသ နိဗ္ဗာန်မှာဆို လာပေးနေဦး မှာပဲ။

နောက်တစ်ခုက မဂ်ဖိုလ်နိဗ္ဗာန် ရပြီး တော့ အမြဲတမ်းနိဗ္ဗာန်ကြီးကို အာရုံပြုနေတယ် လို့ ဒီလိုမထင်နဲ့။ မြတ်စွာဘုရားရဲ့ စိတ်ဟာ လည်း အရဟတ္တဖိုလ်စိတ်ကြီးနဲ့ အမြဲနေတယ် လို့ မထင်နဲ့။ ဝိပဿနာရှုပြီး အရဟတ္တဖိုလ် ရောက်မှ အရဟတ္တဖိုလ်ဖြစ်တာ။ ဒီ့ပြင်အချိန် မှာဆို သာမန်စိတ်နဲ့ပဲနေတာ။ မြတ်စွာဘုရား

ရဲ့ သန္တာန်မှာဖြစ်တဲ့ စိတ်တွေသည် တချို့က နားယောင်တာ ရှိသေးတယ်။ စာပေထဲမှာ တောင် ဟာသိတုပ္ပါဒ်စိတ်က အဟိတ်စိတ် ဖြစ်တယ်ပေါ့။ မြတ်စွာဘုရား ပြုံးတာ ဟသိတုပ္ပါဒ် ဉာဏ်မရှိတဲ့စိတ်နဲ့တော့ မပြုံး လောက်ဘူးလို့ ဆိုပြီးတော့ သုံးသပ်ကြတာ ရှိတယ်။ သို့သော် သူတို့မေ့သွားတာ ဘာတုံး ဆိုလျှင် ပဋ္ဌဒ္ဒါရာဝဇ္ဇန်းစိတ်လည်း ဉာဏ်မရှိ ဘူးလေ။ ဘုရားသန္တာန်မှာ ဖြစ်တာပဲ။ စက္ခု ဝိဉာဏ်စိတ်၊ သောတဝိဉာဏ်၊ ဃာနဝိဉာဏ်၊ ဇိဝှာဝိဉာဏ်၊ ကာယဝိဉာဏ်တွေလည်း ဘယ် ဉာဏ်ရှိလို့တုံး။ သမ္ပဋိစ္ဆိုင်းတို့၊ သန္တီရဏတို့၊ ဝုဋ္ဌောတို့လည်း ဉာဏ်မရှိဘူးလေ။ အဲဒါတွေ တော့ မေ့သွားတယ်။ ဟာသိတုပ္ပါဒ်လောက် တင်ပြောတာ။ သို့သော် မြတ်စွာဘုရားဟာ ဒီပြုံးတယ်ဆိုတဲ့နေရာမှာ seriously ပြုံးတာ ရှိတယ်။ သာမန်အပေါ်ကိစ္စလေး ပြုံးတာ ရှိတယ်။ သာမန် အပေါ်ကိစ္စဆိုလျှင်

ဟသိတုပ္ပါဒ်နဲ့ ပြုံးတယ်။ ကာမအာရုံနဲ့ ပတ်သက်တဲ့ကိစ္စဆိုလျှင် ဟသိတုပ္ပါဒ် နဲ့ ပြုံးတယ်ပေါ့။ အလေးအနက်ကိစ္စဆိုလျှင် မဟာကြိယာနဉာဏသမ္ပယုတ်နဲ့ ပြုံးတယ်။ တချို့က ဘာကို ထောက်ထားပြီး ပြောတုန်းဆိုလျှင် **'သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ'** မြတ်စွာဘုရားရဲ့ ကြံတွေးသမျှ ပြောဆိုသမျှ ပြုမူသမျှတွေဟာ အားလုံး ဉာဏ်ရှေ့သွားရှိတယ်ဆိုတဲ့ စကားကိုယူပြီး ပြုံးတာလည်း ဉာဏ်ရှေ့သွားရှိတယ်တဲ့။ ဟုတ်တယ်။ ဉာဏ်ရှေ့သွားရှိတယ်။ သို့သော် ပြုံးတဲ့ အခိုက်လေးမှာတော့ ဒီစိတ်ဖြစ်တဲ့အချိန်မှာ ဆိုင်ရာစိတ်ကလေးသည် ဉာဏ်ရှိချင်မှရှိမယ်။ ဉာဏ်မရှိတဲ့စိတ်တွေ မြတ်စွာဘုရားသန္တာန်မှာ initialization အနေနဲ့ ရှိနေတာပဲလေ။ အဲဒီတော့ ဉာဏ်မရှိတဲ့စိတ် ဘုရားသန္တာန်မှာ

မဖြစ်ရဘူးဆိုလို့ရှိရင် ဘုရားက မြင်ဖို့တောင် မရှိတော့ဘူးနော်။ ဝိထိစိတ်အစဉ်မှာ အဲဒီလို ဖြစ်တယ်။

(မေး) ရိပ်သာဝင်ရောက်ပြီးသူ တော်တော်များများက သောတာပန်၊ သကဒါဂါမ် ဟု အလွန်ကို ပြောဆိုကြပါသည် ဘုရား။ အရိယပုဂ္ဂိုလ်ဟု မည်သို့သိနိုင်ပါသနည်း ဘုရား။

(ဖြေ) အဲဒါနဲ့ပတ်သက်ပြီးတော့ တရားမေ့ အဆင့် အတန်းဆိုတာ ကိုယ့်ဟာကိုယ် မလိမ်မညာလို့ ရှိရင် သိပါတယ်။ အရေးကြီးတာက သူများကို လိမ်တာထက် ကိုယ့်ဟာကိုယ် လိမ်တာက လူတွေမှာ ပိုများတယ်။ အထင်ရောက်တာ ပေါ့။ ကိုယ့်ကိုယ်ကိုထင်တာ။ ကိုယ့်မှာမရှိဘဲနဲ့ ရှိတယ်ထင်တာ။ မဟုတ်ဘဲနဲ့ ဟုတ်တယ် ထင်နေတာ။ အဲတော့ သူများပုဂ္ဂိုလ် တစ်ယောက်ကို အရိယာဖြစ်ပြီလား၊ မဖြစ်

ဘုရားဆိုတာသိဖို့ အလွန်ခက်ပါတယ်။ အဋ္ဌကထာထဲမှာ မှတ်တမ်းတစ်ခုရှိတယ်။ တောထွက်ဦးပဉ္ဇင်းကြီးတစ်ပါးနဲ့ ရှေ့က သူ့ရဲ့ ဆရာဘုန်းကြီး (ရဟန္တာကြီး) တစ်ပါးတို့ ဆွမ်းခံသွားရင်း မေးတယ်။ 'အရှင်ဘုရား ရဟန္တာပုဂ္ဂိုလ်ဆိုတာ ဘယ်လိုဟာတုံး' 'ငါ့ရှင်၊ ရဟန္တာပုဂ္ဂိုလ်ဆိုတာ သူ့နောက်က သပိတ်ထမ်းပြီးတော့ လိုက်နေပေမယ့် ဒီပုဂ္ဂိုလ်ဟာ ရဟန္တာပါလားလို့တောင်မှ သိဖို့ရာခက်တယ်' တဲ့။ အဲဒီလောက်ထိအောင် သိဖို့ခက်ပါတယ်လို့ပြောတာ။ ဟိုကိုယ်တော်ကြီးက ဒါကို သဘောမပေါက်သေးဘူး။ ရဟန္တာနဲ့ အတူတူနေပေမယ့်လို့ ရဟန္တာလို့ သိချင်မှသိတယ်။

အဲတော့ ကိုယ့်ကိုယ်ကို အကဲခတ်လို့တော့ ရပါတယ်။ ငါ့မှာ လောဘတွေ နည်းသွားသလား။ လောဘက ဖြစ်စရာမရှိလျှင်လည်း မဖြစ်ဘူး။ ဆိုပါစို့။ ကိုယ့်ရဲ့ပတ်ဝန်းကျင်က ကောင်းနေလို့ စိတ်မဆိုးတဲ့ပုဂ္ဂိုလ်ကို

သဘောကောင်းတယ်လို့ သတ်မှတ်လို့မရဘူး။ သူက အများကောင်းလို့ သူကောင်းနေတာ လေ။ မကောင်းတဲ့ကြားထဲမှာလည်း ကောင်း အောင် နေတတ်မှ။ သူများတော်လို့ ကိုယ် ကောင်းနေတဲ့ သူတော်ကောင်းက များတယ် နော်။ ဆိုးလာပြီးဆိုလျှင် သည်းမခံနိုင်တော့ ဘူး။ အစွယ်တွေ ထွက်လာတာ။ ဘယ်လို လောကဓံနဲ့ကြုံကြုံ စိတ်ကတုန်လှုပ်မှု မရှိ တော့ဘူးဆိုလျှင် ကိုယ့်ကိုယ်ကို အရည်အချင်း သတ်မှတ်ကြည့်လို့ရတယ်။ အဲဒီလိုကြည့်မှ ငါဟာ သောတာပန်အဆင့်လား၊ သကဒါဂါမ် အဆင့်လားလို့ ကိုယ့်ဘာသာတော့ သိနိုင်ပါ တယ်။ သို့သော် မြတ်စွာဘုရားက စံကလေး တွေ ပေးထားတာရှိပါတယ်။ မေ့ကြေးမုံ ဆိုတဲ့ထဲမှာ။ မေ့ဒါသထဲမှာ မြတ်စွာဘုရားက ကိုယ့်ကိုယ်ကို သောတာပန်လို့ ပြောနိုင်ပါတယ် တဲ့။ ဘာတုန်းဆိုလျှင် '**ဗုဒ္ဓေ အဝေစ္စ ပသာဒ**' ဘုရားပေါ်မှာ နှစ်နှစ်ကာကာ ကြည်ညိုတယ်။

ရုပ်ပုံကို ကြည်ညိုတာမျိုးမဟုတ်ဘူး။ ဒီရုပ်တု ကို ကိုးကွယ်လျှင် လာဘ်ရတယ်ဆိုလို့ ကိုးကွယ် တာမျိုး မဟုတ်ဘူး။ နေ့နံကိုက်တဲ့ဘုရား ကိုးကွယ်တာမျိုး မဟုတ်ဘူး။ ဘုရားရဲ့ ဂုဏ်တော်ကိုသိပြီးတော့ ကိုးကွယ်တာ။ **'ဗုဒ္ဓေ အဝေစ္စ ပသာဒ'** အလေးအနက်ထားပြီး ကြည်ညိုမြတ်နိုးတာ။ **'ဓမ္မေ အဝေစ္စ ပသာဒ'** တရားကို သိတယ်။ ကျင့်လည်းကျင့်တယ်။ **'သံဃေ အဝေစ္စ ပသာဒ'** အရိယာသံဃာတွေနဲ့ ပတ်သက်ပြီး အလေးအနက် ကြည်ညိုတယ်။ သဒ္ဓါတရားရှိတယ်။ နောက် ငါးပါးသီလကို အသက်ကဲ့သို့ မြတ်နိုးတယ်။ အသက်ကဲ့သို့ မြတ်နိုးတယ်ဆိုတာ အသက်ထက် မြတ်နိုး တယ်လို့ပြောတာ။ အသက်ကိုတောင် စွန့်ဝံ့ တယ်။ ငါးပါးသီလကို မစွန့်ဘူးလို့ ဆိုလိုတယ်။ အသက်နဲ့ လဲနိုင်တယ်ပေါ့။ အဲဒီလောက် အဆင့်ထိအောင် ဖြစ်သွားပြီဆိုလျှင် ကိုယ့် ကိုယ့်ကို declare လုပ်တော့တဲ့။ ငါ

သောတာပန်လို့ ပြောနိုင်တယ်လို့ ဆိုထားတာ။
အဲဒါနဲ့ စံချိန်ထိုးပါနော်။

(မေး) ညောင်ခေါက်ဆိုးသင်္ကန်းသည် ရဟန္တာတို့၏ တံခွန်၊ အဝတ်ဖြူသည် တိတ္ထိတို့၏တံခွန်ဟု ကြားဖူးပါသည်။ မြတ်စွာဘုရားက ရဟန်းတော်များကို မည်သည့်အရောင် ဝတ်ရမည်ဟု အရောင်သတ်မှတ်ချက် မရှိဘူးဆိုကာ အချို့သော ရဟန်းသည် ပိန္နဲခေါက်၊ ညောင်ခေါက်၊ ဖန်ရည်စွန်း စသည့် သင်္ကန်းတို့ကို မဝတ်ဘဲ အပြာရောင် ဝတ်ဆင်ထားပါသည်။ ထိုရဟန်းသည် တပ္ပရောယကာသရဏဂုံ အရာ၌ ပါထိုက်၊ မပါထိုက်။ ထိုရဟန်းကို ကိုးကွယ်သည့်အတွက် သရဏဂုံရ, မရ၊ ပျက်, မပျက် သိလိုပါသည် ဘုရား။

(ဖြေ) အဲဒါကတော့ ဝိနည်းကြောင်းနဲ့ ပတ်သက်တာ တွေပေါ့။ မြတ်စွာဘုရားက ဝိနည်းစည်းကမ်းနဲ့ ပတ်သက်ပြီးတော့ သင်္ကန်းအရောင်တွေ

သတ်မှတ်ထားတာ ရှိပါတယ်။ ဒါလည်းပဲ အဖွဲ့အစည်းတစ်ခု society တစ်ခုအတွက် ညီညွတ်အောင် သတ်မှတ်ထားတာ။ များသော အားဖြင့် ဘုရားလက်ထက်က အဖြူရောင်တွေ ဝတ်တာကတော့ တိတ္ထိတွေ။ ရှေးတုန်းက ရဟန်းတွေလည်း အဖြူရောင် ဝတ်ဖူးတယ်။ ဝတ်တဲ့အခါ မြတ်စွာဘုရားက အဲဒီတိတ္ထိတွေနဲ့ အသွင်တူတယ် မဝတ်ကြနဲ့။ ဒီလိုပါ။ ဥပဒေ ဆိုတာ ကိုယ့်အဖွဲ့အစည်းထဲမှာ ဥပဒေဆိုတာ ရှိတာပဲ။ အခု ဓမ္မဗျူဟာမာမက အဖွဲ့မှာလည်း ဒီထဲမှာ နည်းလမ်းတွေ၊ ဥပဒေတွေတော့ ရှိတာပေါ့။ အဲဒီ ဥပဒေဆိုတာ ညီအောင် လုပ်ပေးထားတဲ့ သဘောပဲ။ ဥပဒေဟာ အမှန် တရား မဟုတ်ဘူး။ ဝိနည်းမှာလည်း အဲဒီလို ဟာလေးတွေရှိတယ်။ အရေးကြီးဆုံးကတော့ ဓမ္မအသိက အရေးကြီးဆုံးပေါ့။ သို့သော် society ထဲမှာ ကြောင်တောင်တောင်လုပ်လျှင် တော့ ဒါရှုးနှမ်းခြင်းတစ်မျိုးပဲပေါ့။ အများနဲ့

မတူတာလုပ်လျှင် ရှုံးတာပဲ။ အဲဒီလို ရှုံးတာကို ကိုးကွယ်လျှင်တော့ ကိုယ်လည်းပဲ ရှုံးနှမ်းခြင်းဘက် ရောက်သွားမှာပဲ။ (ရယ်သံများ)

(မေး) ပါရာဇိကကျသောရဟန်း ခံရမည်အကုသိုလ်ကို ကုစားသည့် လွတ်မြောက်ရန်နည်းလမ်းနှင့် အပြစ်ကျူးလွန်သော လူမိန်းမ ခံရမည့် အကုသိုလ်ကို ကုစားသည့် လွတ်မြောက်ရန် နည်းလမ်းကို သိလိုပါသည်။

(ဖြေ) ပါရာဇိကကျတဲ့ရဟန်းရဲ့ ကုစားနည်းကတော့ လူဝတ်လဲတာတို့ ရှင်သာမဏေအဖြစ် လဲတာတို့၊ ဒါက **'စာဂေါ်ယော ဘိက္ခုဘာဝဿ သာပါရာဇိက ဒေသနာ'** ဆိုတာ ရဟန်းဘဝကို စွန့်လွှတ်ခြင်းပဲ။ သူဟာ ရဟန်းဘဝမှာ remain မလုပ်ရဘူး။ declare လုပ်ပြီးတော့ စွန့်လွှတ်လိုက်ရမယ်။ လူဝတ်လဲရမယ်။ သို့မဟုတ် ကိုရင်ဝတ်နဲ့ နေရမယ်။ အဲဒီလို

ဆိုလို့ရှိရင် ပါရာဇိက အာပတ်အပြစ်က လွတ်တယ်။ ဒါက ကုစားနည်းပေါ့နော်။ အကယ်၍ မကုစားဘဲနဲ့ ဆက်ပြီးတော့နေမယ် ဆိုလျှင် အာပတ်တန်းလန်းနဲ့ သေလို့ရှိရင် သွားရမယ့်လမ်းကြောင်း တစ်ခုပဲရှိတယ်တဲ့။ ငရဲနဲ့တိရစ္ဆာန် ဒီနှစ်ခုပဲ ရှိတယ်လို့ မြတ်စွာဘုရားက ဟောထားတာရှိပါတယ်။ အဲတော့ အမျိုးသမီးကတော့ သူ့မှာ ဖျက်လိုဖျက်ဆီး စိတ်ဓာတ် သူ့မှာမရှိဘူး ဆိုလို့ရှိလျှင်ကတော့ သူ့ရဲ့စိတ်ဓာတ်ကိုကြည့်ပြီးတော့ ပြောရမယ်။ သူက တမင်သက်သက် ရဟန်းတစ်ပါးကို ဖျက်ဆီးဖို့ဆိုတဲ့ စိတ်မျိုးရှိတယ်ဆိုလျှင်တော့ အဲဒီအကုသိုလ် ရှိတယ်ပေါ့။ အဲဒီလို မဟုတ်ဘူး ဆိုလျှင်တော့ သူ့မှာ ဒီလိုအပြစ်ကြီးတစ်ခု မရှိဘူးပေါ့။ ဒီအမျိုးသမီးဟာ အိမ်ထောင်ရှိတဲ့ အမျိုးသမီးဆိုလျှင်တော့ သူ့ရဲ့ အိမ်ထောင်ဖက်မှတစ်ပါး တခြားပုဂ္ဂိုလ်နဲ့ ပြစ်မှားလျှင်တော့ ကာမေသုမိစ္ဆာစာရကံ ထိုက်တာပေါ့။

အဲဒီလို အကုသိုလ်တွေတော့ရှိတယ်။ ဒါတွေက ကုစားလို့မရတာတွေ မဟုတ်ဘူး။ ကုစားလို့ရတယ်။ မြတ်စွာဘုရားရဲ့ တရားတော်တွေက အမှားပြင်လို့ရတယ်။ သို့သော် ဒူးထောက်ပြီး ခွင့်လွှတ်တော်မူပါ ဆိုရုံလောက်နဲ့တော့ မရဘူး။ ခုနက ပြောခဲ့တဲ့နည်းလမ်းပဲ။ မဟုတ်တာကို မဟုတ်ဘူးလို့သိရမယ်။ သိထားပြီးလျှင် ဒါကို အပြစ်မြင်ရမယ်။ အပြစ်မြင်ပြီးလျှင် နောက်ထပ် မဖြစ်အောင် ထိန်းသိမ်းရမယ်။ ကောင်းတာတွေ ဆက်လုပ်ရမယ်။ ဒီလိုနည်းနဲ့ ကံတရားတွေက လွတ်မြောက်သွားနိုင်ပါတယ်။ သင်္ခမေသုတ်မှာ မြတ်စွာဘုရားက ဟောတယ်။ ကံတရားတွေကို တွန်းဖယ်ထားတာ။ isolate လုပ်ပစ်တာပေါ့။ condition ရှိမှ အကျိုးပေးလို့ရတာ။ ဆိုပါစို့။ မျိုးစေ့လေး တစ်ခု အပင်မပေါက်စေချင်လျှင် ခြောက်သွေ့တဲ့ ဖန်ပုလင်းထဲမှာ ထည့်ပြီးတော့ သိမ်းထားလိုက်။ သူမှာ အပင်ပေါက်စရာအကြောင်း

မရှိတော့ဘူးလေ။ ထုခွဲပစ်လိုက်တာ၊ မီးဖုတ်ပစ်လိုက်တာ၊ ဖျက်ဆီးပစ်လိုက်တာ။ ဘယ်နည်းနဲ့ဘဲဖြစ်ဖြစ် သူက မြေနဲ့ရေနဲ့ မတွေ့ရလျှင် သူက အပင်ပေါက်ဖို့လမ်းမရှိတော့ဘူး။ အဲဒါမျိုးလိုပဲ ကံတရားတွေက ကိလေသာတွေနဲ့ မတွေ့ရလို့ရှိလျှင် သူကအကျိုးပေးဖို့မရှိဘူး။ အဲဒီလို အကျိုးမပေးအောင် ကိလေသာတွေကို ဖယ်ရှားပစ်ဖို့လိုတယ်။

(မေး) သင်္ဂြိုဟ်ကိုးပိုင်းတွင် ပကိဏ်းပိုင်း၊ ရုပ်ပိုင်းတို့၌ ဟဒယဝတ္ထုကို ထင်ရှားစွာ မြင်သောကြောင့်တွေ့ပါသည်။ သို့ရာတွင် အချို့အထက်အဘိဓမ္မာများတို့တွင် မြတ်စွာဘုရားများသည် ဟဒယဝတ္ထုအကြည်ဟု မဟောကြားဘဲ ဝတ္ထုဟုသာ ဟောကြားပါသည်။ ဤသို့ နှစ်မျိုးဟောကြားသည့်ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို သိလိုပါသည်။

(ဖြေ) ဓမ္မသင်္ဂဏီ ပါဠိတော်မှာ ဟဒယဝတ္ထု ဆိုတဲ့ စကားလုံးနဲ့ မဟောတာတော့ အမှန်ပဲ။ ဘာဖြစ်လို့မဟောတုန်းလို့ဆိုတော့ အဋ္ဌကထာ ဆရာကြီးတွေ ဖြေရှင်းထားတာတော့ သူက အစုံလိုက် အစုံလိုက် လာခဲ့တာ။ အစုံလိုက် အစုံလိုက် လာတဲ့အခါမှာ နှစ်ခုစီ နှစ်ခုစီ pair ပြတာ။ အကယ်၍ ဟဒယဝတ္ထုကို ဟောမယ် ဆိုလျှင် pair ပြစရာ မရှိဘူး။ စုံမရှိဘူး။ စုံပျက်နေလို့ အဲဒါကို ချန်ထားခဲ့တယ်လို့ ပြောတယ်။ ဟဒဝတ္ထုဆိုတဲ့ အသုံးနဲ့ မဟော ဘဲနဲ့ မြတ်စွာဘုရားက ပဋ္ဌာန်းပါဠိတော် မှာတော့ 'ဝတ္ထုံ ခန္ဓာနံ၊ ခန္ဓာဝတ္ထုသ္မာ' ဆိုပြီး ဝတ္ထုဆိုတဲ့ နာမည်နဲ့ဟောတယ်။ ကျန်တဲ့ ဝတ္ထု တွေတော့ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာန ဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု ကျတော့ ဟဒယဆိုတဲ့ စကားလုံး မသုံးဘဲနဲ့ ဝတ္ထုလို့ပဲ ဒီလိုသုံးပြီးတော့ ဟောခဲ့တယ်။ ဒါ အထက်တန်း ကျမ်းစာကြီးတွေမှာ အဲဒါတွေ

မကြည့်နဲ့ဦး။ အာယတန ခြောက်ပါးထဲပဲ ကြည့်လျှင်လည်း ဟာဒဝတ္ထုလို့ ဟောတာ သေချာတယ်။ စက္ခာယတန၊ သောတာ ယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာ ယတန၊ မနာယတန ဖြစ်သွားတယ်။ ဟာဒယာ ယတနလို့ မဟောဘူး။ တကယ်ဟောမယ် ဆိုလျှင် စက္ခာယတနသည် စက္ခုဝတ္ထုလေ။ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟာဒယ ဒီလို ဟောရမှာ။ Bass အနေနဲ့မဟောဘဲနဲ့ အဲဒီမှာ စိတ်ကိုပဲ သွားဟောတယ်။ ဒါတစ်ခုနော်။ အာယတန (၁၂) ပါးထဲမှာလည်း ဟာဒယဝတ္ထု ကိုမဟောတာ သေချာတယ်။ ဓာတ် (၁၈)ပါး ထဲမှာလည်း ဟာဒယဝတ္ထုကို မဟောတာ သေချာတယ်။ အဲဒီ ဟာဒယဝတ္ထုနဲ့ပတ်သက်ပြီး မဟောခြင်းအကြောင်းကတော့ ဓမ္မသင်္ဂဏီမှာ မဟောတာကတော့ ဝတ္ထုဒုက္ကနဲ့ အနေနဲ့ သုံးဖို့ရာအတွက်မှာ အစဉ်ပျက်လို့ မထည့်ဘဲနဲ့ ထားတယ်ပေါ့။ ဒါက ဒေသနာတော် မရှိလို့

မပြောတာ မဟုတ်ဘူးဆိုတဲ့ ဘက်ကနေပြီးတော့ ရှင်းပြတဲ့စကားတစ်ခုပေါ့။

အဲဒီနောက်တစ်ခုက ဟဒယဝတ္ထုရှိလား မရှိလားဆိုတာနဲ့ ပတ်သက်လာလျှင် မြတ်စွာဘုရားက ဟဒယဝတ္ထုကို မဟောခဲ့သည့်အတွက်ကြောင့် location တည်ရာကို မပြခဲ့ဘူးလို့ ဒီလိုပြောလို့ရတယ်နော်။ အဋ္ဌကထာဆရာတွေ လက်ထက်ကျတော့ ဟဒယဝတ္ထုဘယ်မှာရှိသလဲ၊ location ကိုပြတယ်။ ဆိုပါစို့၊ စက္ခုဝတ္ထုက ဘယ်မှာရှိသလဲ၊ မျက်လွှာခုနစ်ထပ်ရဲ့အလယ်မှာ သန်းဦးခေါင်းပမာဏလောက်ရှိတဲ့ မျက်စိ အကြည်ဓာတ်ထဲမှာရှိတယ်လို့ ဒီလိုဟောတယ်။ နောက် သောတ၊ ဃာန၊ ဇိဝှာတွေလည်း သူ့ဆိုင်ရာ location ကိုပြတယ်။ ကာယပသာဒကျတော့ တစ်ကိုယ်လုံး။ ကမ္မဇရုပ်တွေ ပျံ့နှံ့တဲ့နေရာတွေ အားလုံးဟာ ကာယပသာဒ ရှိတယ်လို့ ဟောတယ်။ location ကိုပြတယ်။ ဟဒယဝတ္ထုကျတော့

အဌကထာဆရာတွေက ဘယ်လို location ကို ပြသလဲဆိုတော့ နှလုံးထဲမှာတဲ့ တစ်လက်ဆွဲ၊ တစ်လက်ဆွဲ့ဆိုတာ လက်ဖဝါးလေးကို ဖြန့်ပြီးနည်းနည်းလေးခုံးလိုက်၊ ခုံးလိုက်တော့ အခုံးခွက်လေး ဖြစ်လာတယ်။ အဲဒီအထဲမှာ ရေလေးထည့်ကြည့်။ အဲဒီလောက် ပမာဏရှိတဲ့ သွေးလေး၊ နှလုံးသားထဲမှာရှိတဲ့သွေး။ တချို့ကလည်း ဒါကိုပြောတယ်။ ဟဒယဝတ္ထုဆိုတာ pump ပဲတဲ့။ နှလုံးသားထဲမှာ သွေးမရှိဘူးလို့ တချို့လည်း ပြောချင်တယ်။ အမှန်တော့ နှလုံးသားထဲမှာ အဲဒီလောက်သွေးတော့ ရှိမှာပါ။ အဲဒီတော့ နှလုံးသားက pump အနေနဲ့ ညှစ်ပေးရမယ်။ ညှစ်ပေးပြီးတော့ ခန္ဓာကိုယ်တစ်ကိုယ်လုံး သွေးတွေကို ဖြန့်တဲ့လုပ်ငန်းလုပ်တယ်ဆိုတာ ခုခေတ် Anatomy က အားလုံး သိနေကြတာ။ အဲဒီတော့ အဌကထာဋီကာတွေအလို ဆိုလျှင်တော့ တစ်လက်ဆွဲ့လောက်ရှိတဲ့ သွေးထဲမှာ တည်တယ်။ သွေးကို

ဟာဒယဝတ္ထုလို့ ပြောတာမဟုတ်ဘူး။ သွေးထဲမှာ တည်ရှိတယ်။ ဒါက အဲဒီမှာ mental qualityရှိတယ်လို့ပြောတာ။ mental quality ဆိုတာ အဲဒီကစိတ်တွေ ဖြစ်ပေါ်နိုင်တယ်ပေါ့။ စိတ်တွေဖြစ်နိုင်တဲ့ အနေအထား။ ဆိုပါစို့။ ဂက်စ်မီးခြစ်ဗူးလေးမှာ ဂက်စ်လည်းရှိတယ်။ အပေါ်ကနေ ဘီးလုံးလေးလည်း ရှိတယ်။ အခြေအနေမပျက်ဘူးဆိုလျှင် မီးခြစ်ဖို့ အနေအထားလေး ရှိတယ်ပေါ့။ သို့သော် မီးတော့ ရှိသလားဆိုတော့ မရှိဘူး။ အဲဒီလိုပဲ နှလုံးသွေးလေးဟာ စိတ်ဖြစ်ဖို့အတွက် အနေအထား မရှိဘူး။ နှလုံးသားထဲကသွေးက စိတ်ဖြစ်ဖို့ အနေအထားရှိတယ်ပေါ့။ Possibity ပေါ့။ တခြားနေရာကသွေးက ဒီလိုစိတ်ဖြစ်ဖို့ အနေအထား မရှိဘူး။ နှလုံးသားထဲက သွေးက စိတ်ဖြစ်ဖို့ အနေအထား ရှိတယ်ပေါ့။ အဲဒီလို ဆိုလိုတယ်။ ဒါက location ကိုပြတဲ့ ကျမ်းတွေက ဒီလိုပြတယ်။

နောက် မူလဋီကာ ဆိုတာရှိတယ်။ အဋ္ဌသာလိနီကို ပထမဆုံးဖွင့်ဆိုတဲ့ ဋီကာကျမ်းဖြစ်တယ်။ ဋီကာဆရာကို အရှင်အာနန္ဒာလို့ ခေါ်တယ်။ ဒါက အိန္ဒိယတောင်ပိုင်းသား ဋီကာဆရာ။ ဘုရားလက်ထက်က အရှင်အာနန္ဒာ မဟုတ်ဘူး။ အဲဒီ အရှင်အာနန္ဒာ ဆိုတဲ့ ဋီကာဆရာကတော့ ဘာပြောတုန်းဆိုလျှင် ဟဒယဝတ္ထု ဆိုတဲ့နေရာမှာ ဟဒယကို သူက Heart organ ကို မရည်ညွှန်းဘူး။ နှလုံးသားကို မရည်ညွှန်းဘူး။ ဟဒယ ဆိုတာ စိတ်ကိုပြောတာတဲ့။ Heart to Heart ဆိုတာ Mind to Mind ကိုပြောတာပဲ။ အဲဒါလိုပဲ ဟဒယဆိုတာ စိတ်ကိုပြောတာ။ ဝတ္ထုဆိုတာ မှီရာ။ စိတ်တွေရဲ့မှီရာ ဝတ္ထုလို့ ဆိုလိုတယ်။ Bass of Mind ကိုရည်ညွှန်းပြီးတော့ ဟဒယဝတ္ထုကို သုံးတာ။ အဲဒါကြောင့်မို့ location ကို မပြောဘူး။ ဘုန်းကြီးကလည်း location မပြောတာကို ခပ်ကြိုက်ကြိုက်။ ဘုရားကလည်း

ဒီရည်ရွယ်ချက်နဲ့ ဝတ္ထုလို့ ဟောတာ ဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုလျှင် လူတွေကချစ်တာ မုန်းတာကျတော့ နှလုံးသားမှာ ဖြစ်တယ်။ စဉ်းစားတာကျတော့ ခေါင်းကုတ်တယ်လေ။ အဲဒီတော့ ဦးနှောက်နဲ့ နှလုံးပဲ။ ဟဒယဝတ္ထုက ဦးနှောက်နဲ့နှလုံးလို့ ပြောလို့ရတယ်။ တွေးတဲ့လူက ဗိုက်ကုတ်ပြီး ဘယ်တော့မှ မတွေးဘူး။ (ရယ်သံများ)။ အလေးအနက် စဉ်းစားပြီးဆို ခေါင်းကုတ်ပြီ။ စဉ်းစားတယ်ဆိုလျှင် ခေါင်းထဲက စဉ်းစားတယ်ဆိုတာ သေချာတယ်။ လူတွေလည်း ပြောနေတာပဲ။ စဉ်းစားတယ်။ ခေါင်းရှုပ်တယ်လို့။ အဲဒီကျတော့ နှလုံးရှုပ်တယ်လို့ မပြောဘူး။ မုန်းပြီတို့၊ ကြောက်ပြီတို့၊ လန့်ပြီတို့ကျတော့ နှလုံးမှာ လာခုန်တယ်။ အဲဒီတော့ စိတ်ဟာ အခြေအနေအားလျော်စွာ ဖြစ်နေတယ်။ အဲဒါကြောင့် မြတ်စွာဘုရားက ဟဒယဝတ္ထုလို့ မဟောဘဲနဲ့ ဝတ္ထုလို့ပဲ ဟောလိုက်တာဖြစ်နိုင်တယ်။ ဟဒယ ဆိုတဲ့

စကားလုံးကို သုံးတဲ့အခါမှာလည်း ဟဒယ ဆိုတာ စိတ်လို့ပဲ အဓိပ္ပာယ်ယူပြီးတော့ ဋီကာ ဆရာ ဖွင့်သလိုပဲ အဲဒီအဓိပ္ပာယ်မျိုး ဖြစ်နိုင် တယ်လို့ ဘုန်းကြီးတော့ အဲဒါလေးကို သဘော ကျတယ်ပေါ့။ သို့သော် မြတ်စွာဘုရားက **'စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'** လို့ organ ရယ်၊ object ရယ် နှစ်ခုတွဲထား တယ်။ နှစ်ခုတွဲလိုက်တဲ့အခါကျတော့ စိတ် ဖြစ်ပေါ်ပုံကိုပြတယ်။ သုတ္တန်တွေမှာလည်း ဒီအတိုင်းပဲ။ နောက်ဆုံး ဟဒယဝတ္ထု နေရာကျ တော့ ဟဒယဝတ္ထုကို မပြဘဲနဲ့ **'မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ'** လို့ မန နဲ့ ပြတယ်။ မန ဆိုတာ အဲဒီနေရာမှာ ဘဝင် စိတ်ကို ပြောတယ်။ မနောဒွါရဆိုတာ ဘဝင် စိတ်ပဲ။ အဲတော့ ဘဝင်စိတ်လေးက ဘယ်မှာ ဖြစ်တုန်းဆိုလျှင် ခုနပြောတဲ့ ဦးနှောက်နဲ့ နှလုံးသားပေါ့။ ဒါလည်း သူက ဒီထဲမှာ အမြဲတမ်း remain ဖြစ်နေတာ မဟုတ်ဘူး။

အကြောင်းရှိလို့ သူက ကံရဲ့စွမ်းအားနဲ့သွားနေတာ။ ဘဝင်စိတ်က ကံရဲ့အကျိုးသက်သက်ပဲ။ အဲဒီစိတ်လေးက အားလုံးစိတ်တွေရဲ့ source ပဲ။ ဒါကြောင့်မို့ အိပ်တဲ့အခါမှာ သူကျန်ရစ်တယ်လေ။ လူတွေကပြောတယ်။ ဘဝင်မကျဘူးတဲ့။ ဘဝင်က တစ်ခါတည်း ကျသွားလျှင်လည်း ဒုက္ခရောက်မှာ။ (ရယ်သံများ)။ ဘဝင်မကျမှကောင်းမယ်။ အဲတော့ စိတ်ကအမြဲတမ်းဖြစ်နေရမယ်။ ဘဝင်စိတ်လေးက အမြဲတမ်းဖြစ်နေတယ်။ အဲဒါလေးကို psychology သမားတွေက enquantient, quantient တို့ လျှောက်ပြောကြတာပေါ့။ မျိုးစုံပဲ။ အမှန်ကတော့ ဘဝင်စိတ်လေး ပြတ်သွားလျှင်တော့ သေပြီပဲ။ မရှိတော့ဘူး။ သူက ကံရဲ့စွမ်းအားနဲ့ ကမ္မဇရုပ်နဲ့ တွဲလာတာ။ ဘာဖြစ်လို့တုံးဆိုလျှင် လူ့ဘဝမှာ အစဆုံးစိတ်လေးကို သန္ဓေစိတ်လို့ ခေါ်တာလေ။ ဘဝင်စိတ်ဆိုတာ တခြားစိတ်ကို ပြောတာ မဟုတ်ဘူး။ ပထမဆုံးဖြစ်တဲ့

ပဋိသန္ဓေစိတ်ကိုပဲ ဘဝင်လို့နာမည်ပေးလိုက်တာ။ နာမည်ပြောင်းထားတာ။ စဖြစ်တုန်းက သူ့ကို ပဋိသန္ဓေစိတ်လို့ခေါ်တယ်။ အဲဒီနောက်ကျတော့ သူ့ကို ဘဝင်လို့ နာမည်ပြောင်းခေါ်လိုက်တယ်။ နောက်ဆုံးနေ့ကျတော့ သူ့ကို စုတိလို့ခေါ်ပြန်တယ်။ အဲတော့ သူကသုံးမည်ရ။ ဒီစိတ်ကလေးက တစ်ခုတည်းတင်ပဲ။ တစ်ဘဝမှာ ပြောင်းလို့မရတာ ဒီစိတ်ပဲ။ ဘယ်တော့မှ ပြောင်းလဲလို့မရဘူး။ ဘဝဆိုတာကို ဒီစိတ်နဲ့ ကန့်သတ်လိုက်တာပဲ။ သူက အကန့်အသတ်လေး ပေးလိုက်တာ။ ဒါကြောင့်မို့ ပဋိသန္ဓေစိတ်မှာ ဉာဏ်မပါခဲ့ဘူးဆိုလျှင် တစ်သက်လုံးသွားရော။ သို့သော် သင်လို့မရဘူးလားဆိုတော့ သင်လို့ရတယ်။ နောင်ဘဝမှာ အခြေအနေကောင်း ရနိုင်တယ်ပေါ့။ အဲဒီအဓိပ္ပာယ်ကို ပြောတာ။

ဒီမေးခွန်းက ဆရာဝန်တစ်ယောက်ရဲ့ မေးခွန်းဆိုတာ သူကရှင်းပြဖို့ရာတွေ အများ

ကြီးပဲ။ ဘုန်းကြီးလည်း တချို့ဟာတွေကို လေ့လာတုန်းပဲ။ Embryologyဆိုတဲ့ စာအုပ်ကနေတစ်ဆင့် Embryology နဲ့ ပတ်သက်တဲ့ မေးခွန်းပေါ့နော်။ မေးထားတာကတော့ ကလလရေကြည်သည် မည်သည့်အဆင့်ဖြစ်ပါသနည်းတဲ့။

အဆင့်က PBC နဲ့ develop ဖြစ်လာတဲ့ အကြောင်းအရာကို ပြတာပေါ့။ Embryology ဆိုတာ သန္ဓေတည်လာတဲ့အချိန်ကနေစပြီးတော့ သန္ဓေသားက တဖြည်းဖြည်းချင်း တိုးတက်ဖြစ်ပေါ်လာပုံ။ အဲဒီ သန္ဓေတည်မှုနဲ့ပတ်သက်ပြီးတော့ **မဟာသီဟနဒ သုတ်** ဆိုတာရှိတယ်။ မဇ္ဈိမနိကာယ်ထဲမှာ မြတ်စွာဘုရားက ယောနိလေးပါးကိုဟောထားတယ်။ ယောနိဆိုတာ Way of Birth ဘဝ တစ်ခုကို မွေးဖွားလာဖို့ရန် နည်းလေးမျိုးရှိတယ်ပေါ့။ အဲဒီလေးမျိုးထဲမှာ ဥထဲမှာ သန္ဓေတည်တာရှိတယ်။ မိခင်ရဲ့ သားအိမ်ထဲမှာ

သန္ဓေတည်တာရှိတယ်။ ဥထဲ သန္ဓေတည်သူ ကျတော့ **အဏ္ဍဇ** လို့ခေါ်တယ်။ သားအိမ် ထဲမှာ သန္ဓေတည်သူကျတော့ **ဇလာဗုဇ**။ အဲဒီ နှစ်ခုကို ပေါင်းပြီးတော့ **ဂဗ္ဘသေယျက** လို့ သုံးတယ်။ နှစ်ခုစလုံးဟာ **ဂဗ္ဘသေယျက**။

အားလုံးသိကြတဲ့အတိုင်း လူသားတွေ ကျတော့ **ဇလာဗုဇ** ပေါ့။ မိခင်ရဲ့သားအိမ် ထဲမှာ သန္ဓေတည်တာမို့ ငှက်တွေ ဘာတွေက တော့ **အဏ္ဍဇ** ပေါ့။ ပထမ ဥ၊ ဥကနေပြီးတော့ အပြင်ထုတ်လိုက်တယ်။ ဒါကြောင့် ငှက်ကို **ဒွိဇ**လို့ခေါ်တယ်။ နှစ်ခါမွေးရတယ်။ ဥအနေနဲ့ တစ်ခါမွေးလိုက်တယ်။ ဥကနေ တစ်ခါပေါက် တယ်။ နှစ်ခါပေါက်တာမို့ **ဒွိဇ** လို့ခေါ်တယ်။ ပရိယာယ်ပုဒ်တွေထဲမှာ **ဒွိဇ** ဆိုတာ ငှက်ကို ပြောတာ။ အဲဒီတော့ ဒါကမွေးဖွားပုံ မွေးဖွား နည်း။ နောက်တစ်ခုက **သံသေဒဇ** ဆိုတာ အညှိလေးတွေ အများအားဖြင့်တော့ ပုပ်စပ်တဲ့ အညှိမဟုတ်ပေမယ်လို့ moisture ရှိတဲ့နေရာ

မှာပေါ့။ သန္ဓေတည်လို့ရတဲ့ နေရာမျိုး။ ဥပမာ ကြာပွင့်ထဲမှာ သန္ဓေတည်တာလည်း ရှိတယ်။ အဲဒါမျိုးကျတော့ **သံသေဒဇ** လို့ ခေါ်တယ်။ အဲဒီနည်းတွေကို အသုံးမပြုဘဲနဲ့ သက်ရှိ ထင်ရှားအရွယ်၊ ယောက်ျားဆိုလျှင် (၂၅)နှစ် လောက်၊ အမျိုးသမီးဆိုလျှင် (၁၆) နှစ် အရွယ် လောက် ဘွားခနဲ အရပ်အမောင်းနဲ့၊ ပကတိ အရွယ်အတိုင်း ပေါ်လာတဲ့ မွေးဖွားနည်းက **ဩပပါတိက** နဲ့ မွေးဖွားနည်းပဲ။ နတ်တွေ၊ ငရဲသားတွေ၊ တချို့လူတွေ၊ တချို့ပြိတ္တာတွေ တို့ မွေးတာ အဲဒီနည်းနဲ့ မွေးတယ်လို့ပြောတာ။ ကမ္ဘာဦး လူသားတွေလည်း အဲဒီနည်းနဲ့ မွေး တယ်ပေါ့။ အမေ အဖေ မရှိဘူး။ အဲဒီထဲမှာ အမေ၊ အဖေထဲမှာ သန္ဓေတည်ဖို့ရာအတွက် က sperm နဲ့ ovum ဒီနှစ်ခုပေါင်းစပ်မှုကို အခြေပြုပြီးတော့ပြောတာ။ အဲဒီမှာ သန္ဓေ တည်ဖို့ အကြောင်းသုံးမျိုးဆိုပြီးတော့ **'မာတာစ ဥတုနီ'** = အမလောင်းဥတုလာပြီးစ ဆိုတာ

တစ်ခု၊ 'မာတာပိတရော သန္နိပတိတာ' မိဘတွေရဲ့ ဆက်ဆံမှုတစ်ခု၊ နောက်တစ်ခုက 'ဂန္ဓဗ္ဗော' ဆိုတာက သန္ဓေလောင်းက အဆင်သင့်ရှိနေတာ။ သန္ဓေလောင်းကတော့ အဆင့်သင့် ရှိနေတာပဲ။ ဘာဖြစ်လို့တုန်း ဆိုတော့ စက္ကန့်တိုင်း စက္ကန့်တိုင်းမှာ သတ္တဝါတွေ သေနေတာ။ အဲဒီ သေနေတဲ့ပုဂ္ဂိုလ်ဟာ သန္ဓေယူဖို့ အဆင်သင့်ပဲ။

အဲဒီနေရာမှာလည်းပဲ အယူအဆတိမ်းမှားသွားတာတွေရှိတယ်။ တိဗက်ဆိုလို့ ရှိရင် သေပြီးတဲ့နောက်(၄၉)ရက် သန္ဓေမတည်သေးဘူး။ လျှောက်ပြီးတော့ ရှာဖွေရတုန်း။ ဘယ်သွားရကောင်းမတုန်းနဲ့။ spirit (၄၉) ရက်တဲ့။ ဗမာတွေကတော့ (၇) ရက်၊ တချို့က လည်း (၇) ရက် အိမ်ပေါ်က မဆင်းသေးဘူး ဆိုပြီးတော့။ အဲတော့ ဒါတွေက ထားတော့။ ဒါတွေက အယူအဆတွေပဲ။ မြတ်စွာဘုရားရဲ့ တရားတော်အရကတော့ လူတစ်ယောက်

သေတာနဲ့ တစ်ပြိုင်နက် စုတိပြီးလျှင် ပဋိသန္ဓေ ဆက်လာတာ။ ဘဝတစ်ခုက တောက်လျှောက် တန်းရတာ။ ကြားထဲမှာ အကြားအလပ် ဘဝမရှိဘူး။ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်ဟာ ဆက်တိုက်ဖြစ်တယ်။ ဘဝတစ်ခုရသွားတယ်။

အဲဒီထဲမှာ အခုမေးခွန်းနဲ့ ပတ်သက်တာကတော့ မြတ်စွာဘုရားက လူ့ရဲ့ခန္ဓာကိုယ်မှာ ရုပ်ခန္ဓာလေးနဲ့ နာမ်ခန္ဓာလေးဟာ ဘယ်က စတုံးဆိုလျှင် ကလလရေကြည် **'ပဌမကလလံ ဟောတိ'** ကလလ ရေကြည်ရဲ့ အတိုင်းအတာတစ်ခု ပြတဲ့အခါကျတော့ tiny dot အလွန်သေးငယ်တဲ့ အစက်ကလေး။ အဲဒီသေးငယ်တဲ့ အစက်ကလေးက ဘယ်ထဲမှာ ရှိတာတုံးဆိုတော့ ခုနက sperm နဲ့ ovum။ sperm နဲ့ ovum သည် fertilize မြေထုသဘောမျိုး။ မြေလွှာသဘောပေါ့။ အဲဒီထဲမှာ ဒီမျိုးစေ့လေး။ အဲဒီ ကလလ ဆိုတဲ့

ရေကြည်လေးထဲမှာ ရုပ်ပေါင်းသုံးဆယ်နဲ့ ပဋိသန္ဓေစိတ်။ ပဋိသန္ဓေစိတ်လေးကတစ်ခု၊ ထို ပဋိသန္ဓေစိတ်မှာယှဉ်တဲ့ စေတသိက်၊ နောက်ပြီး ထိုပဋိသန္ဓေစိတ်နဲ့ ယှဉ်ပြီးတော့ ဖြစ်ပေါ်လာတဲ့ ဂဗ္ဘသေယျက။ လူသား တစ်ယောက်အနေနဲ့ ပြောမယ်ဆိုလျှင် ကာယ ဘာဝ ဝတ္ထု၊ ရုပ်ပေါင်းသုံးဆယ်။ ရုပ်ပေါင်း သုံးဆယ်ရယ် နာမ်တရားတွေရယ် အဲဒီနှစ်ခု သည် အညမည၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပြီးတော့ ကံကနေပြီး စုံတွဲထုတ် လုပ်လိုက်တာ။ အဲဒါ သန္ဓေအစပဲ။

အဲဒီတော့ ဒီကလလရေကြည်လေးက တဖြည်းဖြည်း develop ဖြစ်ပြီး ပြောင်းလာ တယ်ဆိုလျှင်တော့ ပဋိသန္ဓေရဲ့အစဟာ ဆေး ပညာအရ ပြောမယ်ဆိုလျှင် အစပထမမှာပဲ သန္ဓေစိတ်ရှိပြီလို့ ဘုန်းကြီးကတော့ ယူဆ တယ်။ ကလလ အဆင့်ဆိုလျှင်ပဲ သန္ဓေစိတ် ပေါ်လာပြီဆိုလျှင် ဒီသန္ဓေကိုတားဖို့ ကြိုးစား

တယ်။ သို့မဟုတ် ဖျက်ဖို့ကြိုးစားတယ်ဆိုလျှင် ဒီအချိန်မှာ မိခင်ဖြစ်တဲ့သူတောင် မသိသေးဘူး။ မြတ်စွာဘုရားက လူသားရဲ့ဘဝကို စတင်သတ်မှတ်တဲ့အချိန်ဟာ '**ယံ မာတု ကုစ္ဆိသ္မိံ ပဌမံ စိတ္တံ ပဌမံ ဝိညာဏံ ပါတုဘူတံ**' မိခင်ရဲ့ဝမ်းထဲမှာ ပထမဆုံး သန္ဓေစိတ်လေး၊ ပထမဆုံး ဝိညာဏ်ဖြစ်ပေါ်တဲ့အချိန်ဟာ **ဒါ မနုဿဝိဂ္ဂဟာ**ပဲတဲ့။ လူသားတို့ရဲ့ ဘဝလေးပဲလို့ သတ်မှတ်တယ်။ ပါရာဇိကံ ပါဠိတော်မှာ။ အဲဒီအချိန်ကတည်းက စပြီးတော့ **ပါဏာတိပါတာ**ကံ ကျူးလွန်လျှင် အပြစ်ရှိတယ်။ ရဟန်းတွေမှာဆို အဲဒီအချိန်ကစပြီး သန္ဓေစိတ်လေး စတည်တဲ့အချိန်ကစပြီး လူသားလို့ သတ်မှတ်ရပြီ။

သို့သော် ပါဏာတိပါတာကံ ဆိုတဲ့နေရာမှာ ကမ္မပထမြောက်ဖို့ရာကျတော့ အင်္ဂါငါးချက်ရှိသေးတယ်။ သက်ရှိသတ္တဝါလည်း ဖြစ်ရ မယ်၊ သက်ရှိသတ္တဝါမှန်းလည်း သိတဲ့အသိရှိရမယ်၊

သတ်လိုတဲ့စိတ်လည်းဖြစ်တယ်၊ သတ်ဖို့လည်း ကြိုးစားတယ်၊ သေလည်းသွားတယ်။ ဒီငါးချက် ညီမှ ကမ္မပထ မြောက်တယ်။ သူ့စိတ်ထဲမှာ သက်ရှိသတ္တဝါလို့ မယူဆဘူး။ တုတ်ချောင်း ကြီးထင်ပြီး တစ်ခုခုလုပ်မယ် ဆိုလျှင်တော့ ဒါ အင်္ဂါမပြည့်စုံဘူးလို့ ပြောရမယ်။ သေမှု ဖြစ်ပေမယ့်လို့ ပါဏာတိပါတာကံက ထိုက် ချင်မှ ထိုက်တယ်။ အဲဒီငါးချက်နဲ့ညီဖို့ အရေး ကြီးတယ်။ ညီသွားတယ်ဆိုမှ ကံမြောက်သွား တယ်။ ကံမြောက်တယ်ဆိုတာ ကံလိုင်းထဲကို ဝင်သွားတာ။ ပါဏာတိပါတာကံ ကျူးလွန်ရာ ရောက်သွားတယ်။ အဲဒီတော့ ဆရာဝန်တွေ အနေနဲ့ မိခင်လောင်းအနေနဲ့ ဒီအချိန်မှာ တစ်ခုခု လုပ်မယ်ဆိုလျှင် သူ့စိတ်ထဲမှာ သက်ရှိ သတ္တဝါလို့ မထင်ဘူးဆိုလျှင်တော့ ဒီအင်္ဂါရပ် မပြည့်စုံဘူးလို့ ပြောတာနော်။ အပြစ်မရှိဘူးလို့ မပြောချင်ဘူး။ အင်္ဂါရပ် မပြည့်စုံဘူး။

ဒီ Abortion နဲ့ ပတ်သက်ပြီးတော့ အမေရိကန်မှာနေတုန်းက ဘုန်းကြီးတို့ကို ခရစ်ယာန်တွေက လာပြီးတော့ စာတွေပို့တာ ရှိတယ်။ တစ်ချို့နိုင်ငံမှာ Abortion ကို လက်မခံဘူး။ တချို့နိုင်ငံက လက်ခံတယ်။ အဲဒီတော့ ဗုဒ္ဓဘာသာအနေနဲ့ရော Abortion ကို လက်ခံသလားတဲ့။ ဗုဒ္ဓဘာသာအနေနဲ့ လည်း ရဟန်းတွေက လူသတ်မှုကို ကျူးလွန် လျှင် ပါရာဇိက ကျတယ်။ လူသတ်မှုဆိုတဲ့ နေရာမှာ အဲဒီဥပဒေက ဘယ်အချိန်ကစပြီး လူလို့သတ်မှတ်သလဲ။ တချို့ကျတော့ မွေးဖွား ပြီး လူဖြစ်မှ လူလို့သတ်မှတ်တာရှိတယ်လေ။ ဝိနည်းစည်းကမ်းအရကျတော့ အဲဒါ မဟုတ် ဘူး။ ပဋိသန္ဓေစိတ် ကလလရေကြည် အဆင့်တည်းကစပြီး လူလို့သတ်မှတ်တယ်။ အဲဒီအချိန်ကနေစပြီး ကျူးလွန်လျှင် ပါရာဇိက ပဲ။ ဒါက ဗုဒ္ဓရဲ့ ဝိနည်းတရားတော်အရက အဲဒီအထိတောင်သွားတယ်။ လူသားရဲ့အစ

သည် သန္ဓေစိတ်စပြီးဖြစ်တဲ့အချိန်တဲ့။ ဒါက တော့ ကလလရေကြည်က အစပဲလို့ ဒီလို ပြောတာပါ။ ဒီမှာ အဆင့်ဆင့် ရုပ်တွေဖြစ်နေ တယ်လို့။ ခုခေတ် ဆေးပညာက ဘယ်လို ဆိုတယ်ဆိုတာ ဘုန်းကြီးလည်း အဲဒီစာအုပ် ဖတ်တုန်းပဲ ရှိသေးတယ်။

(မေး) ယခုခေတ်တွင် အရေးပေါ် သားဆက်ခြား ဆေးသည် Fertilize ovum ကို သားအိမ် တွင်း မဝင်ရောက်နိုင်ရန် ဖျက်ဆီးသော နည်းဖြင့် တစ်နည်းတစ်ဖုံ တားဆီးစေသဖြင့် ထိုးဆေးကို သုံးရန်ပေးမိပါက အကယ်၍ fertilize ဖြစ်ပြီး အဆင့်ဟုတ်မဟုတ် မျက်စိ ဖြင့် မမြင်နိုင်သောအဆင့်တွင် တားဆီးမိလျှင် ပါဏာတိပါတာကံ ထိုက်မထိုက် သိလိုပါ သည်။

(ဖြေ) ခုနက အင်္ဂါရပ်နဲ့ပဲ ညှိရမယ်။ ခုနကလို အင်္ဂါ ငါးချက်ပြည့်စုံမှ ပါဏာတိပါတာကံ ထိုက် တယ်။ သေပြီးဖြစ်တိုင်း အင်္ဂါငါးချက်မညီလျှင် မထိုက်ဘူး။ ဒီ ကလလရေကြည်ဆိုတာ ခုန ကတော့ A ကနေ F အထိ (6-days) မှာ ကလလရေကြည်အဆင့်လို့ပဲ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ develop ဖြစ်လာတာ ကလလရေကြည်က ခုနစ်ရက်လို့ စာထဲမှာ ရှိတယ်။ **ပဌမံ ကလလံ ဟောတိ** ခုနစ်ရက် တိတိ ကြာတယ်။ ခုနှစ်ရက်ပြီးလျှင် '**ကလလာ ဟောတိ** အဗ္ဗုဒံ'။ အဗ္ဗုဒအဆင့်ကို ပြောင်း သွားတာ။ develop ဖြစ်သွားတယ်။ develop ဖြစ်သွားတယ်ဆိုတည်းက အသက်ရှိနေလို့ပဲ ပေါ့။

(မေး) သံကောင်သည် **သံသေဒဇ** သတ္တဝါ ဖြစ်ပါ သလား။

(ဖြေ) သံကောင်ဟာ ဝမ်းထဲက အညှိကို စွဲပြီးတော့ ဖြစ်တယ်ဆိုရင် **သံသေဒဇ** သတ္တဝါပဲ။ သံသေဒဇ ရဲ့ သဘောက sperm နဲ့ ovum ကို အသုံးမပြုဘူး။ သာမန်အညှိတစ်ခုကို စွဲပြီးတော့ဖြစ်တာ။ သံကောင်က ဥချပြီးတော့ မွေးတာ မဟုတ်လျှင်တော့ **သံသေဒဇ** ပဲ။ အကယ်၍ ဥချမယ်ဆိုလျှင်တော့ **အဏ္ဍဇ** ပဲ ဖြစ်မှာပေါ့။ လူသားတွေလည်း **သံသေဒဇ** နဲ့ ဖြစ်တယ်ဆိုတာရှိတယ်။ ပေါက္ခရသာဒိ ပုဏ္ဏား ကြီးတို့ ပဒုမဝတီတို့ဆိုတာ ကြာထဲမှာ သန္ဓေ တည်လာတာ။ သန္ဓေတည်တယ် ဆိုတော့ကာ ငယ်ငယ်လေးကနေ တဖြည်းဖြည်း develop ဖြစ်ရတာ။ အဲဒီတော့ သံကောင်က သံကောင် အဖိုနဲ့အမ ပတ်သက်ပြီးတော့ မွေးလျှင်တော့ သံသေဒဇမဟုတ်ဘူး။ သူ့ဘာသာ အညှိထဲမှာ စွဲပြီးတော့ ဖြစ်တဲ့အကောင် ဆိုလျှင်တော့ **သံသေဒဇ** လို့ ပြောရမှာပေါ့။ **သံသေဒဇ** ဆိုသည်မှာ မှတ်ထားဖို့ရာက spremနဲ့ ovum

ကို အသုံးမချဘဲနဲ့ မွေးလာတာ။ sprem နဲ့ ovum ပေါင်းစပ်မှုကို အခြေပြုပြီးတော့ မွေးလာလျှင်တော့ အဏ္ဍဇ ပေါ့။ အဲတော့ သံချခြင်းသည် ပါဏာတိပါတကံ ထိုက်ပါ သလား ဆိုတော့ သတ္တဝါလို့ ယူဆထားလျှင် သူကလည်း တကယ်သတ္တဝါဖြစ်လျှင် သတ်တယ်ဆိုလျှင်၊ သေလည်း သွားတယ်ဆိုလျှင် ဒါ ပါဏာတိပါတကံ ထိုက်မှာပဲ။ အဓိကတော့ အင်္ဂါငါးချက်ပဲ။

# အရှင်နန္ဒမာလာဘိဝံသ

၏

## ထုတ်ဝေပြီး ဓမ္မစာအုပ်များ


၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်

၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူ့သားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ

## မေတ္တာရှင်မိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော မေတ္တာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် မေတ္တာဒါနပြုလုပ် ဖြန့်ဝေလှူဒါန်း လိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

# ဓမ္မစာပေပြန့်ပွားရေး
# ထေရဝါဒပဓာနဒေသနာပင် အလှူရှင်များ

၁။ အနန္တငါးပါးနှင့် ကျေးဇူးရှင် အပြည်ပြည်ဆိုင်ရာ
ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်
ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D)တို့ကို
ဦးထိပ်ထားလျက် ဘိုးဘွားမိဘဆွေမျိုးများနှင့်
ဦးတင်စိုးတို့ကို ရည်စူး၍ ဒေါ်လှခင်မိသားစု။
(ကိုကျော်သင်းဘေးဆိုင်)မင်္ဂလာဈေး။ ၁၀၀,၀၀,၀၀၀

၂။ ဦးအုန်းကျော်+ဒေါ်ခင်မမ ၅၀,၀၀,၀၀၀
သား မောင်မြတ်မင်းထင်ကျော်၊
မောင်ရဲမင်းသွင်ကျော်
သမီး မကြည်လဲ့ရွှန်းကျော် မိသားစု။

၃။ ဦးမြင့်သန်း+ဒေါ်ခင်မမ ၅,၀၀,၀၀၀
ရုပ်ဝမာပွဲရုံ၊ မုံရွာမြို့။

၄။ ဦးခင်ရွှေ+ဒေါ်မေလှိုင် မိသားစု။ ၃,၀၀,၀၀၀

၅။ Singapore မှ အလှူရှင်များ ၃,၀၀,၀၀၀

၆။ ဦးချစ်မွေး+ဒေါ်မြင့်မြင့်ရီ ၃,၀၀,၀၀၀
သား မောင်ဝေလျှံဦး။
သမီး မမေမြတ်သူခိုင် မိသားစု

| | |
|---|---|
| ၇။ ဦးသောင်းငွေ+ဒေါ်ခင်စောဝင်း မိသားစု | ၃,၀၀,၀၀၀ |
| သား-မင်းသောင်းခန့်၊ ကျော်ညီညီခန့်။ (၇)မိုင်ခွဲ | |
| ၈။ ဦးညီညီ+ဒေါ်မြင့်မြင့်ခင် မိသားစု၊ အလုံ | ၂,၀၀,၀၀၀ |
| ၉။ မိဘများအား ရည်စူး၍ | ၂,၀၀,၀၀၀ |
| ဦးမြင့်အောင်+ဒေါ်သန်းသန်းဝင်း | |
| သား ကိုသူရိန်အောင်၊ သမီး ဆုမွန်ချမ်းအောင် | |
| မိသားစု။ နိုက်ဦး | |
| ၁၀။ ဦးစံသာ+ဒေါ်မေဦးခင်၊ သမီး - စံသာရတနာ | |
| သား - မောင်စံသာသူ၁ မိသားစု။ | ၁,၅၀,၀၀၀ |
| ၁၁။ ရွှေပြည်ဟိန်းဆရာတော်၏မယ်တော်ကြီး ဒေါ်အေးမာ။ | ၁,၀၀,၀၀၀ |
| ၁၂။ ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ | ၁,၀၀,၀၀၀ |
| ၁၃။ ကိုကျော်ဆန်းလွင်+ဒေါ်မြင့်မြင့် | ၁,၀၀,၀၀၀ |
| သမီး မမြပန်းအေး။ မပွားပွင့်ဟန် | |
| ၁၄။ ဦးအောင်+ဒေါ်လှစိန် | ၁,၀၀,၀၀၀ |
| အောင်သပြေ ငါးခြောက်ရောင်းဝယ်ရေး။ မုံရွာမြို့ | |
| ၁၅။ ဦးဝင်းမြင့်+ဒေါ်ခင်မေဝင်း | ၁,၀၀,၀၀၀ |
| နေ့-လ ဆေးဆိုင်၊ အလယ်ရပ်၊ မုံရွာမြို့ | |
| ၁၆။ ဖခင်ကြီးဦးသိန်းကြည်အား ရည်စူး၍၊ မိခင်ကြီး | |
| ဒေါ်သန်းကြည်အား အမှူးထားလျက် | |
| ဒေါ်မြသိန်းနှင့် မောင်နှမတစ်စု(ရန်ကုန်) | ၁,၀၀,၀၀၀ |

| | | |
|---|---|---|
| ၁၇။ | ဦးရဲမြင့်+ဒေါ်သန်းသန်းနွယ် မိသားစု<br>ကမာရွတ်မြို့နယ်။ | ၁,၀၀,၀၀၀ |
| ၁၈။ | ရွှေတောင်ဦးမှော်-ဆရာတော်(စစ်ကိုင်း) | ၁,၀၀,၀၀၀ |
| ၁၉။ | ဒေါ်ခင်နန်းကြည်၊ တူမ မနုနုယဉ်၊ တူ မောင်အောင်ဖုန်း | ၁,၁၁,၀၀၀ |
| ၂၀။ | ဦးကျော်မြင့်အား ရည်စူး၍<br>ဒေါ်သိန်းသိန်းမြင့် မိသားစု၊ ကျောက်မြောင်း။ | ၁,၀၀,၀၀၀ |
| ၂၁။ | ဦးခင်မောင်လွင်+ဒေါ်ခင်မြူး မိသားစု | ၁,၀၀,၀၀၀ |
| ၂၂။ | မိဘများနှင့် ဦးငွေသိန်းတို့ကို ရည်စူး၍<br>ဒေါ်ရှုယ်လီ၊ သား ကိုရန်နိုင်ဖိုလ်+မနိုင်ရီမွန်<br>မိသားစု၊ နိုက်ဦး | ၁,၀၀,၀၀၀ |
| ၂၃။ | မသန်းသန်းဝင်း၊ မမေသက်ဝေ၊ ရန်ကုန်။ | ၅၀,၀၀၀ |
| ၂၄။ | မိခင် ဒေါ်ခင်နှင်းရီအား ရည်စူး၍<br>ဦးသန်းလွင်နှင့်သမီး မခင်ခင်စုး၊<br>နင်းစာပေရတနာ ဓမ္မစာပေဖြန့်ပွားရေး | ၅၀,၀၀၀ |
| ၂၅။ | ဦးတင်ထွန်း+ဒေါ်ခင်ခင်ဦး၊ သမီး မခင်ဖြူထွန်း၊<br>သား မောင်သိန်းထွန်းအောင် မိသားစု။ | ၅၀,၀၀၀ |
| ၂၆။ | ဒေါက်တာနွဲ့တင်ထွဋ် နှင့် အဖွဲ့ | ၅၀,၀၀၀ |
| ၂၇။ | ခင်ပွန်း ဦးတင်အောင်နှင့် သမီးငယ်<br>မိမိအောင်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်းမိသားစု။ | ၃၀,၀၀၀ |

| | | |
|---|---|---|
| ၂၈။ | ဦးမြင့်သိန်း+ဒေါ်ဆွေဆွေ၊ သမီး ဒေါက်တာသိရိရွှေစင်၊ သား-မောင်ပုန်းပြည့်အောင်မိသားစု | ၃၀,၀၀၀ |
| ၂၉။ | မသူသူဇင်ဦး၊ ဒေါ်သက်ထား၊ မချိုချိုသိ | ၃၀,၀၀၀ |
| ၃၀။ | ဦးလှကြည်+ဒေါ်စောခိုင် မိသားစု | ၃၀,၀၀၀ |
| ၃၁။ | ဒေါ်ရွှေသန်း မိသားစု၊ လမ်းမတော်။ | ၃၀,၀၀၀ |
| ၃၂။ | ဦးမောင်လေး+ဒေါ်မြသန်းအား ရည်စူး၍ သားသမီးမြေးတစ်စုကောင်းမှု။ ၄၄-စမ်းချောင်းလမ်း | ၃၀,၀၀၀ |
| ၃၃။ | ဒေါ်သစ္စဝတီ၊ စစ်ကိုင်း | ၂၀,၀၀၀ |
| ၃၄။ | ဒေါ်သန်းစိန်၊ ဒေါ်အေးအေးသန်း၊ ပြည်တော်သာလမ်း | ၁၁,၀၀၀ |
| ၃၅။ | ဒေါ်ရွှေဟုန်၊ ဒေါ်နေဇင်ဦး၊ ဒေါ်ကေသီဦး၊ ဒေါ်နန်းကြည်ထွေး မိသားစု။ | ၁၀,၅၀၀ |
| ၃၆။ | ဒေါ်ဓမ္မဒိန္နာ B.A.Student | ၁၀,၀၀၀ |
| ၃၇။ | ဦးကံညွန့်+ဒေါ်ဝင်းကြည် မိသားစု(ရန်ကင်း) | ၁၀,၀၀၀ |
| ၃၈။ | မောင်မင်းမင်းသိုက်+မနှင်းခက်မော် မိသားစု | ၁၀,၀၀၀ |
| ၃၉။ | ဦးဝင်းဗေသန်း+ဒေါ်ခင်မြတ်နွယ်၊ သား-မောင်ဝေဖြိုးသန့် မိသားစု | ၁၀,၀၀၀ |
| ၄၀။ | မပိုပို မိသားစု | ၁၀,၀၀၀ |
| ၄၁။ | မကြေးမုံမင်းထွဋ်၊ မောင်ရဲမာန်မင်းထွဋ် မောင်နမ | ၅,၀၀၀ |
| ၄၂။ | ကိုကျော်မြင့်+ဒေါ်ခင်အေးခိုင် မိသားစု။ | ၅,၀၀၀ |